ဗမာနိုင်ငံရှေ့နေများကောင်စီ

# အခြေခံဥပဒေရေးရာစာစောင်

# Journal of CONSTITUTIONAL AFFAIRS

No. 25, August 2006 ISSN 1513-9182

## အခြေခံဥပဒေရေးရာ

- တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေ

## တရားစီရင်ရေး

- အရေးပေါ် စီမံမှုအက်ဥပဒေပုဒ်မ(၅)(င)ဖြင့် အရေးယူတရားစွဲဆိုခြင်းခံရပြီး ထောင်ဒဏ်ခုနှစ်နှစ်ချမှတ်ခံရသော ပဲခူးမြို့နေ ရှေ့နေဦးအေးမြင့်၏ အမှုအပေါ် သုံးသပ်တင်ပြချက်
- နိုင်ငံရေးအကျဉ်းသားဟောင်းဖြစ်သူ ကိုသက်နိုင်ဦးအား နအဖ အာဏာပိုင် (ရဲ၊ မီးသတ်နှင့် ၎င်းတို့၏အပေါင်းအပါများ)က ဥပဒေမဲ့စွာရိုက်နှက်သတ်ဖြတ်ခဲ့မှုအပေါ် ဥပဒေရှုထောင့်မှ သုံးသပ်တင်ပြချက်

## ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

- ဆဲဗင်းဂျူလိုင်ကျောင်းသားသမဂ္ဂများ လှုပ်ရှားမှုသမိုင်းဝင်အဆောက်အအုံကြီးကို ဥပဒေပိုင်းဆိုင်ရာ ရှုထောင့်မှ ချဉ်းကပ်လေ့လာဝေဖန်သုံးသပ်ခြင်း
- လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုအပေါ် နအဖ ထိုးနှက်တိုက်ခိုက်နေပုံ

အမှတ် (၂၅) - ၂၀၀၆ ခုနှစ် ဩဂုတ်လ

# အခြေခံဥပဒေရေးရာစာစောင်

# Journal of Constitutional Affairs

အမှတ်စဉ် (၂၅) ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ

မြန်မာနိုင်ငံရှေ့နေများကောင်စီ

**မြန်မာနိုင်ငံရှေ့နေများကောင်စီ**
P.O. Box 14 Ngam Wong Won P.O , Nonthaburi 11001, Thailand
E-mail <blcsan@ksc.th.com>, Website <www.blc-burma.org>

**အခြေခံဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၂၅) ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ**

## မာတိကာ

### အခြေခံဥပဒေရေးရာ

■ တရုတ်ပြည်သူ့သမတနိုင်ငံ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေ ...............၁

### တရားစီရင်ရေး

■ အရေးပေါ် စီမံမှုအက်ဥပဒေပုဒ်မ(၅)(င)ဖြင့် အရေးယူတရားစွဲဆိုခြင်းခံရပြီး ထောင်ဒဏ်ခုနှစ်နှစ် ချမှတ်ခံရသော ပဲခူးမြို့နေ ရှေ့နေဦးအေးမြင့်၏ အမှုအပေါ် သုံးသပ်တင်ပြချက် ........................................................ ၂၃

■ နိုင်ငံရေးအကျဉ်းသားဟောင်းဖြစ်သူကိုသက်နိုင်ဦးအား နအဖ အာဏာပိုင် (ရဲ၊ မီးသတ်နှင့် ၎င်းတို့၏အပေါင်းအပါများ)က ဥပဒေမဲ့စွာရိုက်နှက် သတ်ဖြတ်ခဲ့မှုအပေါ် ဥပဒေရှုထောင့်မှ သုံးသပ်တင်ပြချက် ......................၃၂

### ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

■ ဆဲဗင်းဂျူလိုင် ကျောင်းသားသမဂ္ဂများလှုပ်ရှားမှုသပိတ်ကြီးကို ဥပဒေပိုင်းဆိုင်ရာရှုထောင့်မှ ချဉ်းကပ်လေ့လာဝေဖန်သုံးသပ်ခြင်း ............ ၄၃

■ လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုအပေါ် နအဖ ထိုးနှက်တိုက်ခိုက်နေပုံ ........................................................ ၅၅

ထုတ်ဝေဖြန့်ချိ – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**
မူပိုင် – **မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် စာမူရှင်များ**
မျက်နှာဖုံးဒီဇိုင်း – **ဘမောင်ဇင်**
ကွန်ပြူတာစာစီ – **ဝင်းဝင်း**

**ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။**

အခြေခံဥပဒေရေးရာ

# တရုတ်ပြည်သူ့သမတနိုင်ငံ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေ

ဦးမျိုး (ဥပဒေ)
မြန်မာဘာသာ ပြန်ဆိုသည်။
(၁၁-၂-၂၀၀၆)

[ ၁၉၈၄ ခုနှစ်၊ မေလ (၃၁) ရက်နေ့ ဆဋ္ဌမ အကြိမ်မြောက် ပြည်သူ့ကွန်ဂရက်၊ ဒုတိယ အကြိမ် အစည်းအဝေးက အတည်ပြုပြဋ္ဌာန်းခဲ့သည်။ တရုတ်ပြည်သူ့သမတနိုင်ငံ သမတ၏ အမိန့် အမှတ် (၁၃) အရ ထုတ်ပြန်ကြေညာ၍ ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့ မှစတင် ကျင့်သုံးသည်။]

## နိဒါန်း

တရုတ်ပြည်သူ့သမတနိုင်ငံသည် လူမျိုးပေါင်းစုံ ပြည်သူအားလုံး ပူးပေါင်းတည်ထောင် ထားသည့် တပြည်ထောင်စနစ် လူမျိုးပေါင်းစုံ နိုင်ငံဖြစ်သည်။ ဒေသဆိုင်ရာ အမျိုးသားကိုယ် ပိုင်အုပ်ချုပ်ရေးသည် တရုတ်ပြည်ကွန်မြူနစ်ပါတီက မာ့က်စ် လီနင်ဝါဒ မူအရ နိုင်ငံတော်၏ အမျိုးသားရေးပြဿနာကို ဖြေရှင်းပေးရန်အတွက် ချမှတ်သော အခြေခံပေါ်လစီဖြစ်သည်။ နိုင်ငံ၏ အရေးကြီးသော နိုင်ငံရေးစနစ် တရပ်လည်းဖြစ်သည်။

ဒေသဆိုင်ရာ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဆိုသည်မှာ တစည်းတလုံးတည်းရှိ သော နိုင်ငံတော်၏ ခေါင်းဆောင်မှုအောက်တွင် လူနည်းစု အမျိုးသားများအနေဖြင့် ၎င်းတို့ စုစည်းနေထိုင်ရာ ဒေသများ၌ ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးကို လက်တွေ့ကျင့်သုံးခြင်း နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး အခွင့်အာဏာကို ကျင့်သုံးရန် အတွက် ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရ အဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းကို ဆိုလိုသည်။ ၎င်းတို့၏ အတွင်းရေးကိစ္စရပ်များ ကို စီမံအုပ်ချုပ်ရာ၌လည်းကောင်း၊ အမျိုးသားအသီးသီး တန်းတူညီမျှမှု၊ စည်းလုံးညီညွတ် မှုနှင့် အတူတကွ တိုးတက်ကြီးပွားစေရေးမူအရ လိုက်နာကျင့်သုံးရာ၌လည်းကောင်း၊ လူ

နည်းစု အမျိုးသားများ၏ အခွင့်အရေးကို နိုင်ငံတော်၏ အပြည့်အဝ အလေးထားမှုနှင့် အာမခံမှုကို ဒေသဆိုင်ရာ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးက ဖော်ဆောင်သည်။

အမျိုးသားအသီးသီး ပြည်သူများသည် တိုင်းပြည်၏ အရှင်သခင်များအဖြစ် ရှေ့ဆောင်မှုအခန်းက အပြည့်အဝ ပါဝင်နိုင်စေရန်လည်းကောင်း၊ တန်းတူရေး၊ သွေးစည်းရေး၊ အပြန်အလှန်ကူညီရေး ဟူသော ဆိုရှယ်လစ်ဆက်ဆံရေးကို ဖွံ့ဖြိုးလာစေရန်လည်းကောင်း၊ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများနှင့် နိုင်ငံတဝန်း ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တစည်းတလုံးတည်းရှိသော တိုင်းပြည်တည်တံ့ခိုင်မြဲစေရန်တို့အတွက် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေသည် ကြီးမားသည့် အခန်းကဏ္ဍက ပါဝင်ပေသည်။ အနာဂတ်တွင်လည်း အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်သည် နိုင်ငံတော်၏ ဆိုရှယ်လစ်စနစ် ခေတ်မီရေး တည်ဆောက်မှုဖြစ်စဉ်အတွင်း ပိုမိုကြီးမားသည့် အခန်းကဏ္ဍက ပါဝင်စွမ်းဆောင်ပေလိမ့်မည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးကို စွဲမြဲစွာ ကျင့်သုံးနိုင်ရန်မှာ တည်ရှိနေသော ဒေသအခြေအနေများအရ နိုင်ငံတော်၏ တရားဥပဒေများနှင့် ပေါ်လစီများအား အကောင်အထည်ဖော်ရာတွင် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများကို ထိရောက်သော အာမခံချက်များပေးရန်လည်းကောင်း၊ လူနည်းစု အမျိုးသားများ၏ အဆင့်အသီးသီး ကေဒါများ၊ လုပ်ငန်းအသီးသီးမှ ကျွမ်းကျင်သော လူတော်လူကောင်းများနှင့် အတတ်ပညာ ကျွမ်းကျင်သော အလုပ်သမားအမြောက်အများ လေ့ကျင့်မွေးမြူပေးရန်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတခုလုံးကို အလုပ်အကျွေးပြုနိုင်ရေးအတွက် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများသည် ကိုယ့်ဒူးကိုယ်ချွန် အဆင်းရဲ အပင်ပန်းခံ တိုက်ပွဲဝင်စိတ်ဓာတ်ဖြင့် မိမိဒေသ၏ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ကြိုးပမ်းအားထုတ်ရန်လည်းကောင်း၊ အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများအရ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများတွင် စီးပွားရေးနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး အရှိန်မြင့်လာစေရန် နိုင်ငံတော်က ကူညီကြိုးပမ်းပေးရန်လည်းကောင်း လိုအပ်ကြောင်း လက်တွေ့က သက်သေပြလျက်ရှိသည်။ အမျိုးသားသွေးစည်းရေးကို ထိန်းသိမ်းထားရှိရန် ကြိုးပမ်းရာတွင် လူမျိုးကြီးဝါဒ အဓိကအားဖြင့် ဟန်လူမျိုးကြီးဝါဒကို ဆန့်ကျင်တိုက်ခိုက်သွားရမည်။ တချိန်တည်းတွင် ဒေသန္တရ လူမျိုးရေးဝါဒကိုလည်း ဆန့်ကျင်တိုက်ခိုက် သွားရမည်။

တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုနှင့် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် တို့၏ လမ်းညွှန်မှုအောက်တွင် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများရှိ အမျိုးသားအသီးသီး ပြည်သူများသည် တိုင်းပြည်တဝန်းလုံးက ပြည်သူများနှင့်အတူ ပြည်သူ့ဒီမိုကရေစီအာဏာရှင်စနစ်ကို စွဲစွဲမြဲမြဲ ကျင့်သုံးရမည်။ ဆိုရှယ်လစ်လမ်းကြောင်းကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်၍ အင်အားစုများကို စုစည်းပြီး ဆိုရှယ်လစ်ခေတ်မီရေးကို အလေးပေးကြိုးပမ်းရမည်။ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများ၏ စီးပွားရေး၊ ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်တိုးမြှင့်ရမည်။ အမျိုးသားအသီးသီး အတူတကွ ဖွံ့ဖြိုးတိုးတက်ရေး၊ သွေးစည်းညီညွတ်ရေးနှင့် စည်ပင်ဝပြောရေးအတွက် လုပ်ဆောင်ရမည်။ တရုတ်ပြည်ကို ယဉ်ကျေးမှုနှင့် ဒီမိုကရေစီ မြင့်မြင့်မားမားရှိသည့် ဆိုရှယ်လစ်စနစ် နိုင်ငံတော်ဖြစ်လာရေးအတွက် ကြိုးပမ်းရမည်။

တရုတ်ပြည်သူ့သမတနိုင်ငံတော်၏ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေထဲတွင် ပြဋ္ဌာန်းထားသည့် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ကို လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်မည့် အခြေခံဥပဒေဖြစ်သည်။

## အခန်း (၁)
## အထွေထွေအခြေခံမူများ

### ပုဒ်မ(၁)

တရုတ်ပြည်သူ့သမတနိုင်ငံတော်၏ ဒေသဆိုင်ရာ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေ သည် တရုတ်ပြည်သူ့သမတနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေဖြစ်သည်။

### ပုဒ်မ(၂)

လူနည်းစု အမျိုးသားအသီးသီး စုစည်းနေထိုင်လျက်ရှိသည့် နယ်မြေများတွင် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ကျင့်သုံးရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများကို ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းများနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးခရိုင်များ အဖြစ်ခွဲခြားသတ်မှတ်ရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေအသီးသီးသည် တရုတ်ပြည်သူ့သမတနိုင်ငံတော်၏ ခွဲမရသော အစိတ်အပိုင်းများဖြစ်သည်။

### ပုဒ်မ (၃)

ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများကို အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများတွင် နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများ၏ သီခြားအဆင့်တခုအဖြစ် ဖွဲ့စည်းတည်ထောင်ရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် ဒီမိုကရေစီ ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်ကို ကျင့်သုံးရမည်။

### ပုဒ်မ (၄)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အခန်း (၃) အပိုင်း (၅) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်၏ ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များနှင့် အာဏာများကို ကျင့်သုံးဆောင်ရွက်ရမည်။ တချိန်တည်းတွင် ယင်းတို့သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တခြားဥပဒေများတွင် ပြဋ္ဌာန်းထားသည့် လုပ်ပိုင်ခွင့် အာဏာဘောင်အတွင်းမှ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးဆောင်ရွက်ရမည်။ တည်ရှိနေသည့် ဒေသဆိုင်ရာ လက်တွေ့ အခြေအနေများအပေါ်တွင် မူတည်၍ နိုင်ငံတော်၏ ဥပဒေများနှင့် ပေါ်လစီများကို ကျင့်သုံး အကောင်အထည်ဖော်ရမည်။

ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် မြို့ကြီးများနှင့် ခရိုင်မြို့များအပေါ် ဒေသဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များနှင့် အာဏာများကို ကျင့်သုံးဆောင်ရွက်ရမည်။ တချိန်တည်းတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာကိုလည်း ကျင့်သုံးရမည်။

**ပုဒ်မ(၅)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများသည် နိုင်ငံ၏ စည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းကာကွယ်ရမည်။ ၎င်းဒေသများတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် အခြားတရားဥပဒေများကို လိုက်နာစောင့်ထိန်းစေရာတွင်လည်းကောင်း၊ အကောင်အထည်ဖော် ဆောင်ရွက်စေရာတွင်လည်းကောင်း အာမခံရမည်။

**ပုဒ်မ(၆)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရအဖွဲ့အစည်းများသည် အမျိုးသားအသီးသီး ပြည်သူများကို ခေါင်းဆောင်၍ ဆိုရှယ်လစ်ခေတ်မီရေး တည်ဆောက်မှု မြင့်မားလာစေရန် အားစိုက် ကြိုးပမ်းအားထုတ်ရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ အခြားတရားဥပဒေများနှင့် ဆန့်ကျင်ကွဲလွဲခြင်း မရှိစေရဟူသော မူအောက်တွင် ၎င်းဒေသများ၏ စီးပွားရေးနှင့် ယဉ်ကျေးမှုတည်ဆောက်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်ကို မြှင့်တင်နိုင်ရန် ဒေသအခြေအနေများနှင့် အညီ အထူးမူဝါဒများနှင့် ပျော့ပျောင်းသည့် အစီအမံများကို ချမှတ်ပြဋ္ဌာန်းနိုင်သည့် အာဏာရှိသည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် နိုင်ငံတော်စီမံကိန်းများ၏ လမ်းညွှန်မှုအောက်၌ လက်တွေ့အခြေအနေများ အခြေခံပေါ်တွင် ကုန်ထုတ်လုပ်အား အစွမ်းနှင့် စီးပွားရေးအကျိုးအမြတ်များ မှန်မှန်တိုးတက်စေရန် လုပ်ဆောင်ရမည်။ လူမှုကုန်ထုတ်လုပ်ရေး စွမ်းအားစုများကို စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးစေရမည်။ အမျိုးသားအသီးသီး ပြည်သူများ၏ ရုပ်ဘဝ အဆင့်အတန်းကို တဖြည်းဖြည်းခြင်း မြှင့်တင်ရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် အမျိုးသားယဉ်ကျေးမှု၏ ကောင်းမွန်သည့် ဓလေ့ထုံးတမ်းစဉ်လာများကို အမွေဆက်ခံကာ ရှေ့သို့ တိုးတက်လာစေရန် ထမ်းဆောင်ရမည်။ အမျိုးသားလက္ခဏာများပါရှိပြီး ရှေ့တန်းရောက်သည့် ယဉ်ကျေးမှုနှင့် အတွေးအခေါ် ရှိသော ဆိုရှယ်လစ်လူ့ဘောင်ကို တည်ဆောက်သွားရမည်။ အမျိုးသားအသီးသီး ပြည်သူများ၏ ဆိုရှယ်လစ်အသိစိတ်ဓာတ်၊ သိပ္ပံနှင့် ယဉ်ကျေးမှုရေချိန်တို့ကို စဉ်ဆက်မပြတ် မြှင့်တင်ပေးရမည်။

**ပုဒ်မ (၇)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အဖွဲ့အစည်းများ သည် အခြား မည်သည့်အရာထက်မဆို နိုင်ငံတော်၏ အကျိုးစီးပွားတခုလုံးကို ဦးထိပ်ပန်ပြီး၊ နိုင်ငံတော်၏ အထက်အဖွဲ့အစည်းများမှ တာဝန်ပေးချမှတ်သည့် လုပ်ငန်းတာဝန် အရပ်ရပ်ကို အောင်မြင်ပြီးမြောက်စေရန် တက်တက်ကြွကြွ ဆောင်ရွက်ရမည်။

**ပုဒ်မ (၈)**

နိုင်ငံတော်၏ အထက်အဆင့် အစိုးရအဖွဲ့အစည်းများသည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများရှိ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ ကျင့်သုံးမှုကို အာမခံရမည်။ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ ထူးခြားချက်နှင့် လိုအပ်ချက်များအရ ၎င်းဒေသများ၏ ဆိုရှယ်လစ်တည်ဆောက်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန် တိုးမြှင့်စေရန် ကူညီကြိုးပမ်းရမည်။

**ပုဒ်မ (၉)**

နိုင်ငံတော်၏ အထက်အဆင့် အစိုးရအဖွဲ့အစည်းများနှင့် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် တရုတ်ပြည်၏ အမျိုးသားအားလုံး တန်းတူရေး၊ သွေးစည်းရေး၊ အပြန်အလှန်ကူညီရေးဟူသည့် ဆိုရှယ်လစ်ဆက်ဆံရေးစနစ်ကို ထိန်းသိမ်းစောင့်ရှောက်၍ ဖွံ့ဖြိုးတိုးတက်စေရမည်။ မည်သည့် အမျိုးသားကိုမဆို လူမျိုးခွဲခြားမှုနှင့် ဖိနှိပ်မှုကို ပိတ်ပင်တားမြစ်ရမည်။ အမျိုးသားသွေးစည်းရေးကို ဖြိုခွဲသည့် သို့မဟုတ် အမျိုးသားသွေးကွဲရေးကို လှုံ့ဆော်သည့် မည်သည့်လုပ်ရပ်ကိုမဆို ပိတ်ပင်တားမြစ်ရမည်။

**ပုဒ်မ (၁၀)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများသည် ၎င်းဒေသရှိ အမျိုးသားများ၏ ကိုယ်ပိုင်ဘာသာစကားကို လွတ်လပ်စွာ ရေးသားပြောဆို အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်စေရန် အာမခံရမည်။ မိမိတို့၏ ကိုယ်ပိုင်ရိုးရာ ဓလေ့ထုံးတမ်းများနှင့် အစဉ်အလာ အမူအကျင့်များကို လွတ်လပ်စွာ ထိန်းသိမ်းခွင့်နှင့် ပြုပြင်ပြောင်းလဲခွင့် ရှိရေးကိုလည်း အာမခံရမည်။

**ပုဒ်မ (၁၁)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် အမျိုးသားအသီးသီး နိုင်ငံသားများ၏ လွတ်လပ်စွာ ဘာသာကိုးကွယ်ယုံကြည်ပိုင်ခွင့်ကို အာမခံရမည်။

မည်သည့် အစိုးရအဖွဲ့အစည်း၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် လူတဦးချင်းမဆို နိုင်ငံသားများ၏ ဘာသာရေးအရ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခြင်းကိုလည်းကောင်း၊ လွတ်လပ်စွာ မကိုးကွယ် မယုံကြည်ခြင်းကိုလည်းကောင်း အတင်းအကျပ်

မပြုလုပ်ရ။ မည်သည့် ဘာသာရေးကိုမဆို ယုံကြည်ကိုးကွယ်သူကိုလည်းကောင်း၊ မယုံကြည် မကိုးကွယ်သူကိုလည်းကောင်း ခွဲခြားဆန့်ကျင်ခြင်း မပြုလုပ်ရ။

နိုင်ငံတော်သည် ပုံမှန်ဘာသာရေး လုပ်ရှားဆောင်ရွက်မှုများကို ကာကွယ်စောင့်ရှောက်ပေးရမည်။ အများပြည်သူ ငြိမ်ဝပ်ပိပြားရေးကို ဖျက်ဆီးရန်၊ နိုင်ငံသားများ၏ ကျန်းမာရေး ထိခိုက်ချွတ်ယွင်းအောင် ပြုလုပ်ရန် သို့မဟုတ် နိုင်ငံတော်၏ ပညာရေးစနစ်ကို စွက်ဖက်နှောက်ယှက်ရန် ဘာသာရေးကို အသုံးချခြင်းအား မည်သူမျှ မပြုလုပ်ရ။

ဘာသာရေး အသင်းအဖွဲ့များနှင့် ဘာသာရေးကိစ္စရပ်များသည် မည်သည့် နိုင်ငံခြားသြဇာလွှမ်းမိုးမှု၏ လက်အောက်ခံမျှ မဖြစ်စေရ။

## အခန်း(၂)
## အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများထူထောင်ခြင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း

### ပုဒ်မ (၁၂)

အမျိုးသားအသီးသီးအကြား ပေါင်းသင်းဆက်ဆံမှု စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအဆင့်စသည့် ဒေသအခြေအနေများနှင့်အညီလည်းကောင်း၊ သမိုင်းနောက်ခံ အကြောင်းအချက်များကို ထည့်သွင်းစဉ်းစားလျက်လည်းကောင်း၊ လူမျိုးစုတမျိုး သို့မဟုတ် တမျိုးထက်ပိုသော လူမျိုးစုများ စုစည်းနေထိုင်ကြသော နယ်မြေဒေသများကို ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ အဖြစ် ဖွဲ့စည်းထူထောင်နိုင်သည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ တခုအတွင်း၌ တခြားလူနည်းစု အမျိုးသားများ စုစည်းနေထိုင်သည့် နေရာများကို သင့်လျော်သည့် လူမျိုးစု ကိုယ်ပိုင်အုပ်ချုပ်ရေး မြို့နယ်များ အဖြစ် ဖွဲ့စည်းထူထောင်နိုင်သည်။

ဟန်လူမျိုး သို့မဟုတ် တခြားလူမျိုးများ နေထိုင်ရာ နယ်မြေဒေသများနှင့် မြို့များကို အမှန်တကယ် တည်ရှိနေသော ဒေသအခြေအနေ အကြောင်းအချက်များကို ထောက်ထား၍ အမျိုးသား ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများအတွင်း၌ ထည့်သွင်းပါဝင်စေနိုင်သည်။

### ပုဒ်မ (၁၃)

ထူးခြားသော အကြောင်းအချက် အခြေအနေများမှအပ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ အမည်သည် ဒေသ၏ အမည်၊ အမျိုးသား၏ အမည်နှင့် အုပ်ချုပ်ရေးအဆင့် အတန်းတို့ကို ယင်းအစီအစဉ်အတိုင်း ပေါင်းစပ်ခေါ်ဝေါ် ဖွဲ့စည်းရမည်။

### ပုဒ်မ (၁၄)

သက်ဆိုင်ရာ လူမျိုးစုကိုယ်စားလှယ်များနှင့် အပြည့်အဝ တိုင်ပင်ညှိနှိုင်းပြီးနောက် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသထူထောင်ခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်းနှင့် ယင်းဒေသနာမည်တို့ကို သက်ဆိုင်ရာဒေသ အစိုးရအဖွဲ့အစည်းနှင့် တဆင့်မြင့် အစိုးရအဖွဲ့

အစည်းတို့ အတူပူးတွဲ၍ ဥပဒေအရ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြပြီး အတည်ပြုချက်ယူရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ နယ်နိမိတ်များကို သတ်မှတ်ပြီးသည့်နောက်တွင် အခွင့်အာဏာမရှိဘဲ ပြုပြင်ပြောင်းလဲခြင်း မလုပ်ရ။ ပြုပြင်ပြောင်းလဲရန် လိုအပ်ပါက သက်ဆိုင်ရာ တဆင့်မြင့် အစိုးရအဖွဲ့အစည်းက အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းနှင့် အပြည့်အဝ တိုင်ပင်ညှိနှိုင်းပြီး အဆိုပြုတင်ပြရမည်။ နိုင်ငံတော်ကောင်စီသို့ တင်ပြပြီး အတည်ပြုချက်ရယူရမည်။

## ပုဒ်မ (၁၅)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများမှာ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းများနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးခရိုင်များ၏ ပြည်သူ့ကွန်ဂရက်များနှင့် ပြည်သူ့အစိုးရများဖြစ်ရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ပြည်သူ့အစိုးရ အဖွဲ့အစည်းများသည် မိမိနှင့် အဆင့်တူ ပြည်သူ့ကွန်ဂရက်နှင့် တဆင့်မြင့် အစိုးရအုပ်ချုပ်ရေးအဖွဲ့အစည်းကို တာဝန်ခံရမည်။ မိမိလုပ်ငန်းကို အစီရင်ခံရမည်။ အဆင့်တူ ပြည်သူ့ကွန်ဂရက်များ၏ အစည်းအဝေးကျင်းပချိန်မဟုတ်လျှင် ၎င်းပြည်သူ့ကွန်ဂရက်များ၏ အမြဲတမ်းကော်မတီကို တာဝန်ခံရမည်။ မိမိတို့၏လုပ်ငန်းကို အစီရင်ခံရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ အားလုံး၏ ပြည်သူ့အစိုးရများသည် နိုင်ငံတော်ကောင်စီ၏ တစည်းတလုံးတည်းရှိသော ဦးဆောင်မှုအောက်တွင် နိုင်ငံတော်၏ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများဖြစ်ပြီး နိုင်ငံတော်ကောင်စီ၏ လက်အောက်ခံ ဖြစ်စေရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်ကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် တခြားဥပဒေများနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ရေး ကျင့်သုံးခြင်းဆိုင်ရာ နည်းဥပဒေများ သို့မဟုတ် သီးခြားနည်းဥပဒေများတွင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းပေးရမည်။

## ပုဒ်မ (၁၆)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသတခု၏ ပြည်သူ့ကွန်ဂရက်တွင် ယင်းအုပ်ချုပ်ရေးဒေသမှ ကိုယ်ပိုင်အုပ်ချုပ်ရေး ကျင့်သုံးနေသော လူမျိုးစုကိုယ်စားလှယ်များ ပါဝင်ရမည့်အပြင်၊ ယင်းဒေသအတွင်းနေထိုင်သော တခြားလူမျိုးစုမှ ကိုယ်စားလှယ်များလည်း သင့်လျော်စွာ ပါဝင်ခွင့်ရရှိစေရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ ပြည်သူ့ကွန်ဂရက်သို့ တက်ရောက်မည့် ၎င်းဒေသမှ ကိုယ်ပိုင်အုပ်ချုပ်ရေးကျင့်သုံးနေသော လူမျိုးစုနှင့် တခြားလူနည်းစု လူမျိုးများ၏ ကိုယ်စားလှယ်အရေအတွက်နှင့် အချိုးအစားကို ချမှတ်ထားသည့် ဥပဒေစည်းမျဉ်းများအရ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီမှ သတ်မှတ်ပြဋ္ဌာန်းပြီး၊ နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီသို့ မှတ်တမ်းတင်ရန် အစီရင်ခံတင်ပြရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ နှင့် ဒု ဥက္ကဋ္ဌ များထဲတွင် ၎င်းဒေသရှိ ကိုယ်ပိုင်အုပ်ချုပ်ရေး ကျင့်သုံးနေသော နိုင်ငံသား လူမျိုးစုများထဲမှ တဦး သို့မဟုတ် တဦးထက် ပို၍ ပါရှိစေရမည်။

**ပုဒ်မ (၁၇)**

ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်း၏ အုပ်ချုပ်ရေးမှူး၊ သို့ မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရေး ခရိုင်၏ ခရိုင်မှူးသည် သက်ဆိုင်ရာဒေသတွင် ကိုယ်ပိုင်အုပ်ချုပ် ရေး ကျင့်သုံးနေသော နိုင်ငံသားလူမျိုးစုဖြစ်ရမည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၊ တိုင်း သို့မ ဟုတ် ခရိုင်တို့မှ ပြည်သူ့အစိုးရ၏ တခြားရာထူးနေရာများအတွက် ဖြစ်နိုင်သမျှ သက်ဆိုင် ရာဒေသမှ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ကျင့်သုံးနေသော လူမျိုးစုနှင့် တခြားလူနည်းစု အမျိုး သားပြည်သူများထဲမှ ဖြစ်ရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများ၏ ပြည်သူ့အစိုးရများသည် သက်ဆိုင်ရာ အဆင့်အသီးသီးရှိ ပြည်သူ့အစိုးရများ၏ လုပ်ငန်းတာဝန်များကို ညွှန်ကြားရသည့် ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ ဥက္ကဋ္ဌ တိုင်း အုပ်ချုပ်ရေးမှူး၊ သို့မဟုတ် ခရိုင်မှူးတို့အား တခုလုံး တာဝန်ခံ စေသည့်စနစ် ကျင့်သုံးရမည်။

**ပုဒ်မ (၁၈)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတခု၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရ အဖွဲ့အ စည်းအောက်ရှိ ဌာနများမှ ကေဒါများကို ဖြစ်နိုင်သမျှ ၎င်းဒေသရှိ ကိုယ်ပိုင်အုပ်ချုပ်ရေး ကျင့်သုံးနေသော နိုင်ငံသားလူမျိုးစုများနှင့် အခြားလူနည်းစု အမျိုးသားများထဲမှ ရွေးချယ်ခန့် အပ်ရမည်။

## အခန်း(၃)
## ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ

**ပုဒ်မ (၁၉)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများ၏ ပြည်သူ့ကွန်ဂရက်များသည် သက်ဆိုင် ရာဒေသများ၏ လူမျိုးစု သို့မဟုတ် လူမျိုးစုများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု လက္ခဏာများနှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ရေးကျင့်သုံးရန် နည်းဥပဒေများနှင့် သီးခြားနည်း ဥပဒေများကို ပြဋ္ဌာန်းပိုင်ခွင့် အာဏာရှိသည်။ ပြဋ္ဌာန်းမည့် ၎င်းနည်းဥပဒေများသည် အာဏာ သက်ရောက်မှုမပြုမီ ပြည်လုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီသို့ အတည်ပြု ချက်ရယူရန် တင်ပြရမည်။ ကိုယ်ပိုင်အုပ်ချုပ်ရေး တိုင်း နှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး ခရိုင်များ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးကျင့်သုံးရန် နည်းဥပဒေများနှင့် သီးခြားနည်းဥပဒေများကို အာဏာ သက်ရောက်မှု မပြုမီ ပြည်နယ်ပြည်သူ့ကွန်ဂရက် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ပြည်သူ့ကွန်ဂရက်၏ အမြဲတမ်းကော်မတီများသို့ အတည်ပြုချက်ရယူရန် တင်ပြပြီး၊ ပြည်လုံး ဆိုင်ရာ ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီသို့ မှတ်တမ်းတင်ရန် အစီရင်ခံ တင်ပြရမည်။

## ပုဒ်မ (၂၀)

အထက်အဆင့် အစိုးရအဖွဲ့အစည်းတခု၏ ချမှတ်ချက်၊ ဆုံးဖြတ်ချက်၊ အမိန့်နှင့် ညွှန်ကြားချက်တို့သည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေအတွင်းရှိ အခြေအနေများနှင့်ကိုက်ညီခြင်းမရှိလျှင်၊ ၎င်းဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းသည် အထက်အဆင့် အစိုးရအဖွဲ့အစည်းသို့ အစီရင်ခံ၊ အတည်ပြုချက်ရယူပြီးနောက် တစုံတရာ ပြင်ဆင်အကောင်အထည်ဖော်နိုင်သည်။ သို့မဟုတ် အကောင်အထည်ဖော်မှုကို ရပ်စဲပစ်နိုင်သည်။

## ပုဒ်မ(၂၁)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသတခု၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းသည် ကိုယ်ပိုင်အုပ်ချုပ်ရေး ကျင့်သုံးမှုဆိုင်ရာ နည်းဥပဒေများနှင့်အညီ မိမိလုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဒေသအတွင်း အများအားဖြင့် အသုံးပြုလျက်ရှိသည့် ဘာသာစကားတခု သို့မဟုတ် တခုထက်ပို၍ကို အသုံးပြုရမည်။ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဘာသာစကား အများအပြားကို အများအားဖြင့် အသုံးပြုပါက ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေး ကျင့်သုံးနေသည့် လူမျိုးစု ဘာသာစကားကို အဓိကဘာသာစကားအဖြစ် အသုံးပြုနိုင်သည်။

## ပုဒ်မ(၂၂)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် ဆိုရှယ်လစ်တည်ဆောက်ရေး လိုအပ်ချက်နှင့်အညီ ဒေသခံလူမျိုးစုများထဲမှ အဆင့်အမျိုးမျိုး အတွက်ကေဒါများကိုလည်းကောင်း၊ သိပ္ပံပညာရှင်များ၊ စက်မှုပညာရှင်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အမှုဆောင်အရာရှိများ အပါအဝင် လုပ်ငန်းအမျိုးမျိုးအတွက် အထူးပြုပုဂ္ဂိုလ်များကိုလည်းကောင်း၊ ကျွမ်းကျင်အလုပ်သမားများကိုလည်းကောင်း၊ အမျိုးမျိုးသော စီမံဆောင်ရွက်ချက်များဖြင့် သင်ကြားလေ့ကျင့်ပေးပြီး၊ ၎င်းတို့၏ အခန်းကဏ္ဍကို အပြည့်အဝဖော်ထုတ်ခွင့်ပေးရမည်။ လူနည်းစု လူမျိုးများ၏ အမျိုးသမီးများထဲမှ အဆင့်အမျိုးမျိုးအတွက် ကေဒါများနှင့် အမျိုးမျိုးသော အထူးကျွမ်းကျင်ပုဂ္ဂိုလ်များ၊ စက်မှုနည်းပညာရှင်များကို လေ့ကျင့်မွေးမြူပေးနိုင်ရေးအတွက် ဂရုပြုရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများသည် ၎င်းနယ်မြေများရှိ တည်ဆောက်ရေးလုပ်ငန်းအရပ်ရပ်တို့၌ ပါဝင်လုပ်ကိုင်ဆောင်ရွက်နေကြသည့် အထူးကျွမ်းကျင်သူ ပုဂ္ဂိုလ်များအား အခွင့်ထူးပေးခြင်း၊ အားပေးကူညီခြင်းပြုရန် အထူးအစီအမံများ ချမှတ်ပေးနိုင်သည်။

## ပုဒ်မ(၂၃)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများရှိ လုပ်ငန်းဌာနများနှင့် အဖွဲ့အစည်းဌာနများတွင် ဝန်ထမ်းသစ်များ စုဆောင်းခန့်အပ်သည့်အခါ လူနည်းစု အမျိုးသားများကို ဦးစားပေးဆောင်ရွက်ပေးရမည်။ ၎င်းတို့ကို ကျေးလက်နှင့် စားကျက်ဒေသများရှိ လူနည်းစု အမျိုး

သား၏ ပြည်သူများထဲမှ စုဆောင်းနိုင်သည်။ ကျေးလက်နှင့် စားကျက်ဒေသများရှိ လူနည်းစု အမျိုးသား ပြည်သူများထဲမှ ဝန်ထမ်းသစ်များ အလုပ်ခန့်အပ်နေရာချထားသည့်အခါ ကိုယ်ပိုင်အုပ်ချုပ်ရေး တိုင်းများနှင့် ကိုယ်ပိုင် အုပ်ချုပ်ရေး ခရိုင်များ၏ ပြည်သူ့အစိုးရထံ အစီရင်ခံတင်ပြပြီး၊ အတည်ပြုချက် ရယူရမည်။

**ပုဒ်မ(၂၄)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများသည် နိုင်ငံတော်၏ စစ်ဘက်နေရာ စနစ်နှင့် ဒေသ၏ လက်တွေ့လိုအပ်ချက်အရ၊ နိုင်ငံတော်ကောင်စီ၏ အတည်ပြုချက်ကိုရယူပြီး အများပြည်သူ ငြိမ်ဝပ်ပိပြားရေး ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် ဒေသန္တရ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့များကို ဖွဲ့စည်းနိုင်သည်။

**ပုဒ်မ(၂၅)**

နိုင်ငံတော် စီမံကိန်းများ၏ လမ်းညွှန်မှုအောက်တွင် အမျိုးသား ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် ဒေသဆိုင်ရာ စီးပွားရေးတိုးတက် ဖွံ့ဖြိုးမှုအတွက် လွတ်လပ်စွာ စီစဉ်ဆောင်ရွက်ပြီး စီမံခန့်ခွဲရမည်။

**ပုဒ်မ(၂၆)**

နိုင်ငံတော် စီမံကိန်းများ၏ လမ်းညွှန်ချက်အောက်တွင် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် ဒေသဆိုင်ရာ ထူးခြားချက်များ၊ လိုအပ်ချက်များနှင့်အညီ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် လမ်းညွှန်မှုများ၊ ပေါ်လစီများနှင့် စီမံကိန်းများကို ချမှတ်ရမည်။

**ပုဒ်မ(၂၇)**

ဆိုရှယ်လစ်အခြေခံမှုများကို စွဲစွဲမြဲမြဲ လိုက်နာဆောင်ရွက်ရန် ကြိုတင်လိုအပ်ချက်အောက်တွင် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အစိုးရ အဖွဲ့အစည်းများသည် ဥပဒေပြဋ္ဌာန်းချက်များ၊ ဒေသဆိုင်ရာ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုများနှင့်အညီ ကုန်လုပ်ဆက်ဆံရေးများကို ကျိုးကြောင်းဆီလျော်စွာ ပြန်လည်ပြင်ဆင်ထိန်းညှိပြီး စီးပွားရေး စီမံခန့်ခွဲမှု အဆောက်အအုံကို ပြုပြင်ပြောင်းလဲရမည်။

ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အစိုးရ အဖွဲ့အစည်းများသည် ၎င်းနယ်မြေများတွင်ရှိသော တိရိစ္ဆာန် စားကျက်မြေများနှင့် သစ်တောများ၏ ပိုင်ဆိုင်မှုနှင့် အသုံးပြုပိုင်ခွင့်များကို ပြဋ္ဌာန်းသတ်မှတ်ပေးရမည်။

**ပုဒ်မ(၂၈)**

ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ကိုယ်ပိုင်အစိုးရ အဖွဲ့အစည်းများသည် ၎င်းဒေသများတွင်ရှိသော သဘာဝအရင်းအမြစ်များကို စီမံအုပ်ချုပ်၊ ကာကွယ်စောင့်ရှောက်ရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ကိုယ်ပိုင်အစိုးရ အဖွဲ့အစည်းများသည် မြက်ခင်းပြင်များနှင့် သစ်တောများကို ကာကွယ်စောင့်ရှောက်ပြီး တိုးတက်ဖွံ့ဖြိုးစေရမည်။ သစ်ပင်များနှင့် မြက်ခင်းများ စိုက်ပျိုးရေးကို အားပေးကူညီရမည်။ မြက်ခင်းပြင်များနှင့် သစ်တောများကို မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်က မဆို၊ မည်သည့်နည်းလမ်းဖြင့် ဖြစ်စေ ဖျက်ဆီးခြင်းကို တားမြစ်ပိတ်ပင်ရမည်။

ဥပဒေပြဋ္ဌာန်းချက်များ၊ တပေါင်းတစည်းတည်းရှိသော နိုင်ငံတော်စီမံကိန်းများနှင့် အညီ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အစိုးရ အဖွဲ့အစည်းများသည် ဒေသဆိုင်ရာ အာဏာပိုင်များအနေဖြင့် ဖော်ထုတ်ဖွံ့ဖြိုးခွင့်ရှိသော သဘာဝအရင်းအမြစ်များကို လျော်ကန်သင့်မြတ်စွာ အသုံးချ ထုတ်လုပ်ရေးကို ဦးစားပေး ဆောင်ရွက်စေနိုင်သည်။

**ပုဒ်မ(၂၉)**

နိုင်ငံတော်စီမံကိန်းများ၏ လမ်းညွှန်ချက်အောက်တွင် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ကိုယ်ပိုင်အစိုးရအဖွဲ့အစည်းများသည်၎င်းတို့၏ ဘဏ္ဍာရေးနှင့် ရုပ်ဝတ္ထုအရင်းအမြစ်များ၊ တခြားထူးခြားသည့် ဒေသဆိုင်ရာ အခြေအနေများနှင့် အညီ ဒေသဆိုင်ရာ အရင်းကြီးသော ဆောက်လုပ်ရေး စီမံကိန်းများကို လွတ်လပ်စွာ စီစဉ်ဆောင်ရွက်ရမည်။

**ပုဒ်မ(၃၀)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အစိုးရအဖွဲ့အစည်းများသည် ဒေသ၏ စီရင်ဆုံးဖြတ်ပိုင်ခွင့် ဘောင်အတွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် လုပ်ငန်းဌာနများကို လွတ်လပ်စွာ စီမံအုပ်ချုပ်ရမည်။

**ပုဒ်မ(၃၁)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ကိုယ်ပိုင်အစိုးရအဖွဲ့အစည်းများသည် အစိုးရ အထက်အဆင့်မှ သတ်မှတ်ထားသည့် နိုင်ငံတော်၏ ဝယ်ယူဖြန့်ဖြူးရေး သတ်မှတ်ပမာဏကို ပြည့်မီအောင် ဖြည့်ဆည်းပြီးနောက် စက်မှုကဏ္ဍ၊ လယ်ယာကဏ္ဍနှင့် အခြားဒေသထွက်ကုန်နှင့် အထူးထွက်ကုန်များကို အသုံးပြုရာ၌ လွတ်လပ်စွာ စီစဉ်ဆောင်ရွက်ရမည်။

**ပုဒ်မ(၃၂)**

နိုင်ငံတော်ကောင်စီ၏ စီစဉ်ပံ့ပိုးမှုများနှင့်အညီ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် နိုင်ငံခြားစီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်သည်။ နိုင်ငံတော်ကောင်စီ၏ သဘောတူခွင့်ပြုချက်နှင့်အညီ နိုင်ငံခြားကုန်သွယ်ရေးလမ်းပေါက်များ ဖွင့်လှစ်ဆောင်ရွက်နိုင်သည်။

နိုင်ငံခြားတိုင်းပြည်နှင့် ဆက်စပ်လျက်ရှိသော အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများသည် နိုင်ငံတော်ကောင်စီ၏ ခွင့်ပြုချက်နှင့်အညီ နယ်စပ်ကုန်သွယ်ရေးကို ဖော်ထုတ်ဖွံ့ဖြိုးစေနိုင်သည်။

နိုင်ငံခြားစီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အမျိုးသား ကိုယ်ပိုင်အုပ် ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် နိုင်ငံခြားငွေ ထိန်းကိုင်ခံစားမှုအချိုးအစားနှင့် အခြားကိစ္စများတွင် နိုင်ငံတော်၏ အထူးအခွင့် အရေးပေးမှုကို ရရှိခံစားစေရမည်။

## ပုဒ်မ(၃၃)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေတခု၏ ဘဏ္ဍာရေးအတွက် သီးသန့်ဘဏ္ဍာ ရေးအဆင့် သတ်မှတ် ပြဋ္ဌာန်းပေးရမည်။ နိုင်ငံတော်ဘဏ္ဍာရေး၏ အစိတ်အပိုင်းအဖြစ် တည်ရှိစေရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရအဖွဲ့ အစည်းများသည် ၎င်းနယ်မြေများ၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုတွင် ကိုယ်ပိုင်အုပ်ချုပ် ရေးအာဏာရှိစေရမည်။

နိုင်ငံတော်၏ ဘဏ္ဍာရေးစနစ်အောက်တွင် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေ များ၏ ရငွေအားလုံးကို ၎င်းနယ်မြေများ၏ ကိုယ်ပိုင်အစိုးရ အဖွဲ့အစည်းများကိုယ် တိုင် စီမံခန့်ခွဲသုံးစွဲရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ရငွေနှင့် သုံးငွေများကို ၎င်းနယ်မြေများ အား အထူးအခွင့်အရေးပေးမှု မူအရ နိုင်ငံတော်ကောင်စီက တိတိကျကျ သတ်မှတ်ပေးရ မည်။

နိုင်ငံတော်၏ ဘဏ္ဍာရေးစနစ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အမျိုး သားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေတခု၏ ရငွေများသည် ၎င်းနယ်မြေ၏ သုံးငွေများထက် ပိုမိုကျော်လွန်ခဲ့လျှင် ပုံသေသတ်မှတ်ထားသည့် ပိုလျှံငွေ အရေအတွက်ကို အထက်အဆင့် ဘဏ္ဍာရေးဌာနသို့ လွှဲအပ်ရမည်။ အကယ်၍ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေတခု ခု၏ သုံးငွေက ၎င်းဒေသ၏ အခွန်ဝင်ငွေများထက် ပိုမိုကျော်လွန်ခဲ့လျှင် ဘဏ္ဍာရေးဆိုင်ရာ အထက်ဌာနက ထောက်ပံ့ကြေးပေးရန် ခွင့်ပြုရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေတခုသည် နိုင်ငံတော်၏ စည်းကမ်းသတ်မှတ် ချက်များနှင့်အညီ မိမိ၏ ဘတ်ဂျက်ထဲမှ အသုံးစရိတ်ငွေအတွက် အရံ ရန်ပုံငွေ ဖယ်ထားရ မည်။ ၎င်းဘတ်ဂျက်ထဲမှ အရံ ရန်ပုံငွေ အချိုးအစားသည် တခြားဒေသများ၏ ဘတ်ဂျက်များ ထဲမှ အရံ ရန်ပုံငွေ အချိုးအစားထက် ပိုမြင့်၍ပေးရမည်။

ဘဏ္ဍာရေးဘတ်ဂျက်ကို အကောင်အထည်ဖော်ရာတွင် အမျိုးသားကိုယ်ပိုင်အုပ်ချုပ် ရေးနယ်မြေ၏ ကိုယ်ပိုင်အစိုးရ အဖွဲ့အစည်းသည် အပိုဝင်ငွေနှင့် အသုံးစရိတ်ထဲမှ စုဆောင်း ငွေများအား မိမိအစီအစဉ်ဖြင့် စီစဉ်သုံးစွဲရမည်။

## ပုဒ်မ(၃၄)

ဒေသအခြေအနေများ၊ နိုင်ငံတော်မှ ချမှတ်ထားသည့် မူများနှင့်အညီ အမျိုးသားကိုယ် ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် မိမိတို့နှင့်

သက်ဆိုင်ရာဒေသများအတွက် လုပ်ငန်းအချိုးအစား၊ ဝန်ထမ်းအင်အားပမာဏနှင့် အသုံးစရိတ်စံနှုန်းများဆိုင်ရာ နောက်ထပ်ဖြည့်ဆည်း ပံ့ပိုးချက်များနှင့် အခိုင်အမာ လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်ရေးဆွဲနိုင်သည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ နောက်ထပ်ဖြည့်ဆည်းပံ့ပိုးချက်များနှင့် အခိုင်အမာ လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ကောင်စီသို့ မှတ်တမ်းတင်ရန် တင်ပြရမည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းများနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးခရိုင်များ၏ နောက်ထပ်ဖြည့်ဆည်းပံ့ပိုးချက်များနှင့် အခိုင်အမာ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများ၏ ပြည်သူ့အစိုးရများထံသို့ တင်ပြ၍ အတည်ပြုချက်ယူရမည်။

## ပုဒ်မ(၃၅)

နိုင်ငံတော်၏ အခွန်ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများသည် အခွန်ကောက်ခံရာ၌ အားပေးထောက်ခံထားသည့် သို့မဟုတ် အထူးအခွင့်အရေးပေး သတ်မှတ်ထားသည့် အချို့သော ဒေသဆိုင်ရာ ဘဏ္ဍာရေးဝင်ငွေခေါင်းစဉ်များအပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် လျော့ပေါ့ခြင်းတို့ကို ခွင့်ပြုနိုင်သည်။ ထို့အပြင် နိုင်ငံတော်မှ တစုတစည်းတည်း စုံစမ်းစစ်ဆေးခြင်းနှင့် အတည်ပြုခြင်းလုပ်ရန်လိုအပ်သည့် အခွန်ကင်းလွတ်ခွင့်ပေးခြင်းနှင့် လျော့ပေါ့ခြင်းပြုသော ခေါင်းစဉ်များလည်းရှိရမည်။ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းများနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးခရိုင်များအတွက် အခွန်လျော့ပေါ့ခြင်းနှင့် ကင်းလွတ်ခွင့်ပေးခြင်း ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာပြည်နယ်များ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများရှိ ပြည်သူ့အစိုးရများ၏ အတည်ပြုချက် ရယူရန် အစီရင်ခံတင်ပြရမည်။

## ပုဒ်မ(၃၆)

ပညာရေးဆိုင်ရာ နိုင်ငံတော်၏ လမ်းညွှန်ချက်များ၊ သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရအဖွဲ့အစည်းများသည် ၎င်းဒေသများ၏ ပညာရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှု စီမံကိန်းများ၊ စာသင်ကျောင်းအမျိုးမျိုးကို အဆင့်အသီးသီး၌ ဖွင့်လှစ်တည်ထောင်ခြင်း၊ သင်ကြားရေးနှင့် ကျောင်းဝင် လုပ်ထုံးလုပ်နည်းများတွင် သုံးသည့်ဘာသာစကား၊ ပညာရေးစနစ်၊ ပုံသဏ္ဍာန်များ သင်ရိုးညွှန်းတမ်းတို့ကို ဆုံးဖြတ်ချမှတ်ပေးရမည်။

## ပုဒ်မ(၃၇)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် စာမတတ်သူ ပပျောက်စေခြင်း၊ အမျိုးမျိုးသော စာသင်ကျောင်းများ တည်ထောင်ဖွင့်လှစ်ပေးခြင်း၊ မသင်မနေရ မူလတန်းပညာရေးစနစ် ပျံ့နှံ့စေခြင်း၊ အထက်တန်းပညာရေးစနစ် တိုးတက်စေခြင်း၊ ဆရာဖြစ်သင်ကျောင်းများ၊ စက်မှုအထက်တန်းကျောင်းများ၊ အသက်မွေးဝမ်းကြောင်း ပညာသင်ကျောင်းများနှင့် လူနည်းစုအမျိုးသားများထဲမှ အထူးပြု

ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ လေ့ကျင့်သင်ကြားပေးသည့် လူမျိုးစုသိပ္ပံများကဲ့သို့သော လူမျိုးစုများအတွက် အထူးသင်တန်းကျောင်းများ ဖွဲ့စည်းတည်ထောင်ပေးခြင်းတို့ဖြင့် လူမျိုးစုများအတွက် ပညာရေးကို လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်စေရမည်။

ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရအဖွဲ့အစည်းများသည် လူနည်းစု အမျိုးသားများနေထိုင်ရာစားကျက်ဒေသများ၊ စီးပွားရေးမဖွံ့ဖြိုးသည့် လူဦးရေကျဲပါးသော တောင်တန်း ဒေသများတွင် အများပြည်သူအတွက် မူလတန်းကျောင်းများ၊ အထက်တန်းကျောင်းများ၊ အဓိကအားဖြင့် ဘော်ဒါကျောင်းများနှင့် ထောက်ပံ့ကြေးပေးမည့် ကျောင်းများကို တည်ထောင်ဖွင့်လှစ်ပေးနိုင်သည်။

လူနည်းစုအမျိုးသား ကျောင်းသားအများဆုံးရှိသည့် ကျောင်းများတွင် ဖြစ်နိုင်သမျှအခါတိုင်း၊ ၎င်းတို့၏ မိခင်ဘာသာစကားသုံး ကျောင်းသင်ဏ်စာအုပ်များကို အသုံးပြုသင့်သည်။ သင်ကြားရေး ကြားခံအဖြစ်လည်း ဤဘာသာစကားများကို သုံးစွဲစေသင့်သည်။ တရုတ် (ဟန် ဘာသာစကား) သင်တန်းများကို မူလတန်း အတန်းကြီးများ သို့မဟုတ် အထက်တန်းများအတွက် ပေကျင်းအသံထွက်ပေါ်တွင် အခြေခံထားသည့် အများသုံးစကား ဖူထုံးဂွါ ပျံ့နှံ့စေရန် သင်ကြားပေးရမည်။

**ပုဒ်မ(၃၈)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများသည် စာပေအနုပညာ၊ သတင်းစာ၊ ထုတ်ဝေရေး၊ ရေဒီယို၊ အသံလွှင့်ခြင်း၊ ရုပ်ရှင်လုပ်ငန်း၊ ရုပ်မြင်သံကြားလုပ်ငန်းနှင့် အခြားယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို တိုင်းရင်းသားလူမျိုးစုအလိုက် ထူးခြားသည့်သဏ္ဍာန်များ၊လက္ခဏာများနှင့်အညီ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်စေရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများသည် လူမျိုးစုဆိုင်ရာ စာအုပ်စာတမ်းများကို ရှာဖွေစုဆောင်းခြင်း၊ အမျိုးအစားခွဲခြားသတ်မှတ်ခြင်း၊ ဘာသာပြန်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ပြုလုပ်ရမည်။ ၎င်းနယ်မြေများအတွင်းရှိသော ရှုခင်းသာ နေရာများ၊ သမိုင်းဝင် အမှတ်တရ အရပ်ဒေသများ၊ ၎င်းတို့၏ အဖိုးတန်ယဉ်ကျေးမှုအမွေအနှစ်များနှင့် အခြားသော သမိုင်းဝင်အမွေအနှစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

**ပုဒ်မ(၃၉)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရအဖွဲ့အစည်းများသည် သိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရေးနှင့် ၎င်းတို့ဆိုင်ရာ အသိပညာပြန့်ပွားတွင်ကျယ်စေရေးအတွက် ဒေသဆိုင်ရာ စီမံကိန်းများကို လွတ်လပ်စွာ ဆုံးဖြတ်ချက်ချမှတ်ရမည်။

**ပုဒ်မ(၄၀)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့

အစည်းများသည် ဒေသဆိုင်ရာဆေးဝါးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့်၊ ခေတ်ပေါ်ဆေးဝါးနှင့် လူမျိုးစုတို့၏ တိုင်းရင်းဆေးဝါးများ နှစ်မျိုးစလုံး တိုးတက်လာစေရန် စီမံကိန်းများကို လွတ်လပ်စွာ ဆုံးဖြတ်ချမှတ်ရမည်။

ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် အဖြစ်များရောဂါများကို ကြိုတင်ကာကွယ် ခြင်းနှင့် ကုသပေးခြင်းများကို ပိုမိုထိရောက်စေရန် ဆောင်ရွက်စေခြင်း၊ မိခင်နှင့်ခလေးကျန်းမာရေးအတွက် ကာကွယ်စောင့်ရှောက်ပေးမှု ပိုမိုဖြည့်ဆည်းစေခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအခြေအနေများ တိုးတက်လာစေရန် ပြုလုပ်ပေးခြင်းတို့ကို ဂရုစိုက်ပေးရမည်။

## ပုဒ်မ(၄၁)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် အားကစားဖွံ့ဖြိုးရေး၊ လူမျိုးစုများ၏ ရိုးရာအားကစားများ မြှင့်တင်ရေးနှင့် လူမျိုးပေါင်းစုံပြည်သူများ၏ ရုပ်ခန္ဓာကြံ့ခိုင်သန်စွမ်းမှု တိုးတက်ရေးတို့ကို လွတ်လပ်စွာဆောင်ရွက်ရမည်။

## ပုဒ်မ(၄၂)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် တခြားနယ်မြေများနှင့် ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ ပြည်သူ့ကျန်းမာရေး အားကစားစသည်များကို ပူးပေါင်းဆောင်ရွက်ခြင်း၊ ဖလှယ်ခြင်းများ ဖြစ်ထွန်းတိုးတက်လာစေရန်အတွက် ကြိုးပမ်းအားထုတ်ရမည်။

သက်ဆိုင်ရာနိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် နိုင်ငံခြားတိုင်းပြည်များနှင့် ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုနှင့် အနုပညာ၊ ပြည်သူ့ကျန်းမာရေး၊ အားကစား စသည်များ အပြန်အလှန်ဆက်ဆံ ဖလှယ်မှုများကို လုပ်ဆောင်နိုင်သည်။

## ပုဒ်မ(၄၃)

ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် ရွှေ့ပြောင်းလူဦးရေ ထိန်းချုပ်မှုအတွက် အစီအမံများ ဆောင်ရွက်ရမည်။

## ပုဒ်မ(၄၄)

ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများသည် ဒေသအခြေအနေနှင့် ကိုက်ညီသည့် မိသားစုစီမံကိန်းကို ချမှတ်ဆောင်ရွက်ရမည်။

**ပုဒ်မ(၄၅)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းများသည် ရပ်တည်ရှင်သန်ရေးပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ပြီး တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ပေးရမည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့် အခြားပြည်သူဆိုင်ရာ ဘေးအန္တရာယ်များမှ ကာကွယ်ထိန်းချုပ်ပေးရမည်။

## အခန်း(၄)
## အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ပြည်သူ့တရားရုံးများနှင့် ပြည်သူ့ဥပဒေရုံးများ။

**ပုဒ်မ(၄၆)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ပြည်သူ့တရားရုံးများနှင့် ပြည်သူ့ဥပဒေရုံးများသည် အဆင့်တူ ပြည်သူ့ကွန်ဂရက်များနှင့် ၄င်းတို့၏ အမြဲတမ်းကော်မတီများကို တာဝန်ခံ ရမည်။ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများရှိ ပြည်သူ့ဥပဒေရုံးများသည် အထက်အဆင့် ဥပဒေရုံးများကိုလည်း တာဝန်ခံရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများရှိ ပြည်သူ့တရားရုံးများ၏ တရားစီရင်ရေးဆိုင်ရာ စီမံအုပ်ချုပ်မှုကို ဗဟိုပြည်သူ့တရားရုံးချုပ်နှင့် အထက်အဆင့် တရားရုံးများက ကြီးကြပ်ရမည်။ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများရှိ ပြည်သူ့ဥပဒေရုံးများ၏ လုပ်ငန်းတာဝန်ကို ဗဟိုပြည်သူ့ ဥပဒေရုံးနှင့် အထက်အဆင့် ပြည်သူ့ဥပဒေရုံးများက ညွှန်ကြားရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများရှိ ပြည်သူ့တရားရုံးများနှင့် ပြည်သူ့ဥပဒေရုံးများ၏ ခေါင်းဆောင်မှု အဖွဲ့ဝင်များနှင့် ဝန်ထမ်းများထဲတွင် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေး ကျင့်သုံးနေသည့် ယင်းနယ်မြေရှိ လူမျိုးစုပြည်သူများ ပါဝင်စေရမည်။

**ပုဒ်မ(၄၇)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ပြည်သူ့တရားရုံးများနှင့် ပြည်သူ့ဥပဒေရုံးများတွင် အမှုများကို တရားစွဲဆို အမှုစစ်ဆေးစီရင်သည့်အခါ ထိုဒေသရှိ အများသုံးဘာသာစကားကို အသုံးပြုရမည်။ လူမျိုးစုံနိုင်ငံသားများသည် မိမိတို့လူမျိုးစုများ၏ အပြောနှင့် အရေး ဘာသာစကားအားး တရားရုံးလုပ်ငန်းများဆောင်ရွက်ရာ၌ သုံးစွဲခွင့်ကို အာမခံရမည်။ ပြည်သူ့တရား ရုံးများနှင့် ပြည်သူ့ဥပဒေရုံးများသည် ဒေသတွင်း အများသုံး အပြောနှင့် အရေး ဘာသာစကားများနှင့် ကောင်းမွန်စွာ အလေ့အကျင့်မရှိသည့် မည်သူ့အတွက်မဆို တရားရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘာသာပြန်မှု ဖြည့်ဆည်းပေးရမည်။ တရားဥပဒေဆိုင်ရာ မှတ်တမ်းမှတ်ရာများကို လက်တွေ့လိုအပ်ချက်နှင့်အညီ ဒေသတွင်း အများသုံး ဘာသာစကား သို့မဟုတ် ဘာသာစကားများဖြင့် ရေးသားဖော်ပြရမည်။

## အခန်း(၅)
## အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေအတွင်းရှိသော လူမျိုးစုများအချင်းချင်း ဆက်ဆံမှုများ

### ပုဒ်မ(၄၈)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းသည် ဒေသအတွင်းရှိ လူမျိုးပေါင်းစုံတို့၏ တန်းတူညီမျှ အခွင့်အရေးများကို အာမခံရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းသည် လူမျိုးပေါင်းစုံပြည်သူများနှင့် ကေဒါများကို စည်းလုံးညီညွတ်စေပြီး၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးတွဲကြိုးပမ်းအားထုတ်ရာတွင် ၎င်းတို့၏ ရှေ့ဆောင်ရှေ့ရွက်ပြုမှုကို အစွမ်းကုန်ဖော်ထုတ်ပေးရမည်။

### ပုဒ်မ(၄၉)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရအဖွဲ့အစည်းသည် လူမျိုးစုပေါင်းစုံကေဒါများအား တခြားလူမျိုးစုများ၏ အပြောဘာသာစကားနှင့် အရေးဘာသာစကားများကို အပြန်အလှန် လေ့လာသင်ယူကြရန် စည်းရုံးနားချ အားပေးကူညီရမည်။ ဟန်လူမျိုးစုကေဒါများသည် ဒေသတွင်းရှိ လူနည်းစု အမျိုးသားများ၏ အပြောဘာသာစကားနှင့် အရေးဘာသာ စကားတို့ကို သင်ယူစေရမည်။ လူနည်းစုအမျိုးသား ကေဒါများသည် မိမိတို့၏ ကိုယ်ပိုင်အပြောနှင့် အရေး ဘာသာစကားများကို သင်ယူသုံးစွဲကြရင်း၊ တနိုင်ငံလုံးတွင် ပြည်သူအများသုံးစွဲကြသည့် ဖူထုံဟွ ပြောစကားနှင့် တရုတ် (ဟန်) စာကို သင်ယူသင့်သည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများရှိ နိုင်ငံ့ဝန်ထမ်းများကို ဒေသအတွင်း အများသုံး အပြော သို့မဟုတ် အရေးဘာသာစကား နှစ်မျိုး သို့မဟုတ် နှစ်မျိုးထက် ပိုမို၍ ကျွမ်းကျင်တတ် မြောက်ပါက ဆုချီးမြှင့်ပေးအပ်ရမည်။

### ပုဒ်မ(၅၀)

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းသည် နယ်မြေအတွင်း စုစည်းပေါင်းသင်းနေထိုင်သည့် တခြားလူနည်းစု အမျိုးသားများကို သင့်တော်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ သို့မဟုတ် လူမျိုးစုမြို့နယ်များ အဖြစ်ဖွဲ့စည်းတည်ထောင်နိုင်ရန် ကူညီရမည်။

ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းသည် ဒေသအတွင်းရှိ လူမျိုးပေါင်းစုံတို့၏ စီးပွားရေး၊ ပညာရေး၊ သိပ္ပံ၊ ယဉ်ကျေးမှု၊ လူထုကျန်းမာရေးနှင့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက် လာစေရန် ကူညီရမည်။

ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းသည် ဒေသအနှံ့အပြား ပြန့်ကျဲ အခြေချနေထိုင်ကြသည့် လူမျိုးစုများ၏ ထူးခြားသော လက္ခဏာများနှင့် လိုအပ်ချက်များကို စဉ်းစားပေးရမည်။

**ပုဒ်မ(၅၁)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရ အဖွဲ့အစည်းသည် မိမိဒေသအတွင်းရှိနေသော လူမျိုးပေါင်းစုံတို့နှင့် ပတ်သက်သည့် အထူးကိစ္စရပ်များကို ကိုင်တွယ်ရာတွင် ၎င်းလူမျိုးစုတို့၏ ကိုယ်စားလှယ်များနှင့် အပြည့်အစုံတိုင်ပင် ညှိနှိုင်းပြီး၊ ၎င်းတို့၏ ထင်မြင်ယူဆချက်များကို လေးစားရမည်။

**ပုဒ်မ(၅၂)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရ အဖွဲ့အစည်းသည် ၎င်းဒေသအတွင်းရှိနေသည့် လူမျိုးပေါင်းစုံ နိုင်ငံသားများ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် နိုင်ငံသားရပိုင်ခွင့်များကို ရရှိခံစားရစေရန် အာမခံရမည်။ နိုင်ငံသားများအဖြစ် ၎င်းတို့၏ တာဝန်ဝတ္တရားများ ထမ်းဆောင်ရန် လိုအပ်ကြောင်းကို ပညာပေးရမည်။

**ပုဒ်မ(၅၃)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းသည် အမိနိုင်ငံ၊ ပြည်သူ့လုပ်အား၊ သိပ္ပံပညာနှင့် ဆိုရှယ်လစ်ဝါဒကို ချစ်မြတ်နိုးသည့် ပြည်သူ့နီတိ ကောင်းကျိုးများကို ချီးမြှောက်မြှင့်တင်ပေးရမည်။ လူမျိုးပေါင်းစုံ နိုင်ငံသားများအား ပြည်ချစ်ဝါဒ၊ ကွန်မြူနစ်ဝါဒနှင့် လူမျိုးများဆိုင်ရာ နိုင်ငံတော်၏ မူဝါဒကို ပညာပေးရမည်။ လူမျိုးပေါင်းစုံမှ ကေဒါများနှင့် ပြည်သူလူထုများကို တိုင်းပြည် တပေါင်းတစည်းတည်းရှိရေးနှင့် အမျိုးသားအားလုံး သွေးစည်းညီညွတ်ရေးအတွက် ပူးတွဲစောင့်ထိန်းကြရာတွင် လူမျိုးတမျိုးလျှင် တမျိုး ယုံကြည်မှု၊ အပြန်အလှန် လေ့လာသင်ယူမှု၊ အပြန်အလှန် ကူညီမှုပြုလုပ်ရန်နှင့်၊ အပြောနှင့် အရေးဘာသာစကားများ၊ ရိုးရာ ဓလေ့ထုံးတမ်းများနှင့် ဘာသာတရား ကိုးကွယ်ယုံကြည်မှုများကို အပြန်အလှန်လေးစားရန် ပညာပေးရမည်။

## အခန်း(၆)
## အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ ဦးဆောင်မှုနှင့်ကူညီပံ့ပိုးမှု

**ပုဒ်မ(၅၄)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများနှင့် သက်ဆိုင်သည့် အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များ၊ ဆုံးဖြတ်ချက်များ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ၎င်းနယ်မြေများ၏ အခြေအနေများနှင့် သင့်တော်ကိုက်ညီစေရမည်။

**ပုဒ်မ(၅၅)**

အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများသည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ စီးပွားရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး အရှိန်မြင့်စေရန် ဘဏ္ဍာရေး၊ ရုပ်ဝတ္ထုနှင့် နည်းပညာ အထောက်အကူများကို ထောက်ပံ့ဖြည့်ဆည်းပေးရမည်။

အမျိုးသားစီးပွားရေးနှင့် လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲရာ၌ အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများသည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၏ ထူးခြားသည့်လက္ခဏာများနှင့် လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရမည်။

## ပုဒ်မ(၅၆)

နိုင်ငံတော်သည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ စီးပွားရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီနိုင်ရန် အထူးရန်ပုံငွေများကို သီးသန့် ဖယ်ထားပေးရမည်။

နိုင်ငံတော်က သီးသန့်ဖယ်ထားသော အထူးရံပုံငွေများနှင့် လူမျိုးစုများသို့ ယာယီအထောက်အပံ့များကို မည်သည့် နိုင်ငံတော်ဌာနဆိုင်ရာကမှ ဖြတ်တောက်ခြင်း၊ ဆိုင်းငံ့ထိန်းချုပ်ထားခြင်း သို့မဟုတ် အလွဲသုံးစားပြုလုပ်ခြင်းတို့ကို ခွင့်မပြု။ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ၏ ပုံမှန် ဘတ်ဂျက် ရငွေများအတွက် အစားထိုး သုံးစွဲခြင်းကိုလည်း ခွင့်မပြု။

## ပုဒ်မ(၅၇)

လူနည်းစု အမျိုးသားများနှင့် ကုသန်းရောင်းဝယ်ရေးအတွက် နိုင်ငံတော်မူဝါဒနှင့်အညီ အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများသည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများတွင် ကုန်သန်းရောင်းဝယ်ရေး၊ ဖြန့်ဖြူးရောင်းချရေးနှင့်၊ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရပ်များအတွက် စဉ်းစားပေးရမည်။

## ပုဒ်မ(၅၈)

အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများသည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ဘဏ္ဍာရေးဆိုင်ရာ ရငွေ၊ သုံးငွေ များအတွက် အခြေခံကိန်းဂဏန်းများကို ကြောင်းကျိုးဆီလျော်စွာ ဝေဖန်ဆန်းစစ်ခြင်း သို့မဟုတ် ပြန်လည်ထိန်းညှိပေးခြင်းများ ပြုလုပ်ရမည်။

## ပုဒ်မ(၅၉)

ကုန်ထုတ်အရင်းအနှီးနှင့် အသက်မွေးမှု အရင်းအနှီးများကို ခွဲဝေဖြန့်ဖြူးရာတွင် အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများသည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရမည်။

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများမှ ထွက်ရှိသည့် စက်မှုနှင့် လယ်ယာထွက်ကုန်များ၊ အခြား ဒေသထွက်ကုန်နှင့် အထူးထွက်ကုန်များကို နိုင်ငံတော်မှ ဝယ်ယူရန်နှင့် ၎င်းသီးနှံများကို အထက်အဆင့် အဖွဲ့အစည်းများမှ ဖြန့်ဖြူးရန် စီမံကိန်းများချမှတ်သည့်အခါ အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများသည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများနှင့် ထုတ်လုပ်သူများ၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားရမည်။ အထက်အဆင့်မှ ဖြန့်ဖြူးရန် သင့်တင့်သည့် အခြေခံကိန်းဂဏန်းများ သို့မဟုတ် ဝယ်ယူမည့် အရေအတွက်နှင့် သိုလှောင်မည့် အရေအတွက်တို့၏ သင့်တင့်သည့် အချိုးအစားကို သတ်မှတ်ပေးရမည်။

**ပုဒ်မ(၆၀)**

ရင်းနှီးမြှုပ်နှံခြင်း၊ ချေးငှားခြင်း၊ အခွန်ကောက်ခံခြင်း ကိစ္စရပ်များနှင့် ကုန်ထုတ်လုပ်ခြင်း၊ ထောက်ပံ့ဖြန့်ဖြူးခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်တို့တွင် အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများသည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးဒေသများကို ဒေသဆိုင်ရာ အခြေခံကုန်ပစ္စည်းအရင်းအမြစ်များအား သင့်လျော်မှန်ကန်စွာ အကျိုးဖြစ်ထွန်းစေရန် အသုံးပြုရာ၌ ကူညီထောက်ပံ့ပေးရမည်။ ဒေသ၏ စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် စွမ်းအင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူနည်းစု အမျိုးသားတို့ အထူးလိုအပ်သော ကုန်ပစ္စည်းများ ထုတ်လုပ်ရေးနှင့် ရိုးရာလက်မှုလုပ်ငန်း ကုန်ထုတ်ပစ္စည်းများ အဆင့်မြင့် တိုးတက်ဖွံ့ဖြိုးလာစေရန်တို့အတွက် ကူညီရမည်။

**ပုဒ်မ(၆၁)**

အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများသည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ လုပ်ငန်းဆောင်ရွက်မှု၊ စီမံခန့်ခွဲမှုရေချိန်နှင့် ကုန်ထုတ်လုပ်ရေး နည်းပညာရေချိန် တိုးတက်မြင့်မားလာအောင် ကူညီနိုင်ရန် စီးပွားရေးအရ တိုးတက်ဖွံ့ဖြိုးပြီးဖြစ်သည့် နယ်မြေဒေသများအား စီးပွားရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်ပတ်သက်၍ ထောက်ကူစေရမည်။

**ပုဒ်မ(၆၂)**

နိုင်ငံတော်သည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများရှိ အရင်းအမြစ်များကို အသုံးချမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှု၌၊ ၎င်းဒေသများ၏ အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားရမည်။ ၎င်းဒေသများ၏ စီးပွားရေးတည်ဆောက်မှုအတွက် အဆင်ပြေ အခွင့်သာစေရန် စီစဉ်ဆောင်ရွက်ပေးရမည်။ လူနည်းစု အမျိုးသားများ၏ ကုန်ထုတ်လုပ်ရေး ကြိုးပမ်းအားထုတ်မှုနှင့် လူမှုဘဝကို လျော်ကန်သင့်မြတ်စွာ အလေးထားအာရုံစိုက်ရမည်။

အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများနှင့် ပူးပေါင်းတွဲဖက်ထားသော်လည်း အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများတွင်ရှိသော စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများသည် ဝန်ထမ်းခန့်အပ်နေရာချထားရာတွင် ဒေသအတွင်းရှိ လူနည်းစု အမျိုးသားများကို ဦးစားပေးရမည်။

အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းများနှင့် ပူးပေါင်းတွဲဖက်ထားသော်လည်း အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေများ၌ရှိသော စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများသည် ဒေသခံ ကိုယ်ပိုင်အုပ်ချုပ်ရေး အစိုးရအဖွဲ့အစည်းများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာကို လေးစားလိုက်နာကာ ၎င်းတို့၏ ကြီးကြပ်မှုကို လက်ခံရမည်။

**ပုဒ်မ(၆၃)**

အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေးနယ်မြေ၏ ကိုယ်ပိုင်အုပ်ချုပ်ရေးအစိုးရအဖွဲ့အစည်း သဘောတူညီချက် မရရှိဘဲ၊ မည်သည့် အထက်အဆင့် နိုင်ငံတော်အဖွဲ့အစည်းကမှ ဒေသ

အစိုးရအုပ်ချုပ်မှုအောက်မှ စီးပွားရေးလုပ်ငန်းတခု၏ ပူးပေါင်းတွဲဖက်မှု အနေအထားကို ပြောင်းလဲ မပစ်နိုင်။

**ပုဒ်မ(၆၄)**

အထက်အဆင့် နိုင်ငံတော်အဖွဲ့ အစည်းများသည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများအနေဖြင့် အဆင့်အမျိုးမျိုးရှိ ဒေသခံလူမျိုးစုကေဒါများ၊ အထူးပြု ကျွမ်းကျင်ဝန်ထမ်းများ နှင့် ပညာပိုင်းအမျိုးမျိုး၊ လုပ်ငန်းအမျိုးမျိုးအတွက် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးမြူမှုကို ကူညီရမည်။ ဒေသလိုအပ်ချက် နှင့်အညီ သဏ္ဌာန်အမျိုးမျိုးဖြင့် သင့်လျော်သော အရေအတွက်ရှိသည့် ကျောင်းဆရာများ၊ ဆရာဝန်များ၊ သိပ္ပံပညာရှင်များနှင့် နည်းပညာရှင်များကိုရော၊ မန်နေဂျာပိုင်း အမှုဆောင်အရာရှိများကိုပါ အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသများတွင် အလုပ်လုပ်ရန် စေလွှတ်ပေးရမည်။ ၎င်းတို့အား သင့်တော်သည့် ခံစားခွင့်များ ဖြည့်ဆည်းပေးရမည်။

**ပုဒ်မ(၆၅)**

အထက်အဆင့် နိုင်ငံတော်အဖွဲ့ အစည်းများသည် အမျိုးသားကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေများ၏ ပညာရေးတိုးတက်ဖွံ့ဖြိုးစေရန် အရှိန်မြှင့်ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဒေသခံလူမျိုးစုများ၏ သိပ္ပံနှင့်ယဉ်ကျေးမှု အဆင့်အတန်းများ မြင့်မားလာစေရန် ဆောင်ရွက်ပေးရာတွင်လည်းကောင်း ကူညီရမည်။

နိုင်ငံတော်က လူမျိုးစုတက္ကသိုလ်များကို ထူထောင်ရမည်။ အခြားအဆင့်မြင့် ပညာရေးတက္ကသိုလ်များတွင်လည်း လူနည်းစုအမျိုးသား ကျောင်းသားများကိုသာ လက်ခံသော၊ လူမျိုးစု အဓိကထားသော သင်တန်းများနှင့် ကျောင်းဝင်ခွင့် အကြိုသင်တန်းများကို တည်ထောင်ပေးရမည်။

ဦးစားပေး ကျောင်းဝင်ခွင့်နှင့် ဦးစားပေး အလုပ်ခန့်အပ်ခြင်း စနစ်များကိုလည်း ချမှတ်နိုင်သည်။ ကျောင်းဝင်လက်ခံရာတွင် အဆင့်မြင့် ပညာရေး တက္ကသိုလ်များနှင့် စက်မှုအထက်တန်းကျောင်းများက လူနည်းစုအမျိုးသားကျောင်းသားများအတွက် ကျောင်းဝင်ခွင့် စံနှုန်းနှင့် အရည်အချင်း သတ်မှတ်ချက်တို့ကို သင့်တော်စွာ နှိမ့်ချပေးရမည်။

**ပုဒ်မ(၆၆)**

အထက်အဆင့် နိုင်ငံတော်အဖွဲ့ အစည်းများသည် လူမျိုးပေါင်းစုံ ကေဒါများနှင့် ပြည်သူလူထုများအတွင်း လူမျိုးစုများနှင့် သက်ဆိုင်သည့် အစိုးရမူဝါဒများအား ပညာပေးရေးကို အရှိန်အဟုန် မြှင့်ရမည်။ ဤမူဝါဒများနှင့် သက်ဆိုင်ရာဥပဒေများကို အကောင်အထည်ဖော်မှုနှင့် စောင့်ထိန်းလိုက်နာမှုကို မကြာခဏ ပြန်လည်သုံးသပ်ရမည်။

## အခန်း(ရ)
## နောက်ဆက်တွဲ ပြဋ္ဌာန်းချက်များ။

**ပုဒ်မ(၆၇)**

ဤဥပဒေကို နိုင်ငံလုံးဆိုင်ရာ ပြည်သူ့ကွန်ဂရက်က အတည်ပြု ပြဋ္ဌာန်းပြီး ၁၉၈၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်အာဏာ တည်စေရမည်။

---

Law of the Poeple's Republic of China on Regional National Autonomy ကို ဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။

---

◆◆◆

တရားစီရင်ရေး

# အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ(၅)(င)ဖြင့် အရေးယူတရားစွဲဆိုခြင်းခံရပြီးထောင်ဒဏ်ခုနှစ်နှစ်ချမှတ်ခံရသော ပဲခူးမြို့နေရှေ့နေဦးအေးမြင့်၏အမှုအပေါ် သုံးသပ်တင်ပြချက်

ဥပဒေအထောက်အကူပြုဌာန
မြန်မာနိုင်ငံရှေ့နေများကောင်စီ

**အမှုဖြစ်ကြောင်းအကျဉ်းချုပ်**

ဒိုက်ဦးမြို့နယ် ဖောင်တော်သီကျေးရွာအတွင်း၌ **လူထုပိုင်ကျွဲနွားများ စားသုံးခွင့်ရခဲ့သည့် စားကျက်မြေ ယခင်က စုစုပေါင်း (၄၅၂.၅၆) ကေ** ရှိခဲ့သည်။ ယင်းတို့အား နအဖ အာဏာပိုင် အဖွဲ့အစည်းများက အောက်ပါအတိုင်းခွဲဝေရယူခဲ့ကြသည်။

(၁) ခလရ (၃၀) အတွက် မြေ (၈၂.၅၀) ကေ၊
(၂) အမှတ် (၁) တပ်မတော်အသင်း မွေးမြူရေးအသင်း အတွက် မြေ (၇၉.၉၈) ကေ၊
(၃) မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွက် မြေ (၅၂) ကေ၊
(၄) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွက် မြေ (၅၈.၈၂) ကေ

စစ်တပ်နှင့် ၎င်းနှင့် ဆက်စပ်သော အဖွဲ့အစည်းများက ခွဲဝေရယူလိုက်သော စုစုပေါင်း မြေကေမှာ **(၂၇၃.၃၀)** ဖြစ်သည်။ ထို့အပြင် ပယ်လမ်းမြေဟု သတ်မှတ်သော မြေ (၄၄.၉၃) ကေ၊ နှင့် ခြံကွက်များပေးရန်မြေ (၂) ကေ **စုစုပေါင်း (၄၆.၉၃) ကေ** ကို နုတ်လိုက်သောအခါ **ကျွဲနွားစားကျက်မြေအဖြစ် လယ်သမားများ ဆက်လက်သုံးစွဲနိုင်သောမြေမှာ (၁၃၂.၅၆) ကေ** သာကျန်ရှိတော့သည်။ ထိုအခါ ယင်းဒေသရှိ ကျွဲ၊ နွားကောင်ရေ (၃၀၀၀) ခန့်မှာ အစာရေစာပြတ်လတ်မှုနှင့် ကြုံတွေ့နေရသောကြောင့် ယင်းသို့ ခွဲဝေသတ်မှတ်မှု အပေါ် လယ်သမားများက မကျေနပ်၍ တရားရုံးချုပ်ရှေ့နေ ဦးအေးမြင့်ထံ အကူအညီတောင်းခံ အမှုအပ်ခဲ့သည်။ ဦးအေးမြင့်မှ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဆက်သွယ်ရေးအရာရှိ မစ္စတာရစ်ချတ်ဟိုဆေးနှင့် ဆက်သွယ်၍ တိုင်ကြားပေးခဲ့ရာမှ အမှု စတင်ခဲ့ခြင်းဖြစ်ပါသည်။

ဤသို့ ဆောင်ရွက်ပေးခဲ့သည့်အပေါ် (၅ ၊ ၆ ၊ ၂၀၀၅) နေ့ တွင် ဒု ရဲအုပ်ဝင်းသွင်ဦး ကတရားလိုပြု၍ မမှန်မကန် သတင်းဖြစ်ပေါ် စေရန်နှင့် ဒေသဆိုင်ရာအုပ်ချုပ်မှု ဝတ္တရားပျက် ပြားစေရန် ရည်ရွယ်၍ မမှန်မကန် တိုင်ကြားစာပြုလုပ်ပေးခဲ့ကြောင်းဖြင့်၊ တရားရုံးချုပ်ရှေ့နေ ဦးအေးမြင့်အပေါ် (၁၉၅၀) ပြည့်နှစ် အရေးပေါ် စီမံမှုအက်ဥပဒေ ပုဒ်မ ၅(င)အရ အရေးယူပေး ပါရန် တိုင်တန်းသော အမှုဖြစ်သည်။

(၂၇၊ ၈ ၊ ၀၅)နေ့တွင် ရဲက ရှေ့နေဦးအေးမြင့်ကို ဖမ်းပြီး (၂၈၊ ၈ ၊ ၀၅)နေ့တွင် ရဲစခန်း၌ ပထမသတင်းပေး တိုင်ချက်ဖွင့်ခဲ့သည်။ (၂၉၊ ၃၊ ၀၅) နေ့ တွင် အမှုကို ဒိုက်ဦးမြို့နယ် တရားရုံး ၌ ၂၀၀၅ ခုနှစ် ပြစ်မှုကြီး အမှုအမှတ် ၉၆၀ဖြင့် ဖွင့်လှစ် တရားစွဲတင်ပြီး (၃၁၊ ၁၀၊ ၀၅) နေ့ တွင်အရေးပေါ် စီမံမှုအက်ဥပဒေ ပုဒ်မ ၅(င)ဖြင့် အလုပ်နှင့်ထောင်ဒဏ် (၇) နှစ် ချမှတ်ခဲ့သည်။ ရှေ့နေဦးအေးမြင့်က ၎င်းအမိန့်ကို မကျေနပ်သဖြင့် ပဲခူးမြို့ ပဲခူးခရိုင် တရားသူကြီး ရုံးတော်၌ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၇၊ ၄၀၈ အရ (၂၀၀၆ခုနှစ်၊ ပြစ်မှု အယူခံမှုအမှတ် (၂) ဖြင့် (၂ ၊ ၁၊ ၂၀၀၆)နေ့တွင် အယူခံဝင်ရောက်ခဲ့သည်။ အဆိုပါ အယူခံမှုကို ပဲခူးခရိုင် တရားသူ ကြီးရုံးက အကျဉ်းနည်းဖြင့် ပလပ်ခဲ့သည်။ တဖန် ရှေ့နေဦးအေးမြင့်က ပြစ်မှုကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၅၊ ၄၃၉အရ ပဲခူးမြို့ ပဲခူးတိုင်းတရားသူကြီးရုံးတော်၌ ၂၀၀၆ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင် ဆင်မှုအမှတ် ၄၇ အရ (၆၊ ၃၊ ၂၀၀၆) နေ့က တင်သွင်း၍ ပြင်ဆင်ပေးပါရန် လျှောက်ထား ခဲ့သည်။ ပဲခူးတိုင်း တရားသူကြီးရုံးကလည်း အဆိုပါနေ့မှာပင် အကျဉ်းနည်းဖြင့် ထပ်မံပလပ်ခဲ့ သည်။ ထို့ကြောင့် ၎င်းအမှုအား ဗဟိုတရားရုံးသို့ထပ်မံအယူခံ လျှောက်ထားဆဲဖြစ်သည်။

ဤအမှုတွင် အငြင်းမပွားသော အချက်မှာ ဒေသခံလယ်သမားများ နှစ်ရှည်လများ အသုံးပြုလျက်ရှိသော စားကျက်မြေကို နအဖအာဏာပိုင်များ၏ ညွှန်ကြားချက်အရ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့က ခွဲဝေသတ်မှတ်ပေးရာမှ ပြဿနာစတင်လာခဲ့သည် ဟူသော အချက်ပင် ဖြစ်သည်။

## ပြစ်မှုပုဒ်မမူရင်းအဓိပ္ပာယ်

၁၉၅၀ခုနှစ် အရေးပေါ် စီမံမှုအက်ဥပဒေ ပုဒ်မ ၅(င) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ ဓမမှန် သည်ကိုသိလျက် (သို့) မမှန်ဟု ယုံကြည်လောက်အောင် အကြောင်းရှိလျက် မမှန်သတင်း လွှင့်ရန် ကြံရွယ်၍ တခုခုပြုလုပ်လျှင် (သို့) ယင်းသို့ဖြစ်စေရန် အကြောင်းရှိသော အမှုကို ပြုလျှင်ဟု ဖွင့်ဆိုထားသည်။

## ရှေ့နေဦးအေးမြင့်တွင်အပြစ်ရှိကြောင်း ဒိုက်ဦးမြို့နယ်တရားရုံး၏အဓိက စီရင်ဆုံးဖြတ်ချက်

ပဲခူးခရိုင်တရားရုံးနှင့် တိုင်းတရားရုံးများမှ ဤအမှုကို အကျဉ်းနည်းဖြင့် ပလပ်ခဲ့ကြသော ကြောင့် ရှေ့နေဦးအေးမြင့်အပေါ် ပြစ်ဒဏ်ချမှတ်ခဲ့သော ဒိုက်ဦးမြို့နယ်တရားရုံး၏ ဆုံးဖြတ် ချက်အပေါ်တွင်သာ သုံးသပ်ရမည်ဖြစ်ပေသည်။ ဒိုက်ဦးမြို့နယ်တရားရုံးက ဦးအေးမြင့်တွင် အပြစ်ရှိကြောင်း အောက်ပါ သက်သေထွက်ချက်များကို ကိုးကား၍ စီရင်ချက်ချမှတ်ခဲ့သည်။

**လိုပြ (၁၃) ဦးအေးငွေ (မယက အတွင်းရေးမှူး)**

စားကျက်မြေနှင့် ပတ်သက်၍ ကျွဲနွား ၁၆၀၀ နှင့် လုံလောက်မှုရှိကြောင်း၊ အစည်းအဝေးတွင်လည်း မကြေနပ်ဟု တင်ပြခြင်းမရှိပါကြောင်း။

**လိုပြ (၁) ဒုရဲအုပ်ဝင်းသွင်ဦး**

မြေယာခွဲဝေပေးမှုအပေါ် လယ်သမားများ ကြေနပ်မှုရှိပါလျက် တရားခံ (ရှေ့နေ ဦးအေးမြင့်) ရောက်ရှိလာပြီး လယ်သမားများအား စည်းရုံး၍ မမှန်မကန် တိုင်စာရေးပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်အို) သို့ တိုင်ကြားခဲ့ကြောင်း သိရပါသဖြင့် ဦးအေးမြင့် အပေါ် အရေးယူပေးပါရန် အမှုဖွင့်လှစ် တိုင်တန်းရပါကြောင်း။

**လိုပြ (၃) ဦးလှမင်း (ရယက အဖွဲ့ဝင်)**

ဦးအေးငွေခေါင်းဆောင်သည့် အဖွဲ့နှင့် လယ်သမားများ စားကျက်မြေညှိနှိုင်းရာတွင် ကျေနပ်မှု ရှိမရှိ အဆိုပြုခြင်းမရှိကြောင်း။ ဆရာတော်က တိုင်စာကို ပြန်လည်ရုပ်သိမ်းပါကြောင်း။ ရုပ်သိမ်းလွှာ လက်မှတ်ရေးထိုးပေးကြောင်း။

**လိုပြ (၄) ဦးတင်လှ (မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အကြီးတန်းစာရေး)**

စားကျက်မြေနှင့်ပတ်သက်၍ ခေါ်ယူရှင်းလင်းစဉ် လယ်သမားများက ကန့်ကွက်မှုမရှိဘဲ အားလုံးသဘောတူကြောင်း ဆွေးနွေးခဲ့ကြကြောင်း။ ဦးအေးမြင့် နှင့် ယခုအမှု မည်သို့ဆက်စပ်ပတ်သက်သည်ကို မသိကြောင်း။

**လိုပြ(၅) ဦးတင်ငွေ (စစ်မှုထမ်းဟောင်း)**

လယ်သမားများနှင့် ရှင်းလင်းစဉ် လယ်သမားများ ပိုမိုရရှိရန် ထပ်မံတင်ပြပေးစေလိုကြောင်းသာ ပြောကြောင်း၊ မိမိတို့အဖွဲ့က ကျေနပ်ပါကြောင်း။

**လိုပြ (၁၁) ဦးထွန်းလွင် (မြို့နယ်မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာန ဦးစီးမှူး)**

ခွဲဝေပေးသည့် စားကျက်မြေ (၁၃၅) ဧကမှာ ကျွဲနွားများစားသုံးရန် လုံလောက်မှုရှိပါကြောင်း၊ အစာရေစာ ပြတ်လပ်သေဆုံးသည့် ကျွဲနွား လုံးဝမရှိပါကြောင်း။

## ဒိုက်ဦးမြို့နယ်တရားရုံးမှ ကိုးကားသော တရားလိုပြသက်သေများနှင့် ၎င်းတို့၏ ထွက်ဆိုချက်များအပေါ် သုံးသပ်ချက်

၁။ အထက်အာဏာပိုင်များ၏ ညွှန်ကြားချက်အရဟုဆိုကာ မယက အတွင်းရေးမှူး ဦးအေးငွေ က လယ်သမားများ ကြေနပ်မှုရှိစေရန် တွေ့ဆုံရှင်းလင်းဆွေးနွေးသည်၊ စီရင်ချက်၌ အခြားလိုပြသက်သေများ၏ ထွက်ချက်ကို တကြိမ်သာ ကိုးကားထားသော်လည်း မယက အတွင်းရေးမှူး ဦးအေးငွေ၏ အကြောင်းအရာတူ ထွက်ဆိုချက်ကို နှစ်ကြိမ် (စာပုဒ်နှစ်ပိုဒ်မျှပင်

ဖော်ပြ) ကိုးကားထားကြောင်း တွေ့ရသည်။ တရားရုံးသည် အုပ်ချုပ်ရေးအာဏာပိုင်များဘက်တွင် ရပ်တည်၍ ဘက်လိုက် စီရင်ချက်ချမှတ်သည့် အထောက်အထားဖြစ်သည်။

၂။ ဒုရဲအုပ်ဝင်းသွင်ဦး ထွက်ဆိုထားသည့် (ရှေ့နေဦးအေးမြင့်သည် လယ်သမားများအား စည်းရုံးပြီး မမှန်မကန် တိုင်ကြားစာ ရေးသားပေးပို့သည်) ဟူသောအချက်ကို မည်သည့်တရားလိုပြသက်သေကမျှ ထောက်ခံထွက်ဆိုထားခြင်းမရှိပါ။

၃။ လိုပြ (၃) ဦးလှမင်း နှင့် လိုပြ (၄) ဦးတင်လှတို့မှာ အုပ်ချုပ်ရေးအာဏာပိုင်နှင့်အစိုးရအမှုထမ်းများသာ ဖြစ်သည့်အပြင် ၎င်းတို့၏ အထက်ဖော်ပြပါ ထွက်ဆိုချက်များအရ ရှေ့နေဦးအေးမြင့်အား အပြစ်ပေးနိုင်လောက်အောင် မည်သည့်အချက်အလက်မျှ ပါရှိခြင်းမရှိပါ။

၄။ လိုပြ (၅) ဦးတင်ဋ္ဌေ မှာလည်း နအဖမှ ဖွဲ့စည်းပေးထားသော စစ်မှုထမ်းများအဖွဲ့မှဖြစ်ပြီး စားကျက်မြေများ ရရှိခံစားနေကြသူများထဲတွင် ပါဝင်နေသဖြင့် ကြေနပ်နေသူဖြစ်သည်။ ၎င်းကလည်း ရှေ့နေဦးအေးမြင့် အကြောင်း တလုံးတပါဒမျှ ထွက်ဆိုနိုင်ခြင်းမရှိပါ။

၅။ လိုပြ (၁၁) ဦးထွန်းလွင် (မြို့နယ်မွေးမြူရေးနှင့် ဆေးကုသရေး ဦးစီးဌာန ဦးစီးမှူး)၏ထွက်ဆိုချက်အရ ***ကျွဲနွားများစားသုံးရန် လုံလောက်ကာ အစာရေစာ ပြတ်လပ်သေဆုံးမှု မရှိသည်မှာ ပေါ်လွင်ကြောင်းဖြင့်*** ဒိုက်ဦးမြို့နယ်တရားရုံး တရားသူကြီး ဦးမြပဟန်မှ သုံးသပ်လိုပုံရသည်။ လိုပြ ဦးထွန်းလွင် သည်လည်း ရှေ့နေဦးအေးမြင့်နှင့် စပ်လျဉ်း၍ ဦးအေးမြင့် သည် မမှန်သတင်းလွှင့်ရန် ကြံရွယ်၍ တိုင်စာကို ရေးသားပေးပို့ခဲ့ပါကြောင်းဖြင့် ထွက်ဆိုခဲ့ခြင်းမရှိချေ။

အထက်ပါ တရားလိုပြသက်သေထွက်ဆိုချက်များကို ကိုးကားကာ ဦးမြပဟန် တရားသူကြီးအဖြစ်ဆောင်ရွက်သော ဒိုက်ဦးမြို့နယ်တရားရုံးက **(လယ်သမားများက မကျေနပ်ကြောင်းနှင့် ကျွဲနွားများ အစာရေစာပြတ်လပ်မှုရှိကြောင်းတို့မှာ မမှန်ဟုသိလျက်နှင့် မမှန်သတင်းလွှင့်ရန် ကြံရွယ်၍ မမှန်မကန်တိုင်ကြားစာ ပြုလုပ်ပေးခဲ့သည်ဖြစ်၍)** ဟူပြီး သုံးသပ်ကာ ရှေ့နေဦးအေးမြင့် အပေါ် ထောင်ဒဏ် ခုနှစ်နှင့် ပြစ်ဒဏ်စီရင်ခဲ့သည်။

ဤအမှုတွင် အဓိက သုံးသပ်ရန်မှာ နှစ်ချက်ရှိသည်။

၁။ စားကျက်မြေများနည်းပါးလာမှုကြောင့် ကျွဲနွားများစားသုံးရန် မလုံမလောက်ဖြစ်ကာ အစာရေစာ ပြတ်လပ်လာသဖြင့် လယ်သမားများ မကျေမနပ်ရှိလာသည် ဟူသောအချက်မှာ မမှန်သတင်းဖြစ်သလား။

၂။ ရှေ့နေ ဦးအေးမြင့် သည် မမှန်သတင်းကို ထုတ်လွှင့်ရန် တမင်ကြံရွယ်၍ လုပ်ဆောင်ခဲ့သလား။

## ဒိုက်ဦးမြို့နယ်တရားရုံး၏ ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်ကွဲလွဲသော ထွက်ဆိုချက်များ

စားကျက်မြေများနည်းပါးလာမှုကြောင့် ကျွဲနွားများစားသုံးရန် မလုံမလောက်ဖြစ်ကာ အစာရေစာ ပြတ်လပ်လာသဖြင့် လယ်သမားများ မကျေမနပ်ရှိလာသည် ဟူသောအချက်မှာ မမှန်သတင်းမဟုတ်ကြောင်း အောက်ပါ သက်သေထွက်ဆိုချက်များအရ ထင်ရှားသည်။

## လိုပြ (၂) ဦးကြီးမောင်

ဖောင်တော်သီကျေးရွာတွင် လွှန်ခဲ့သော ၁၉၅၈ ခုနှစ်မှ စတင် နေထိုင်လာခဲ့ခြင်းဖြစ်ပါသည်။

ရွာမပိုင်းတွင် ယခင်က စားကျက်မြေ (၄၅၂) ဧက ရှိပါသည်။ ၁၉၉၉ ခုနှစ်ခန့် မှစ၍ စားကျက်မြေပေါ်တွင် ခလရ (၃၀)၊ အတမ (၁)၊ ပြည်ခိုင်ဖြိုး၊ မြို့နယ် စစ်မှုထမ်းဟောင်းများ အဖွဲ့မှ လယ်ယာမြေများ ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ထိုသို့ အဖွဲ့ အစည်းအသီးသီးမှ စားကျက်မြေပေါ်တွင် လယ်ယာဝင်ရောက်လုပ်ကိုင်သည့် ကိစ္စနှင့်ပတ်သက်၍ လယ်သမား များအနေဖြင့် ကျွဲနွားများစားသုံးရန် ခက်ခဲနေကြောင်း အထက်လူကြီးများသို့ တင်ပြကြပါသည်။ မယက အတွင်းရေးမှူး ဦးအေးငွေ မှ စားကျက်မြေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပါသည်။ လယ်သမားများက စားကျက်မြေ (၁၃၂) ဧက သည် ကျွဲနွားများ စားသုံးရန် မလုံလောက်ကြောင်း တင်ပြကြပါသည်။

## လိုပြ (၃) ဦးလှမင်း

တိုင်တန်းသူ ဦးကံရပါ လယ်သမား (၁၅) ဦးအပါအဝင် ကျူးကျော်နေထိုင်သူ လေးဆယ်နှင့် စုစုပေါင်း (၆၅) ဦးခန့် တက်ရောက်ပြီး လယ်ယာမြေနှင့် ပတ်သက်၍ ဦးအေးငွေမှ ရှင်းလင်းဆွေးနွေးတင်ပြပါသည်။

ဦးကံရမှ မိမိတို့ ယခင်က ရှိပြီးသည့် စားကျက်မြေ (၄၅၂) ဧက ပြန်ရမှ ကျေနပ်မည်ဖြစ်ကြောင်း တင်ပြရာ ဦးအေးငွေမှ ဦးကံရတို့အဖွဲ့ တောင်းဆိုထားသည့် (၁၃၂) ဧက ခွင့်ပြုပြီးဖြစ်ကြောင်း ကျေနပ်ရန်ပြောရာ ဦးကံရမှ ဘာမှ ပြန်မပြောတော့ပါ။

လယ်သမားများ မကျေနပ်ကြောင်း ထင်ရှားသည်။ ရှင်းလင်းပွဲ၌ မယက အတွင်းရေးမှူး ကိုယုံ၍ပြိုင်ပြီး **ဆက်လက်မပြောရဲကြသဖြင့်သာ ငြိမ်နေလိုက်ကြရကြောင်း သုံးသပ်နိုင်သည်။**

## လိုပြ(၅) ဦးတင်ငွေ

မယက အတွင်းရေးမှူး ဦးတင်ငွေက ယခုသတ်မှတ်ပေးသည့် ဧကမှာ အထက်မှ ခွဲဝေသတ်မှတ်ပေးခြင်းဖြစ်ကြောင်း ထပ်မံတောင်းခံပါက တင်ပြမည်ဖြစ်ကြောင်း ပြန်ပြောပါသည်။ ထို့အပြင်လယ်သမား ဦးကြိုင်မှ လည်း ယခုသတ်မှတ်ပေးသည့် စားကျက်မြေမှာ လောက်ငှမှု မရှိသဖြင့် မြို့နယ်တာဝန်ရှိသူများ အနေဖြင့် ထပ်မံတင်ပြနိုင်ပါက ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း တင်ပြပါသည်။

## လိုပြ (၆) ဦးကံရ

စားကျက်မြေ ၁၃၂ ဧက မှာ လက်ရှိကျွဲ၊ နွားများနှင့် လုံလောက်မှုမရှိကြောင်း မူလအတိုင်းထားပေးရန် ကျွန်တော်တို့ ကိုယ်တိုင် ထပ်မံတင်ပြပါသည်။ ရဲက စွပ်စွဲထားသလို စားကျက်မြေ ၁၃၂ ဧကနှင့် ပတ်သက်၍ ကျွန်တော်တို့က ကျေနပ်ပါလျက်နှင့် ဦးအေးမြင့်က မမှန်မကန်ဖြစ်အောင် စည်းရုံးလှုံ့ဆော်ခဲ့သည်မှာ လုံးဝ မဟုတ်မမှန်ပါ။

## လိုပြ (၇) ဦးကြိုင်

စားကျက်မြေ ၁၃၂ ဧက မှာ ခွင့်ပြုသတ်မှတ်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ လောက်ငှမှုမရှိပါ။ ကျွန်တော်တို့သည် ဦးကံရတို့နှင့်အတူ လယ်သမား ၁၅ ဦးတို့သည် စိတ်တူ သဘောတူ တိုင် ကြားခဲ့ခြင်းဖြစ်ပါသည်။ ဦးအေးမြင့် နှင့် ကျွန်တော်တို့တွေ့သည်မှာ ၂၀၀၅ ခုနှစ်တွင်ဖြစ်သည်။ ကျွန်တော် တို့လယ်သမားများက ကန့်ကွက်ခဲ့သည်မှာ ၁၉၉၈ ခုနှစ်မှ ယနေ့ ၂၀၀၅ အထိဖြစ်ပါသည်။

## လိုပြ (၈) ဦးကျော်သိန်း

စားကျက်မြေနှင့်ပတ်သက်၍ အထက်လူကြီးများထံသို့ မကြာခဏ တင်ပြသော်လည်း ထူးခြားမှုမရှိကြောင်း ပြောသည်။ ထိုသို့ထူးခြားမှု မရှိကြောင်းကို ဦးအေးမြင့်အား ပြောပြ၍ အကူအညီတောင်းခံခဲ့ပါသည်။ တောင်သူလယ်သမားများ ဖြစ်ပြီး စာများမရေးတတ်သဖြင့် ဦးအေးမြင့်အား အကူအညီတောင်းခံခြင်းဖြစ်ပါသည်။

## လိုပြ (၉) ဦးလှသိန်း

သက်ဆိုင်ရာ အထက်အဖွဲ့အစည်းများသို့ စားကျက်မြေ ပြန်ရရန် နှစ်စဉ်တင်ပြကြပါသည်။ စားကျက်မြေ (၁၃၂) ဧကမှာနည်းပါးပြီး ကျွဲနွားကောင်ရေမှာ များပြားသဖြင့် အစာရေစာပြတ်လပ်ပြီး ကျွဲနွားများအတွက် ကျနော်တို့ကိုယ်တိုင် ခံစားနေရပါသည်။

## လိုပြ (၁၀) ဦးဝင်းမောင်

တိုင်ကြားသည့်ကိစ္စနှင့်ပတ်သက်၍ ဦးအေးမြင့်သည် လယ်သမားများ၏ မေတ္တာရပ်ခံချက်အရ ဆောင်ရွက်ပေးရခြင်းဖြစ်၍ တိုင် ကြားသည့်ကိစ္စတွင် ဦးအေးမြင့်တွင် တာဝန်တစုံတရာမရှိပေ။ ဦးမြပါလနှင့်လယ်သမား (၁၅) ဦးထံတွင် တာဝန်ရှိသည်ဆိုလျှင် မှန်ပါသည်။ စားကျက်မြေ (၁၃၂ ဧက) နှင့်ပတ်သက်၍ ကျွဲနွားများမှာ မလောက်မင စားစရာမရှိ၍ ကုန်းပေါ်နေသောကြောင့် ယခုအချိန်အထိ မကျေနပ်ဘူးဆိုလျှင် မှန်ပါသည်။

ဒိုက်ဦးမြို့နယ်တရားရုံးသည် တရားလိုပြသက်သေများအဖြစ် ထွက်ဆိုကြသူများအနက် လယ်သမားသက်သေ ရှစ်ယောက်၏ အထက်ဖော်ပြပါ ထွက်ဆိုချက်များကို လုံးဝကိုးကားသုံးသပ်သွားခဲ့ခြင်း မရှိချေ။ အဆိုပါထွက်ဆိုချက်များအရ ဆိုလျှင် စားကျက်မြေကိစ္စနှင့်စပ်လျဉ်း၍ လယ်သမားများ မကျေမနပ်ဖြစ်ကြသည်ဟူသောအချက်မှာ မမှန်သတင်းမဟုတ်ကြောင်းထင်ရှားသည်။

## လိုပြ (၁၁) ဦးထွန်းလွင် (တိကျ၊ မြို့နယ်ဦးစီးမှူး)

၎င်းကို ပြန်လည်ခေါ်ယူ၍ ပြန်လှန်စစ်မေးရာမှာပင် (ကျနော်တို့ကလည်းဖြေရှင်းမပေးနိုင်သဖြင့် လယ်သမားများမကျေနပ်၍ တိုင်ကြားခဲ့သဖြင့် ယခုလို ပြဿနာဖြစ်ခဲ့သည်ဆိုလျှင် မှန်ပါသည်။) ဟူ၍ ဝန်ခံထွက်ဆိုခဲ့ကြောင်း တွေ့ရသည်။

## အကြောင်းခြင်းရာနှင့် ဥပဒေကြောင်းအရ နိဂုံးချုပ်သုံးသပ်ချက်

၁။ မူလရှိရင်းစွဲ စားကျက်မြေ (၄၅၂ ဒသမ ၅၉) ကေမှ နောက်ဆုံးလက်ကျန် (၁၃၂ ဒသမ ၅၆) ကေသာ ကျန်ရှိတော့ခြင်းမှာ ကျွဲနွားများ အစာရေစာ အခက်အခဲဖြစ်သွားနိုင်သည့် အဓိကအချက်ဖြစ်ပေသည်။ ယင်းအချက်သည် မမှန်သတင်းမဟုတ်ချေ။ ယင်းဖြစ်ရပ်အပေါ် မကျေနပ်သည့် လယ်သမားများ ပေါ်ပေါက်လာခြင်းမှာ အမှုဖြစ်စဉ်တွင် ထည့်သွင်းသုံးသပ်ရန် အဓိကအချက်များဖြစ်ပါလျက် စီရင်ချက်တွင် ထည့်သွင်းသုံးသပ်ခဲ့မှု မရှိခြင်းသည် မူလတရားရုံး၏ တာဝန်ပျက်ကွက်မှုဖြစ်သည်။

၂။ စားကျက်မြေများ နည်းပါးလာမှုကြောင့် ကျွဲနွားများ စားသုံးရန် မလုံမလောက်ဖြစ်ကာ အစာရေစာ ပြတ်လပ်လာသဖြင့် လယ်သမားများ မကျေမနပ်ရှိလာသည်ဟူသော အချက်မှာ မမှန်သတင်းဟု သုံးသပ်၍ မရနိုင်ချေ။ မိမိတို့၏ ကျွဲနွားများအခြေအနေကို မိမိတို့သိသော လယ်သမားများ ကိုယ်တိုင်က ထုတ်ဖော်တင်ပြကြခြင်းဖြစ်သည်။ ကျွဲနွားများ သေဆုံးသည်အထိ ဖြစ်မဖြစ် ဟူသည်ကို အတိအကျပြောရန် ခက်သော်လည်း တိုင်စာတွင် ဖော်ပြထားသဖြင့် တာဝန်ရှိစေမည်ဆိုလျှင် လက်မှတ်ရေးထိုးတိုင်ကြားခြင်းမှာ မှန်ကန်ကြောင်း၊ မိမိတို့တွင် တာဝန်ရှိကြောင်းနှင့် အိုင်အယ်လ်အို အရာရှိ မစ္စတာ ရစ်ချတ်ဟိုဆေး ရှေ့မှောက်တွင်ရော၊ တရားရုံးတွင်ပါ ထွက်ဆိုကြသည့် လယ်သမားများတွင်သာ တာဝန်ရှိပေသည်။

၃။ သက်သေခံဥပဒေပုဒ်မ (၁၀၁) အရ တရားလို ဘက်မှ တရားခံအပြစ်ကျူးလွန်ကြောင်း ထင်ရှားအောင် သက်သေပြရန် တာဝန်ရှိသည်။ **ဤ အမှု၌ ဖမ်းဆီးအရေးယူသူ ဒုရဲအုပ် ဝင်းသွင်ဦး မှလွဲကာ ရှေ့နေဦးအေးမြင့်သည် မမှန်သည်ကိုသိလျက် (သို့) မမှန်ဟု ယုံကြည်လောက်အောင် အကြောင်းရှိလျက် မမှန်သတင်းလွှင့်ရန် တမင်ကြံရွယ်၍ တိုင်စာကိုရေးသားပေးပို့ခဲ့ကြောင်းဖြင့် မည်သည့် တရားလိုပြသက်သေ တဦးတယောက်ကမျှ ထွက်ဆိုခဲ့ခြင်းမရှိချေ။**

၄။ ရှေ့နေဦးအေးမြင့်အား (၂၇–၈–၀၅) နေ့ည ကတည်းက ရဲက ကြိုတင်ဖမ်းဆီးပြီး စစ်ဆေးပြီးနောက် (၂၈–၈–၀၅) နေ့ (၁၁း၄၅)အချိန်ရောက်မှသာ ပထမသတင်းပေး တိုင်ချက်ဖွင့်ခြင်းဖြစ်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၅၄) အရရေး ဖွင့်ခဲ့သည့် တိုင်ချက်မဟုတ်သည့်အတွက် ဥပဒေအညီ ဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပေါ်လွင်သည်။

အကြောင်းချင်းရာပိုင်းဆိုင်ရာအရ တစ်ဆက်စပ်တည်းဖော်ပြလိုသည်မှာ–

မြန်မာနိုင်ငံ၌ တရားဝင်ရုံးစိုက်ထားသော အိုင်အယ်လ်အိုအဖွဲ့တွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံတစ်ခုအ ဖြစ်ပါဝင်ပြီးဖြစ်ပေသည်။ အိုင်အယ်လ်အိုနှင့် ဆက်သွယ်သည့် မည်သူ့ကိုမဆို အပြစ်ပေးအရေးယူမည်ဟု တရားဝင် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ ဥပဒေများလည်း ယခုအမှုဖြစ်ပွားနေ စဉ်အချိန်မတိုင်မီများတွင် ထုတ်ပြန်ထားခြင်းလည်း အလျဉ်းမရှိခဲ့ပေ။ ထို့ကြောင့် ဒိုက်ဦးမြို့နယ်အတွင်းရှိ အမှုစတင်ပြုလုပ်ခဲ့သော လယ်သမားများအား ရှေ့နေကြီးဦးအေးမြင့်မှ အိုင်အယ်လ်အိုအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် မစ္စတာဟိုဆေးနှင့် ဆက်သွယ်ပေးသည့် အမှုဖြစ်

အကြောင်းချင်းရာပေါ်တွင် ဦးအေးမြင့်အား မည်သည့်ပုဒ်မနှင့်မှ စွဲချက်တင်ကာ အပြစ်ပေး အရေးယူ၍ မရနိုင်ချေ။

ထို့အပြင် ရှေ့နေကြီးဦးအေးမြင့်သည် ရှေ့နေတဦးဖြစ်သည်နှင့်အညီ ဒိုက်ဦးမြို့မှ စားကျက်မြေပြဿနာအမှုတွင် အိုင်အယ်လ်အိုသို့ မမှန်မကန်သတင်းပေးခဲ့ခြင်းမဟုတ်ဘဲ လက်ရှိဖြစ်ပေါ်နေသော အမှုဖြစ်အကြောင်းအချင်းရာအပေါ် အမှန်ကိုအမှန်ဟု လေ့လာ သုံးသပ် ပိုင်းဖြတ်ယုံကြည်မိသည့်အလျောက် ပြည်သူတစ်ဦး၏ ရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့် တာဝန်ဝတ္တရားများကို တရားဥပဒေကို သိရှိနားလည်သည့်သူ (ရှေ့နေ) တဦးအနေဖြင့် ကြားဝင် ကူညီဆောင်ရွက်ပေးခြင်းသာဖြစ်ပါသည်။ ထို့အပြင် ဦးအေးမြင့်၏ စွမ်းဆောင် ချက်သည် လွတ်လပ်၍တရားမျှတသော တရားစီရင်မှုရှိရေးနှင့် မှန်ကန်သောတရားရေးဏ္ဍကိုင် တည်ဆောက်နိုင်ရေးတို့အတွက် အမှန်တရားကို ဖော်ထုတ်ပေးခြင်းသာဖြစ်ပါသည်။ နိုင်ငံ သားတိုင်း တရားမျှတမှုရရှိစေရေးနှင့် မှန်ကန်သော တရားဥပဒေလမ်းကြောင်းမှ ဆောင် ရွက်လာတတ်စေရန် အသိပေး ညွှန်ပြ၍ တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက် ကူညီပေးခဲ့ခြင်း သာဖြစ်ပါသည်။

ယခုအမှုတွင် ဒိုက်ဦးမြို့နယ်တရားရုံးမှ (၂၉၊ ၃၊ ၂၀၀၅) ရက်နေ့တွင် စတင်ခဲ့သော ပြစ်မှုကြီး အမှုအမှတ် (၉၆၀/၂၀၀၅)ဖြင့် အမှုဖွင့်လှစ်တရားစွဲတင်ခဲ့ကာ ဦးအေးမြင့်အပေါ်တွင် အရေးပေါ်စီမံမှုအက်ဥပဒေပုဒ်မ ၅(င) ဖြင့် စစ်ဆေးစီရင် ဆုံးဖြတ်ထားသည့် အမှုတွဲတစ်ခု လုံးအား ဥပဒေကြောင်းအရလည်းကောင်း၊ အချက်အလက်ပိုင်းဆိုင်ရာအရလည်းကောင်း၊ အသေးစိတ် လေ့လာသုံးသပ်ခဲ့ရာတွင် ရှေ့နေကြီးဦးအေးမြင့်သည် မည်သည့်ပြစ်မှုကိုမျှ ကျူး လွန်ချိုးဖောက်ထားခြင်း အလျဉ်းမရှိကြောင်း တွေ့ရှိရပါသည်။

သို့ပါသော်လည်း မူလ (အောက်) တရားရုံးသည် တရားမျှတသော တရားစီရင်စစ် ဆေးမှုများဖြင့် အမှုကို ကြားနာစစ်ဆေးခြင်း အလျဉ်းမရှိဘဲ ဘက်လိုက်သော တရားစီရင်စစ် ဆေးမှုများဖြင့် တရားလိုဘက် ထွက်ချက်အချို့အချက်များကိုသာ တစ်ဘက်သတ် ကောက် ချက်ချ စီရင်မှုများဖြင့် ထောင်ဒဏ် (၇ နှစ်) ချမှတ်သတ်မှတ်ကာ စီရင်ဆုံးဖြတ်ထားကြောင်း၊ မူလ (အောက်)တရားရုံး၏ မှားယွင်း၍ စီရင်ချက်ချမှုကို လယ်ပြင်မှာ ဆင်သွား သကဲ့သို့ အထင်အရှား တွေ့ရှိသုံးသပ်မိပြီးဖြစ်ပါသည်။

ထို့အပြင် အယူခံတရားရုံးအဆင့်ဆင့်သည်လည်း မူလ (အောက်) တရားရုံးများ၏ မှားယွင်းပျက်ကွက်နေမှုများကို ပယ်ဖျက်ပြုပြင်ပေးရမည့်အစား မူလ (အောက်) တရားရုံး များ၏ ပျက်ကွက်မှားယွင်းနေမှုများကိုသာ တရားလို (ရဲ) ဘက်လိုက်ကာ အမှုကို ပလပ်ခဲ့ ကြောင်း ထပ်မံတွေ့ရှိရပြန်ပါသည်။

အထက်ပါကဲ့သို့ အမှုကို စစ်ဆေးစီရင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံတွင် တရားရုံးအဆင့် ဆင့် ဖွဲ့စည်းထားခြင်းနှင့် တရားမျှတရေးဆိုင်ရာ ရည်ရွယ်ချက်များကို ဖျက်စီးရာရောက်စေ ခဲ့ပါသည်။

သို့ပါသောကြောင့် နအဖ စစ်အုပ်စုအနေဖြင့် လူ့အဖွဲ့အစည်း ယိုယွင်းပျက်စီးစေမည့် လွတ်လပ်၍ တရားမျှတမှုကင်းဝေးသည့် စစ်ဆေးစီရင်မှုများဖြင့် တရားရေးဆိုင်ရာ အမှု အခင်းများကို တဘက်သတ် စီရင်စစ်ဆေးကြားနာခြင်းမျိုးကို ရှောင်ရှားရန် လိုအပ်သည်နှင့်

အတူ လူ့အခွင့်အရေးဆိုင်ရာ အချက်များနှင့်အညီ လူသားချင်းညှာတာသနား၊ စာနာထောက်ထားသည့် လွတ်လပ်၍ တရားမျှတသော ဘက်လိုက်မှုကင်းဝေးသည့် တရားစီရင်ရေးမျိုးရှိလာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြန်မာနိုင်ငံရှေ့နေများအနေဖြင့် အလေးအနက် တိုက်တွန်းလိုက်ကြောင်း ဥပဒေပိုင်းဆိုင်ရာ ရှုထောင့်မှ ဝေဖန်သုံးသပ်လိုက်ပါသည်။

◆◆◆

တရားစီရင်ရေး

# နိုင်ငံရေးအကျဉ်းသားဟောင်းဖြစ်သူ ကိုသက်နိုင်ဦးအား နအဖအာဏာပိုင်(ရဲ၊ မီးသတ်နှင့်၎င်းတို့၏အပေါင်းအပါများ)က ဥပဒေမဲ့စွာရိုက်နှက်သတ်ဖြတ်ခဲ့မှုအပေါ်ဥပဒေရှုထောင့်မှ သုံးသပ်တင်ပြချက်

ဥပဒေအထောက်အကူပြုဌာန
မြန်မာနိုင်ငံရေးအကျဉ်းကောင်စီ

**၂၀၀၆ခုနှစ်၊ မတ်လ (၂၃) ရက်**

၁။ ၂၀၀၆ ခုနှစ်၊ မတ်လ (၁၇) ရက်နေ့ ည (၈) နာရီကျော်ခန့်အချိန်တွင် ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ ပတင်းလမ်းတွင်နေထိုင်သော ကိုသက်နိုင်ဦးသည် သူငယ်ချင်းများဖြစ်သော ကိုဝင်းမြင့်၊ ကိုခင်မောင်ဇော်တို့နှင့်အတူ သိရိမင်္ဂလာဈေးရှိ လက်ဘက်ရည်ဆိုင်တွင် လက်ဘက်ရည်သွားရောက်သောက်ခဲ့ပါသည်။ လက်ဘက်ရည်သောက်အပြီး အပြန်တွင် သိရိမင်္ဂလာဈေးအနီး လမ်းဘေးတွင် အပေါ့သွားနေစဉ် စည်ပင်သာယာဝင်း အတွင်းမှ ရဲများ ရောက်လာပြီး၊ စုံစမ်းမေးမြန်းမှု တစုံတရာပြုလုပ်ခြင်းမရှိဘဲ လက်ထဲတွင် အသင့်ပါလာသည့်တုတ်ဖြင့် ကိုသက်နိုင်ဦး၏ ဂုတ်ပိုးကို ဆင့်ကာဆင့်ကာ ရိုက်နှက်ပါသည်။ ကိုသက်နိုင်ဦးသည် ၁၉၈၈ မှစ၍ အာဏာရှင်အစိုးရအား ဆန့်ကျင်ခဲ့သည့် ဒီမိုကရေစီဘက်တော်သားတဦးဖြစ်ပြီး ၁၉၉၈ ခုနှစ်မှစ၍ ၂၀၀၂ ခုနှစ်အထိ သာယာဝတီထောင်တွင် နိုင်ငံရေးမှုဖြင့် အကျဉ်းကျခဲ့ပြီး ပြန်လည်လွတ်မြောက်လာခဲ့သူတဦးလည်း ဖြစ်ပါသည်။

ဥပဒေရှုထောင့်မှ ဝေဖန်ရမည်ဆိုလျှင် ကိုသက်နိုင်ဦးသည် ကန့်သတ်တားမြစ်ထားသောနေရာတွင် အပေါ့သွားခဲ့သည်ဆိုပါက ရဲနှင့် တာဝန်ရှိသူများသည် စုံစမ်းမေးမြန်းဖမ်းဆီးကာ ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း အရေးယူရမည်ဖြစ်ပေသည်။ သို့သော် တရားဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရမည့် နိုင်ငံ့ဝန်ထမ်းများသည် ဥပဒေကို ဆန့်ကျင်ချိုးဖောက်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းသို့တရားဥပဒေအရ ဖြေရှင်းခဲ့ခြင်းမရှိသောကြောင့် မလိုလားအပ်သော နောက်ဆက်တွဲပြဿနာများ ဆက်လက်ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပါသည်။

၂။ နအဖရဲများ၏ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူကျင့်ကြံခဲ့ခြင်းကို မကျေနပ်သော ကိုသက်နိုင်ဦးသည် အိမ်သို့ပြန်ပြီး ဓားတိုကို ယူဆောင်ကာ အဖော်ဖြစ်သူ ကိုဝင်းမြင့်နှင့် ကိုခင်မောင်ဇော်တို့လိုက်ပါလျက် အရိုက်ခံရသည့်နေရာသို့ ပြန်လာခဲ့ကြပါသည်။ သို့သော် ယင်းနေရာတွင် ရိုက်သွားခဲ့သူများ မရှိတော့ပါ။ ထို့ကြောင့် ကိုသက်နိုင်ဦးတို့ အိမ်သို့ပြန်လာရာ လမ်းတွင် ကြိုတင်၍ လူသူအသင့်အတင့် စုဆောင်းထားသည့် ရဲများ၊ မီးသတ်များနှင့် ၎င်းတို့၏ အပေါင်းအပါများသည် ကိုသက်နိုင်ဦးတို့ကို ဝိုင်းဝန်းရိုက်နှက်ကြပြန်သည်။

ဥပဒေရှုထောင့်မှ ဝေဖန်ရမည်ဆိုလျှင် နအဖရဲများနှင့် မီးသတ်များသည် တရားဥပဒေစိုးမိုးရေးကို အမှန်တကယ် ဆောင်ရွက်လိုသည့် ဆန္ဒများရှိသည်ဆိုပါက ကိုသက်နိုင်ဦးတို့တွင်ပါလာသည့် လက်နက်များကိုချိုင်းကာ ဖမ်းဆီး၍ ဓားတိုကိုင်ဆောင်လာသည့်သူအား **လက်နက်ဥပဒေပုဒ်မ ၁၉ (င)** အရ တရားစွဲဆို ရုံးတင်စစ်ဆေးရမည်ဖြစ်ပေသည်။ သို့ပါသော်လည်း ၎င်းတို့ကိုယ်တိုင်ကပင် အုပ်စုဖွဲ့၍ ပြဿနာရှာပြီး မင်းမဲ့စရိုက်ဆန်ဆန် တရားဥပဒေမဲ့စွာ ဒုတိယအကြိမ် ထပ်မံကျူးလွန်ခဲ့ခြင်းဖြစ်ပါသည်။

၃။ နအဖ ရဲများနှင့် မီးသတ်များ၊ ၎င်းတို့၏ အပေါင်းအပါများက ဒုတိယအကြိမ် တိုက်ခိုက်ရိုက်နှက်လာသောအခါ ကိုသက်နိုင်ဦးသည် အသင့်ပါလာသော ဓားတိုဖြင့် ပြန်လည်ခုခံကာ လူအင်အားမမျှ၍ ထွက်ပြေးခဲ့ပါသည်။ ယင်းသို့ထွက်ပြေးသောအခါ နအဖ ရဲ၊ မီးသတ်နှင့် အပေါင်းအပါတစ်စုက အနောက်မှလိုက်၍ "သူခိုး" ဟုလည်းကောင်း "ခါးပိုက်နှိုက်" ဟုလည်းကောင်း အော်ဟစ်၍ လိုက်ရိုက်ပါတော့သည်။ အဖြစ်မှန်ကိုမသိသော ရပ်ကွက်အတွင်းမှ လူများက ဝိုင်းဝန်းဟန့်တားခဲ့သောကြောင့် ဆက်လက်မပြေးနိုင်တော့သော ကိုသက်နိုင်ဦးအား နအဖ ရဲများ၊ မီးသတ်များနှင့် ၎င်းတို့၏ အပေါင်းအပါများက အော်ဟစ်ဆဲဆို၍ ဝိုင်းဝန်းရိုက်နှက်ကြပါသည်။ ပြင်းထန်သောရိုက်နှက်မှုကို အချက်ပေါင်းများစွာ ခံခဲ့ရသောကြောင့် ကိုသက်နိုင်ဦးမှာ လဲကျသွားပါသည်။ ထိုအခါ ရဲယူနီဖောင်းဝတ်သူ တဦးက လဲကျသူ၏နောက်ကျောကို ဒူးနှင့်ထောက်ကာ လက်ထိပ်ကို နောက်ပြန်ခတ်၍ ဆိုက္ကားပေါ်သို့ ပစ်တင်ပြီး မေ့မျောနေသူ ကိုသက်နိုင်ဦးအား တုတ်ဖြင့် ထပ်မံရိုက်ခဲ့ပြန်ပါသည်။

ဥပဒေရှုထောင့်မှ ဝေဖန်ရမည်ဆိုလျှင် နအဖ ရဲများ၊ မီးသတ်များနှင့် ၎င်းတို့၏ အပေါင်းအပါများသည် တရားဥပဒေအရဖြေရှင်းရမည့် ပြဿနာများကို ဆန့်ကျင်ကာ အုပ်စုဖွဲ့လက်ဦးမှုယူကာ ရည်ရွယ်ချက်ရှိစွာဖြင့် ရမ်းကားပြီး ပြစ်မှုချိုးဖောက်ရိုက်နှက်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့အား **ရှုန်းရင်းဆန်ခတ်ဖြစ်စေမှု ပုဒ်မ (၁၄၈)** အရ အရေးယူရန် ထိုက်သင့်သူများဖြစ်ပေသည်။

၄။ ၂၀၀၆ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ နံနက်ပိုင်းတွင် ကိုသက်နိုင်ဦး၏မိခင်ဖြစ်သူ ဒေါ်စန်းရီ က ၎င်း၏သား ရက်စက်စွာ အရိုက်အနှက်ခံရသည့်ကိစ္စအပေါ် အမှုမှန်ပေါ်ပေါက်စေရေးအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် အမှုဖွင့်ခဲ့သော်လည်း ရဲစခန်းမှ မည်သို့မျှ ဆောင်ရွက်ပေးခဲ့ခြင်းမရှိခဲ့ပေ။ ထို့နောက် နံနက် ၁၁ နာရီ ၄၀ မိနစ်ခန့်တွင် ရန်ကုန်မြို့၊ ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီးတွင် ကိုသက်နိုင်ဦးမှာ ပြင်းထန်စွာ ရိုက်နှက်ခံရသည့် ဝေဒနာဖြင့် ဦးနှောက်အတွင်း သွေးဝင်ပြီး သေဆုံးသွားခဲ့ပါသည်။ ထို့အပြင် ကိုသက်နိုင်ဦးနှင့်အတူ ပါလာသော သူငယ်ချင်းများဖြစ်သည့် ကိုဝင်းမြင့် နှင့် ကိုခင်မောင်ဇော်တို့ကိုလည်း

**ဝတ္တရားနှောက်ယှက်မှု ပုဒ်မ (၃၃၃)** ဖြင့် ရဲမှတရားစွဲဆိုကာ ဖမ်းဆီးထားပြီး မည်သူနှင့်မျှ တွေ့ခွင့်မပေးဟုလည်း သိရပါသည်။

ဥပဒေရှုထောင့်မှ ဝေဖန်သုံးသပ်ရပါလျှင် နအဖရဲများသည် တရားဥပဒေကို ကျော်လွန်ဖောက်ဖျက်၍ မင်းမဲ့စရိုက်ဆန်ဆန် လုပ်ဆောင်ခဲ့မှုကြောင့် ကိုသက်နိုင်ဦး ဖက်မှ ကျူးလွန်ခဲ့ရခြင်းဖြစ်ပါသည်။ သို့သော် သာမန်ရာဇဝတ်ပြစ်မှုများသာဖြစ်ပြီး သေဒဏ် (သို့) တကျွန်းပို့ ပြစ်ဒဏ်ချခံရနိုင်လောက်သည့် ပြစ်မှုများမဟုတ်ပေ။ **(ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၆ (၃)** အရ သေဒဏ် (သို့) တကျွန်းပို့ ပြစ်ဒဏ်ကျခံရမည့် တရားခံမဟုတ်သောသူအား သေအောင်ပြုလုပ်ရန် ခွင့်မပြု)ဟု ဆိုထားပေသည်။ သို့ပါသော်လည်း အထက်ဖော်ပြပါ အချက်များအရ သုံးသပ်ရပါလျှင် နအဖရဲများ၊ မီးသတ်များနှင့် အပေါင်းအပါတို့သည် ခုခံမှုရပ်ဆိုင်းပြီး လဲကျသွားသည့် ကိုသက်နိုင်ဦးကို သေစေလိုသောဆန္ဒများဖြင့် တင်ကူးရည်ရွယ်ချက်ရှိစွာ ထပ်မံရိုက်နှက်သတ်ဖြတ်ခဲ့ခြင်းမှာ သိသာထင်ရှားလှပေသည်။

ဥပဒေဘက်တော်သား အစစ်အမှန်များဖြစ်ပါက ကိုသက်နိုင်ဦးအား ပြန်လည်ခုခံမှု မပြုနိုင်သည့် (ဥပဒေအရသတ်မှတ်ခွင့်ပြုထားချက်ကို မကျော်လွန်စေဘဲ) အခြေအနေတွင် ရိုက်နှက်မှုကိုရပ်ဆိုင်း၍ တရားဥပဒေအရ ဆက်လက်စစ်ဆေး အရေးယူရမည်ဖြစ်ပေသည်။ ယခုအခါ ရည်ရွယ်ချက်ရှိရှိဖြင့် ကိုသက်နိုင်ဦးကို မသေမချင်း ရိုက်နှက်ခဲ့သည်မှာ ပေါ်လွင်ထင်ရှားသောကြောင့်လည်းကောင်း၊ အချင်းဖြစ် ရဲများ၊ မီးသတ်များနှင့် ၎င်းတို့၏ အပေါင်းအပါများကို **လူသတ်မှုပုဒ်မ (၃၀၂) နှင့်အတူ အားပေးကူညီမှုပုဒ်မ(၁၁၂)၊ ရာဇဝတ်မကင်းသော ပူးပေါင်းကြံစည်မှု ပုဒ်မ (၁၂၀ – က)** တို့အရ အရေးယူရန်မှတပါး အခြားမရှိသည်ကို မည်သည့်ဥပဒေကမျှ ပိတ်ပင်တားဆီးနိုင်မည် မဟုတ်ပေ။

ထို့အပြင် ကိုသက်နိုင်ဦး၏မိခင် ဒေါ်စန်းရီ ရဲစခန်းသို့ သွားရောက်တိုင်ကြားခဲ့စဉ်က အရေးယူဆောင်ရွက်ပေးခဲ့ခြင်းမရှိသော ရဲစခန်းမှ တာဝန်ရှိရဲအရာရှိများကို **လူသတ်မှုပုဒ်မ (၃၀၂) နှင့် ထိန်ချန်မှုပုဒ်မ (၁၁၈)** တို့အရ အရေးယူရမည်ဖြစ်ပေသည်။

ထို့အပြင် ကိုသက်နိုင်ဦး အရိုက်ခံရစဉ်အတူ ပါလာသော သူငယ်ချင်းများဖြစ်သည့် ကိုဝင်းမြင့်နှင့် ကိုခင်မောင်ဇော်တို့အား မည်သူနှင့်မှ တွေ့ခွင့်မပေးဘဲ အဖြစ်မှန်ကို ဖုံးကွယ်လိုသောဆန္ဒဖြင့် ဖမ်းဆီးထားခြင်းကြောင့် ယင်းသို့ပြုလုပ်သော ရဲအာဏာပိုင်များအား **သက်သေ ဖျောက်ဖျက်မှုပုဒ်မ (၂၀၁)** အရ အရေးယူရမည်ဖြစ်သည်။ ထိုသို့ အရေးယူခြင်းနှင့်အတူ အောက်ပါအချက်များကို နအဖစစ်အုပ်စုမှ အမြန်ဆုံး လုပ်ဆောင်ပေးရန် အတွက် တည်ဆဲတရားဥပဒေများနှင့်အညီ အလေးအနက်တောင်းဆိုလိုက်သည်။

– ကိုသက်နိုင်ဦးသေဆုံးရမှုအပေါ် **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၅၀၃)** အရ ကော်မရှင်ဖွဲ့၍ သက်သေများကို စစ်ဆေးပေးရန်။
– **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၇၄)** အရ ကိုသက်နိုင်ဦး၏ သေမှုသေခင်းများအပေါ် အမြန်ဆုံးစုံစမ်းပေးရန်။
– **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၅၅/၁၅၆) (၃)** အရ ကိုသက်နိုင်ဦး၏ အမှုကို အမြန်ဆုံးစုံစမ်းစစ်ဆေးရန်အတွက် အမိန့်များ ထုတ်ပေးရန်။

- **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၀၀)** အရ မတရားချုပ်နှောင်ခံနေရသော ကိုဝင်းမြင့်နှင့် ကိုခင်မောင်ဇော်တို့ကို ဖော်ထုတ်ပေးရန်အတွက် ရှာဖွေခြင်းဆိုင်ရာ ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန်။
- နိုင်ငံတကာဆိုင်ရာ ပြစ်မှုတရားရုံးနှင့် လူ့အခွင့်အရေးရုံးများ၊ အခြားအဖွဲ့အစည်း အသီးသီးအားလုံးမှ ယခုကိစ္စကို လက်ပိုက်ကြည့်မနေကြဘဲ တရားမျှတသော တရားစီရင်ရေး ရရှိစေရေးအတွက် အမြန်ဆုံး ကြားဝင်ဆောင်ရွက်ပေးရန် တိုက်တွန်းတောင်းဆိုအပ်ပါသည်။

## နောက်ဆက်တွဲ (က)
## ကိုသက်နိုင်ဦး မတိုင်မီ တရားဥပဒေမဲ့စွာ ရိုက်နှက်သတ်ဖြတ်ခံရပြီး အသက်သေဆုံးခဲ့ရသူများ

ယမန်နှစ် ၂၀၀၄ ခုနှစ်၊ နှစ်ဆန်းပိုင်းမှစ၍ နအဖအုပ်ချုပ်ရေးအာဏာပိုင်များသည် သတ်မှတ်ပြဋ္ဌာန်းထားသည့် တရားဥပဒေများနှင့်အညီ ဖြေရှင်းခဲ့ခြင်းမရှိဘဲ မိမိတို့စစ်အုပ်စုအား ဆန့်ကျင်လာသူ ဒီမိုကရေစီဘက်တော်သားများနှင့် အပြစ်မဲ့ပြည်သူများကို ရက်စက်စွာ ရိုက်နှက်ညှဉ်းပမ်းနှိပ်စက်ကာ သေသည်အထိ ဖြေရှင်းအရေးယူခဲ့ခြင်း အစဉ်အလာများ လည်းရှိပါသည်။

ယင်းလူများမှာ ဒီမိုကရေစီဘက်တော်သားများဖြစ်သည့် ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်မှ **ကိုအောင်လှိုင်ဝင်း**၊ အိမ်မဲမြို့ တဂုဆိတ်ကျေးရွာနေ **စောတစေးဖိုး** နှင့် အပြစ်မဲ့ပြည်သူများဖြစ်သည့် မန္တလေးမြို့မှ **ကိုဒွေးလွင်**၊ ကျိုက်မရောမှ **ကိုမင်းထွန်းဝေ** တို့ဖြစ်ကြပါသည်။ ၎င်းတို့ (၄) ဦးသည် နအဖလက်အောက်ခံ အာဏာပါးကွက်သားများလက်ထဲတွင် မတရား ရိုက်နှက်ညှဉ်းပမ်း နှိပ်စက်ခံရကာ အသေဆိုးနှင့်သေဆုံးခဲ့ရသော်လည်း နအဖသည် ၎င်း၏လက်အောက်ရှိ အာဏာပိုင်များအား ပြစ်မှုကျူးလွန်ခဲ့သူများအဖြစ် သတ်မှတ်ခြင်း မရှိဘဲ တည်ဆဲတရားဥပဒေများနှင့်အညီ ရုံးတင်စစ်ဆေးတရားစွဲဆိုရန် ပျက်ကွက်ခဲ့ပါသည်။ တရား ဥပဒေမဲ့စွာသေဆုံးခံခဲ့ရသည့် မိသားစုဘက်မှအမှုဖွင့်တရားစွဲဆိုလာလျှင်လည်း ယင်းအမှုများကို တရားဥပဒေနှင့်အညီ ရုံးတင်စစ်ဆေးခြင်းကို သေချာကျနစွာမပြုလုပ်ပေးဘဲ အမှုကိုပိတ်သိမ်းခြင်း၊ ပယ်ချခြင်း၊ လူများကိုအကြပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည်တို့ကို သာ ပြုလုပ်လေ့ရှိပါသည်။

သို့ပါသော်လည်း နအဖစစ်အုပ်စု၏ ပြောရေးဆိုခွင့်ရှိသူများက မြန်မာနိုင်ငံတွင် **"တရားဥပဒေစိုးမိုးမှု"** ရှိပါသည်။ **"ဥပဒေ၏ အထက်တွင် မည်သူမျှမရှိပါ"** ဟု မကြာခဏ ထုတ်ဖော်ပြောဆိုလေ့ရှိပြီး၊ အမှန်တကယ် လက်တွေ့တွင်မူ တရားဥပဒေကို ဆန့်ကျင်ကျော်လွန်၍၊ မိမိတို့စိတ်တိုင်းကျ ထင်ရာစိုင်း၍ လုပ်ချင်တာလုပ်ရမ်းကားနေကြောင်း တွေ့ရပါသည်။

ထို့ကြောင့် တရားဥပဒေစိုးမိုးမှုမရှိသော မြန်မာနိုင်ငံထဲတွင်နေထိုင်သည့် တိုင်းရင်းသား ပြည်သူတရပ်လုံး၏ လွတ်လပ်စွာ အသက်ရှင်သန်ပိုင်ခွင့်မရှိသောဘဝကို မြန်မာနိုင်ငံ ရှေ့နေ

များကောင်စီအနေဖြင့် ရတက်မအေး စိုးရိမ်ပူပန်နေရကြောင်း ဥပဒေရှုထောင့်မှ သုံးသပ်တင်ပြလိုက်ရပါသည်။

## ဥပဒေပုဒ်မဖော်ပြချက်များ

### ကိုဝင်းမြင့်နှင့် ကိုခင်မောင်ဇော် တို့နှင့် ပတ်သက်၍(နအဖစစ်အုပ်စု)မှ တရားစွဲဆိုထားသည့်ပုဒ်မ၊ ဝတ္တရားနှောင့်ယှက်မှုပုဒ်မ ၃၃၃၊

ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်ဝတ္တရားဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းဖြစ်သူကို မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေလျှင် (သို့) ထိုသူကိုဖြစ်စေ၊ အခြားပြည်သူ့ဝန်ထမ်းကိုဖြစ်စေ ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ တားဆီးရန် (သို့) ဟန့်တားရန်အကြံဖြင့် မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေလျှင် (သို့) ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် မိမိ၏ တာဝန်ဝတ္တရားကို ဥပဒေနှင့်အညီ ဆောင်ရွက်နေစဉ် ထိုသူပြုပြီးသော (သို့) ပြုရန်အားထုတ်ပြီးသော အကြောင်းကြောင့် ထိုသူအား မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှုကိုပြုလျှင်၊ ထိုသို့နာကျင်စေမှုပြုသောသူကို ဆယ်နှစ်ထိထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

*မှတ်ချက်။ ။ အထက်ဖော်ပြပါ ဥပဒေပုဒ်မသည် မြန်မာနိုင်ငံတွင် လက်ရှိပြဋ္ဌာန်းထားဆဲ ဥပဒေပုဒ်မဖြစ်ပြီး လက်ခံကျင့်သုံးဆဲ ဥပဒေပုဒ်မလည်းဖြစ်ပါသည်။ ယင်းပုဒ်မဖြင့် တရားစွဲဆို၍ ဖမ်းဆီးထားသော်လည်း ပြစ်မှုမြောက်ခြင်း ရှိ မရှိကို တရားမျှတသော တရားစီရင်ရေးစံနှစ်ဖြင့် ဆက်လက်စစ်ဆေးကြားနာရအုံးမည်ဖြစ်ပေသည်။*

စစ်အာဏာရှင်များ၏ တရားဥပဒေမဲ့စွာ ပြုကျင့်ခဲ့မှုကြောင့် အဖြစ်ဆိုးနှင့် သေဆုံးခဲ့ရသည့် ကိုသက်နိုင်ဦး၏ အမှုဖြစ်စဉ်အပေါ် မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥပဒေအထောက်အကူပြဋ္ဌာနတာဝန်ခံ ဦးမြင့်သိဏ်းမှ ဥပဒေပိုင်းဆိုင်ရာရှုထောင့်မှ ဝေဖန် သုံးသပ် တင်ပြထားပါသည်။ ယင်းဝေဖန်ချက်များတွင် နအဖစစ်အုပ်စုအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော တရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဆိုပါက အထက်ဖော်ပြပါ ဝေဖန်ကြေညာချက် ဥပဒေပုဒ်မများအတိုင်း အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ ထို့ကြောင့် ယင်းဥပဒေပုဒ်မများကို သာမန်လူများ လေ့လာသိရှိနိုင်ရန်အတွက် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

### ကိုသက်နိုင်ဦးနှင့်ပတ်သက်၍ လမ်းဘေးတွင် အပေါ့သွားလျှင်။

ပြစ်မှုနှင့်ဆိုင်သော ပြဋ္ဌာန်းစာအုပ်တွင် မပါဝင်သော်လည်း ပြစ်ဒဏ်သည် ငွေဒဏ်လောက်သာ ချမှတ်လေ့ရှိသည်။

### လက်နက်ဥပဒေပုဒ်မ ၁၉ (င)

မည်သူမဆို ပုဒ်မ (၁၃) ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်၍ လက်နက်စွဲကိုင်သွားလာလျှင် ပုဒ်မ ၁၉ (င) အရ ထောင်ဒဏ် (၃) နှစ် (သို့) ငွေဒဏ် (သို့) ဒဏ်နှစ်ရပ်လုံး ချမှတ်နိုင်သည်။

ပုဒ်မ–၁၃ လက်နက်ဆိုသည်မှာ ဓားဦးချွန်၍ ဓားရိုး၌ ခိုင်မြဲစွာတပ်ထားသော အလျား ရှည် (ဓားသွား ၃ လက်မ)/(ဓားရိုးပါ ၅ လက်မ) ထက်ပိုသည့် မောင်းချဓား၊ အိမ်သုံး၊ လယ်ယာသုံး (သို့) စက်မှုလက်မှုလုပ်ငန်းသုံးတို့အတွက်သာရည်ရွယ်ခဲ့သည့် ဓားများပါဝင်သည်။

*မှတ်ချက်။ ။ အထက်ဖော်ပြပါ ကိုသက်နိုင်ဦး ကျူးလွန်ခဲ့သည်ဆိုသော ပြစ်မှုများ သည် သေဒဏ်ထိုက်သင့်ခံစားရမည့် ပြစ်မှုအမျိုးအစားများထဲတွင် ပါဝင်ခဲ့ခြင်း မရှိပေ။*

လက်ရှိတည်ဆဲမြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေထဲတွင် –

**ပုဒ်မ (၄၆) အပုဒ်(၃)**–သေဒဏ်ထိုက်သည့်ပြစ်မှု၊ သို့မဟုတ် တသက်တကျွန်းပို့ဒဏ် ထိုက်သင့်သော ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခဲ့ခြင်းမခံရသော သူကို သေစေရန် ဤပုဒ်မပါ မည်သည့်အချက်ကမျှ ခွင့်မပြုရ။

*မှတ်ချက်။ ။ (နအဖ)စစ်အုပ်စု၏ လက်အောက်ခံ စည်ပင်ရဲဝန်ထမ်းများ၊ ရိုးရိုးရဲ ဝန်ထမ်းများ၊ အရံမီးသတ်တပ်ဖွဲ့ဝင်များ၏ တင်ကူကြံရွယ်ချက်များနှင့် ရိုက်နှက်ခဲ့ကြ သောကြောင့် နိုင်ငံရေးအကျဉ်းသားဟောင်း ကိုသက်နိုင်ဦးသည် အသေဆိုးဖြင့် သေ ဆုံးခဲ့ရပေသည်။ ယင်းကိစ္စအပေါ် မြန်မာနိုင်ငံ၏ တည်ဆဲ ပြဋ္ဌာန်းတရားဥပဒေများနှင့် အညီ စုံစမ်းစစ်ဆေးလာကြည့်မည်ဆိုပါက အာဏာပိုင်များ၏ လုပ်ရပ်သည် ရာဇဝတ် မှု ကျူးလွန်ပြီး ပြစ်မှုချိုးဖောက်သော လုပ်ရပ်များပင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။*

ထို့ကြောင့် အာဏာပိုင်တို့ကျူးလွန်ချိုးဖောက်ခဲ့သော ရာဇဝတ်မှုများကို အောက် ဖော်ပြပါ မြန်မာနိုင်ငံ၏ တည်ဆဲ ပြဋ္ဌာန်းဥပဒေများနှင့်အညီ အရေးယူအပြစ်ပေးရမည် ဖြစ်ပါ သည်။

## ရန်းရင်းဆန်ခတ်ဖြစ်စေမှုပုဒ်မ (၁၄၈)

မည်သူမဆိုသေစေလောက်သော လက်နက်ကို စွဲကိုင်လျှက်(သို့) သေစေတန်ရာ သော အရာဝတ္ထုကို စွဲကိုင်လျှက် ၊ ရန်မူသောလက်နက်အဖြစ် အသုံးပြုလျှက်၊ ရန်းရင်းဆန် ခတ်မှုကို ကျူးလွန်လျှင် ထိုသူကို (၃) နှစ်အထိ ထောင်ဒဏ်တမျိုးမျိုးကိုဖြစ်စေ၊ ငွေဒဏ်ဖြစ် စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ၊ ချမှတ်ရမည်ဟု ပုဒ်မ (၁၄၈) တွင်ပြဋ္ဌာန်းထားသည်။ ပုဒ်မ (၁၄၆) ရန်းရင်းဆတ်ခတ်မှုဆိုသည်မှာ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကသော်လည်း ကောင်း၊ ထိုအစုအဝေးအတွင်းပါဝင်သူ တစ်ဦးဦးကသော်လည်းကောင်း တူသော် ရည်ရွယ် ချက်အတိုင်း ဆောင်ရွက်ရာ၌ အနိုင်အထက်ပြုလုပ်လျှင် ထိုအစုအဝေးတွင် ပါဝင်သူတိုင်း သည် ရန်းရင်းဆန်ခတ်မှုကို ကျူးလွန်သည်။

## လူသတ်မှုပုဒ်မ (၃၀၂)

လူသတ်မှုအတွက် ပြစ်ဒဏ်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၃၀၂) ၌ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။ ၃၀၂ (၁)(က) အရ မည်သူမဆို တသက်တကျွန်းဒဏ် စီရင်ခြင်းခံရသည့် အတွင်း လူသတ်မှုကို ကျူးလွန်လျှင်ဖြစ်စေ၊ ပုဒ်မ ၃၀၂ (၁) (ခ) အရ “တင်ကူးကြံရွယ်ချက်” (Premedition) ဖြင့် လူသတ်မှုကို ကျူးလွန်လျှင်ဖြစ်စေ ၃၀၂ (၁)(ဂ) အရ ဤပြစ်မှုဆိုင် ရာ ဥပဒေအရ (၇) နှစ်အထိ ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သော ပြစ်မှုကို ကျူးလွန်နေစဉ်

လူသတ်မှုကို ကျူးလွန်ခြင်းဖြစ်လျှင် ထိုလူကို သေဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်ဟူ၍ ပြဋ္ဌာန်းထားသည်။

ထို့အပြင် ပုဒ်မ ၃၀၂ ပုဒ်မခွဲ (၂) အရ မည်သူမဆို အခြားအချက်မျိုး၌ လူသတ်မှုကျူး လွန်လျှင် ထိုသူကို တသက်တကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

*ရှင်းလင်းချက်။ ။ ပြုလုပ်မှုတစ်ခုသည်တင်ကူး ကြံရွယ်သော ပြုလုပ်မှုဖြစ်သည်။ မဖြစ်သည်ဆိုသောအချက်မှာ အကြောင်းချင်းရာ ပြဿနာဖြစ်သည်။*

လူသတ်မှု၏ အဓိပ္ပါယ်ကို ပုဒ်မ (၃၀၀) တွင် "ပြုလုပ်မှုကို လူသတ်မှုမမြောက်သည့် လူသေမှုဖြစ်အောင်ပြုသော ပတ်ဝန်းကျင်အကြောင်းခြင်းရာမရှိသော် မည်သူမဆို သေစေသောအကြံဖြင့်ဖြစ်စေ၊ ဖြစ်တတ်သောသဘောအရ အမှန်အားဖြင့် သေစေလောက်သော ကိုယ်အင်္ဂါနာကျင်စေမှုကိုဖြစ်စေရန် အကြံဖြင့်ဖြစ်စေ ပြုလုပ်မှုတစ်ခုခုကိုပြု၍ လူကိုသေစေလျှင် ထိုသူသည် လူသတ်မှုကျူး လွန်သည်မည်၏။"

## အားပေးကူညီမှုပုဒ်မ (၁၁၂)

အားပေးကူညီသည့်ပြုလုပ်မှုအပြင် တဆက်တည်းဖြစ်သော အထက်ပုဒ်မအရ အားပေးကူညီသူ၌ တာဝန်ရှိသည့် ပြုလုပ်မှုကိုလည်းပြုလုပ်လျှင်၊ ထိုပြုလုပ်မှုသည် ပြစ်မှုအသီး အခြားဖြစ်လျှင် အားပေးကူညီသူသည် ပြစ်မှုအသီးသီးအတွက် ပြစ်ဒဏ်ချမှတ်ခြင်းခံရထိုက်သည်။

## ရာဇဝတ်မှုမကင်းသော

လူနှစ်ယောက်က (သို့တည်းမဟုတ်)နှစ်ယောက်ထက်ပိုသောသူများက (၁) ဥပဒေနှင့် ပူးပေါင်းကြံစည်မှုပုဒ်မ မညီသော ပြုလုပ်မှုကိုသော်လည်းကောင်း၊ (၂) ဥပဒေနှင့်မညီသော နည်းဖြင့် ဥပဒေနှင့် ၁၂၀ (က) အညီမဟုတ်သော ပြုလုပ်မှုကိုသော်လည်းကောင်း ပြုရန်၊ သို့တည်းမဟုတ် ပြုစေရန် သဘောတူညီလျှင်၊ ထိုသဘောတူညီချက်ကို ရာဇဝင်မကင်းသော ပူးပေါင်းကြံစည်မှုဟုခေါ်သည်။ ပုဒ်မ (၁၂၀)(ခ)(၁) မည်သူမဆို၊ သေဒဏ်သော်လည်းကောင်း၊ တကျွန်းဒဏ်သော်လည်းကောင်း၊ ၂ နှစ်၊ သို့တည်းမဟုတ် ၂ နှစ်ထက်ပို၍သော်လည်းကောင်း၊ အလုပ်ကြမ်းနှင့် ထောင်ဒဏ်သော်လည်းကောင်း ထိုက်သင့်သော ပြစ်မှုတခုခုကို ကျူးလွန်လျှင် ရာဇဝင်မကင်းသော ပူးပေါင်းကြံစည်မှုအတွက် ဤရာဇသတ်ကြီးအရ ပြစ်ဒဏ်အတည် ပြဋ္ဌာန်းထားခြင်းမရှိပါက၊ အဆိုပါသက်ဆိုင်ရာ ပြစ်မှုကိုကျူးလွန်ရန် အားပေးဘိသကဲ့သို့ "မူလကျူးလွန်သည့်ပုဒ်မဖြင့်" ထိုသူအား ပြစ်ဒဏ်ချမှတ်ရမည်။

## ထိန်ချန်မှုပုဒ်မ (၁၁၈)

ပြည်သူ့ဝန်ထမ်းအဖြစ်ဖြင့် ပြစ်မှုတခုကို တားမြစ်ရန် တာဝန်ဝတ္တရားရှိသော ပြည်သူ့ ဝန်ထမ်းသည်၊ ထိုပြစ်မှုကျူးလွန်ခြင်းကို လွယ်ကူစေရန် ကြံရွယ်၍သော်လည်းကောင်း၊ လွယ်ကူအောင် မိမိကဖြစ်စေ တန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ ထိုပြစ်မှုကို

ကျူးလွန်စေရန် စီစဉ်ချက်ရှိကြောင်းကို မိမိအလိုအလျောက် ပြုလုပ်မှုဖြင့်ဖြစ်စေ ထိမ်ချန်လျှင်၊ သို့တည်းမဟုတ် ထိုစီစဉ်ချက်နှင့်စပ်လျဉ်း၍ မမှန်သည်ကို သိလျက်နှင့်မှန်သည့်အနေဖြင့် မိမိအလိုအလျောက်ပြောလျှင်၊ ထိုပြည်သူ့ဝန်ထမ်းကို အဆိုပါပြစ်မှုကျူးလွန်ခြင်းရှိပါက ကျူးလွန်သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံး ထောင်ဒဏ်တမျိုးမျိုး၏ ထက်ဝက်ထိဖြစ်စေ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

အဆိုပါ ပြစ်မှုကျူးလွန်ခြင်းမရှိပါက သက်ဆိုင်ရာပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် အများဆုံး ထောင်ဒဏ်တမျိုးမျိုး၏ လေးပုံတစ်ပုံထိဖြစ်စေ၊ ထိုပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့် ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်စလုံးကို ချမှတ်ရမည်။

## သက်သေခံကို ပျောက်

ပြစ်မှုကျူးလွန်ပြီးဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ၊ ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ပျက်စေမှုပုဒ်မ (၂၀၁) ဖြစ်စေ မည်သူမဆို ပြစ်မှုကျူးလွန်သူအား ဥပဒေနှင့်အညီခံရမည့် ပြစ်ဒဏ်မှကာကွယ်ရန် အကြံဖြင့်၊ ထိုပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသော သက်သေခံ တခုကို ပျောက်ပျက်စေလျှင် သို့တည်းမဟုတ် ထိုအကြံမျိုးဖြင့်ပင်၊ ပြစ်မှုနှင့်စပ်လျဉ်း၍ မမှန်ဟု မိမိသိသော၊ သို့တည်းမဟုတ် ယုံကြည်သော သတင်းကိုပေးလျှင်၊ ထိုသူကို ကျူးလွန်ပြီးဖြစ်ကြောင်း မိမိသိသော၊ သို့တည်းမဟုတ် ယုံကြည်သော ပြစ်မှုသည် သေဒဏ်ချမှတ်ခြင်း ခံထိုက်သော ပြစ်မှုဖြစ်ပါက ခုနှစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်း ချမှတ်နိုင်သည်။

အဆိုပါပြစ်မှုသည် တသက်တကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ ချမှတ်ခြင်းခံထိုက်သော ပြစ်မှုဖြစ်ပါက သုံးနှစ်ထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

ထို့ပြင် အဆိုပါပြစ်မှုသည် ဆယ်နှစ်အောက်လျော့သည့် ထောင်ဒဏ်ချမှတ်ခြင်းခံထိုက်သော ပြစ်မှုဖြစ်ပါက ထိုပြစ်မှုအတွက်ပြဋ္ဌာန်းထားသော အများဆုံး ကာလအပိုင်းအခြား၏ လေးပုံတပုံထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်ရမည်။

၎င်းအမှုဖြစ်စဉ်များကို အသေအချာ စုံစမ်းစစ်ဆေးကြားနာ၍ ပြစ်မှုထင်ရှားကြောင်း တွေ့ရှိရပါက လက်အောက်ခံ အာဏာပိုင်အဖွဲ့ဝင်များကို မြန်မာနိုင်ငံ၏ လက်ရှိ တည်ဆဲပြဋ္ဌာန်းထားသော အထက်ပါပုဒ်မများဖြင့် အပြစ်ပေး အရေးယူခြင်းများ ပြုလုပ်ပြမှသာ ၎င်းတို့ ပြောကြားနေသော တရားဥပဒေစိုးမိုးရေးကို အဓိက ဦးစားပေးလုပ်ကိုင်နေသည့် စစ်အုပ်စုဖြစ်ကြောင်း နိုင်ငံတကာသို့ သက်သေပြနိုင်မည်ဖြစ်ပေသည်။ ထို့အပြင် ဥပဒေ၏ အထက်တွင်မည်သူမျှမရှိရဆိုသော ဆောင်ပုဒ်ကိုလည်း ထပ်မံပြသလိုက်ရာရောက်ပေလိမ့်မည်။

ထို့အပြင် အောက်ဖော်ပြပါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးနိုင်ကြောင်းကိုလည်း ယင်းဝေဖန်ချက်စာစောင်တွင် ဖော်ပြပါရှိပါသည်။

## ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေများ

**ပုဒ်မ(၅၀၃)-(၁)** ဤကျင့်ထုံးဥပဒေအရ ပြုလုပ်သည့်စုံစမ်းစစ်ဆေးမှု၊ စစ်ဆေးစီရင်မှု၊ သို့မဟုတ် အခြားမှုခင်းဆောင်ရွက်မှု တစုံတစ်ရာအတောအတွင်း၌ မည်သည့်အချိန်အခါ မဆို ခရိုင်ရာဇဝတ်တရားသူကြီးတဦး၊ စက်ရှင်တရား ရုံးတရုံး၊ သို့မဟုတ် တရားလွှတ်တော်က တရားဖြောင့်မှန်ရေးအတွက် သက်သေတဦးအား စစ်မေးရန် လိုအပ်သည့် အဆိုပါသက်သေ လာရောက်ခြင်းကို မရရှိနိုင်ဟူ၍လည်းကောင်း ယူဆလျှင် အဆိုပါ ရာဇဝတ်တရားသူကြီး သို့မဟုတ် တရားရုံးသည် ထိုသက်သေလာရောက်ခြင်းကို ခွင့်လွှတ်နိုင်ပြီး ထိုသက်သေ၏ ထွက်ဆိုချက်ကို ရယူရန်အတွက် ထိုရာဇဝတ်တရားသူကြီးထံ ကော်မရှင်စာ ထုတ်ဆင့်နိုင်သည်။

(၃) ကော်မရှင်စာရရှိသည့် ရာဇဝတ်တရားသူကြီးသည် သို့မဟုတ် ထိုရာဇဝတ်တရားသူကြီးမှာ ခရိုင်ရာဇ ဝတ်တရားသူကြီးဖြစ်လျှင် ခရိုင်ရာဇဝတ်တရားသူကြီးသည် သို့မဟုတ် ဤကိစ္စအလို့ငှါ ခရိုင်ရာဇဝတ် တရားသူကြီးက ခန့်ထားသော ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးသည် သက်သေရှိရာအရပ်သို့ သွားရောက်ရမည်။ သို့မဟုတ် သက်သေကို မိမိရှေ့သို့ လာရောက်စေရန် ဆင့်ဆိုရမည်။

**ပုဒ်မ(၁၇၄)-(၁)** ပြည်သူရဲ့တပ်ဖွဲ့စခန်းမှူး၊ သို့မဟုတ် ထိုကိစ္စအလို့ငှါ နိုင်ငံတော်သမတ က အထူးအားဖြင့် အာဏာအပ်နှင်းထားသော အခြားရဲအရာရှိ တစ်ဦးတယောက်သည် -

(ခ) အခြားသူတစ်ဦးဦး သို့မဟုတ် တိရိစ္ဆာန်တကောင်ကောင်၏ သတ်ခြင်းကိုခံရသဖြင့် သေဆုံးခဲ့ရကြောင်း၊ သို့မဟုတ် စက်ကိရိယာကြောင့် သေဆုံးခဲ့ရကြောင်း သို့မဟုတ် မတော်တဆ ဖြစ်ပွားသော အကြောင်းကြောင့် သေဆုံးခဲ့ရကြောင်း ၊ သို့မဟုတ်

(ဂ) အခြားလူတယောက်က ပြစ်မှုတစ်ရပ်ကို ကျူးလွန်ခဲ့သည်ဟု ယုတ္တိတန်သော သံသယရှိလောက်သည့် အခြေအနေတွင် သေဆုံးခဲ့ရကြောင်း သတင်းရရှိသောအခါ သေမှုသေခင်း စစ်ဆေးပိုင်ခွင့်အာဏာရှိသော အနီးဆုံး ရာဇဝတ်တရားသူကြီးထံသို့ သတင်းကို ချက်ချင်းအစီရင်ခံရမည်။ ထိုအပြင် အဆိုပါ သေဆုံးသူ၏ အလောင်းရှိသည့် နေရာသို့ ရောက်ရပါမည်။ ထို့ပြင် ထိုနေရာ၌ အနီးပတ်ဝန်းကျင်တွင် နေထိုင်သူနှစ်ဦး၊ သို့မဟုတ် နှစ်ဦးထက်ပိုသောသူများ၊ ရှေ့မှောက်တွင် စုံစမ်းထောက်လှမ်းမှု ပြုလုပ်ရမည့်အပြင် ၎င်း အလောင်းပေါ်တွင် တွေ့ရှိရသည့် ဒဏ်ရာများ၊ ကျိုးပဲ့ခြင်းများ၊ လက္ခဏာရှိကြောင်း၊ ၎င်းပြင် မည်သည့်နည်းဖြင့်၊ သို့မဟုတ် မည်သည့်လက်နက်၊ သို့မဟုတ် မည်သည့်ကိရိယာဖြင့် ထိခိုက်ဒဏ်ရာရကြောင်း ဖော်ပြလျက် အစီရင်ခံစာ ရေးရပါမည်။

(၂) ယင်းအစီရင်ခံစာကို အဆိုပါရဲအရာရှိနှင့် အခြားသူများ၊ သို့မဟုတ် အဆိုပါ အစီရင်ခံစာတွင် ပါရှိသည့်အချက်ကို သဘောတူသမျှသူများက လက်မှတ်ရေးထိုးရမည် ဖြစ်ပြီး ခရိုင်ရာဇဝတ်တရားသူကြီး၊ သိုမဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးထံ ချက်ချင်း တင်ပို့ရမည်။

(၃) မည်သည့်အကြောင်းကြောင့် သေဆုံးသည်ဟူသောအချက်နှင့်စပ်လျဉ်း၍ တစုံတရာ သံသယဖြစ်သောအခါ သို့မဟုတ် ရဲအရာရှိက အခြားအကြောင်းတစ်ရပ်ရပ်ကြောင့်

ထိုသို့ပြုလုပ်နေရန် သင့်သည်ဟု ထင်မြင်သောအခါ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ပြဋ္ဌာန်းထားသော နည်းဥပဒေများကို လိုက်နာလျက် သေသူ၏အလောင်းကို စစ်ဆေးရန်မှာ အကယ်၍ ရာသီဥတုအခြေအနေနှင့် ခရီးကွာဝေးမှုတို့ကြောင့် အဆိုပါစစ်ဆေးမှုများမှာ အကျိုးမရှိ ဖြစ်ပွားစေမည့် လမ်းခရီး၌ အလောင်းပုပ်သိုးပျက်စီးခြင်း ဖြစ်မသွားလျှင် အနီးဆုံး ဆရာဝန်ထံ သို့မဟုတ် ဤကိစ္စအတွက် နိုင်ငံတော်သမတ က ခန့်အပ်ထားသည့် အခြား အရည်အချင်းရှိသော ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်ထံ စစ်ဆေးကြည့်ရှုရန် အလို့ငှါ ပေးပို့ရမည်။

(၅) အောက်ပါ ရာဇဝတ်တရားသူကြီးများက သေမှုသေခင်းများကို စစ်ဆေးပိုင်ခွင့်ရှိကြ သည်။ ၎င်းတို့မှာ မည်သည့် ခရိုင်ရာဇဝတ်တရားသူကြီးမဆို၊ နယ်ပိုင်ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ပထမတန်း အာဏာရ ရာဇဝတ်တရားသူကြီးနှင့် ဤကိစ္စအလို့ငှါ နိုင်ငံတော် သမတ ကဖြစ်စေ၊ ခရိုင်ရာဇဝတ်တရားသူကြီးကဖြစ်စေ၊ အထူးအားဖြင့် အာဏာအပ်နှင်း ထားသော ရာဇဝတ်တရားသူကြီးတဦးဦးတို့ဖြစ်ကြသည်။

**ပုဒ်မ (၁၅၅)–(၁)** ရဲစခန်းတစ်ခု၏ နယ်မြေအတွင်း ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှုတစ်ရပ်ကျူးလွန်သည့်အကြောင်း ၎င်းပြည်သူ့ရဲတပ်ဖွဲ့မှူးထံ သတင်းပေးလာလျှင် ရဲအရာရှိ သည် ထိုသတင်းပေးချက်၏ အကျဉ်းချုပ်ကို အထက်တွင်ဆိုခဲ့သည့်အတိုင်း ထားရှိမည့် စာအုပ်တွင် ရေးသွင်း၍ ထိုသတင်းပေးသူကို ရာဇဝတ်တရားသူကြီးထံ သွားရောက်ရန် လမ်းညွှန်ပေးရမည်။

(၂) အဆိုပါအမှုကို စစ်ဆေးစီရင် သို့မဟုတ် စစ်ဆေးစီရင်ရေးအတွက် အဆိုပါအမှုကို တင်ပြရန် အာဏာရှိသော ပထမတန်း သို့မဟုတ် ဒုတိယတန်းအာဏာရ ရာဇဝတ်တရား သူကြီးတစ်ဦး၏ အမိန့်မရရှိပဲ မည်သည့်ရဲအရာရှိကမျှ ရဲအရေးယူပိုင်ခွင့်မရှိသော အမှုကို စုံစမ်းထောက်လှမ်းခြင်းမပြုရ။

(၃) အဆိုပါအမိန့်မျိုးရရှိသော မည်သည့်ရဲအရာကမဆို ရဲအရေးယူပိုင်ခွင့်မရှိသော အမှု၌ သုံးစွဲနိုင်သော ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးတဦးရရှိသော အာဏာမျိုးကိုသုံးစွဲလျက် စုံစမ်းထောက်လှမ်းနိုင်သည်။ သို့သော် ဝရမ်းမပါပဲ ဖမ်းဆီးရန် အာဏာမရှိပေ။

**ပုဒ်မ (၁၅၆)(၃)ပုဒ်မ ၁၉၀ အရ** အာဏာအပ်နှင်းထားသော မည်သည့်ရာဇဝတ် တရားသူကြီးမဆို အထက်တွင်ဖော်ပြထားသော စုံစမ်းထောက်လှမ်းခြင်းမျိုးကို ပြုလုပ်စေရန် အမိန့်ထုတ်ဆင့်နိုင်သည်။

**ပုဒ်မ (၁၀၀)**–မည်သည့်ပထမတန်းအာဏာရရာဇဝတ်တရားသူကြီး၊ သို့မဟုတ် နယ်ပိုင်ရာဇဝတ်တရားသူကြီးမဆို တစုံတစ်ယောက်သောသူသည် အချုပ်အနှောင်ခံနေရ ကြောင်းနှင့် ယင်းသို့ချုပ်နှောင်ထားခြင်းမှာလည်း ပြစ်မှုကျူးလွန်ရာရောက်ကြောင်း ယုံကြည် ရန်အကြောင်း အတည်ပြုရန် ညွှန်ကြားခြင်းခံရသူသည် အဆိုပါချုပ်နှောင်ခြင်းခံနေ ရသူကို ရှာဖွေနိုင်သည်။ ထိုသို့ရှာဖွေခြင်း ဝရမ်းနှင့်အညီ ဆောင်ရွက်ပြီးနောက် ရှာဖွေတွေ့ရှိရသူကို ရာဇဝတ်တရားသူကြီးတဦးရှေ့သို့ ချက်ချင်းခေါ်ဆောင်သွားရမည်။ ရာဇဝတ်တရားသူကြီး သည် အမှု၏ အကြောင်းအရာအလိုက် သင့်လျော်ရာ အမိန့်ကိုချမှတ်ရမည်။

နိဂုံးချုပ်ဆက်လက်ဖော်ပြရပါလျှင် –

ကိုသက်နိုင်ဦးသေဆုံးခဲ့ရသည့်ကိစ္စနှင့်ပတ်သက်၍ အထက်ဖော်ပြပါ မြန်မာနိုင်ငံရှေ့

နေများကောင်စီ၏ ဥပဒေပိုင်းဆိုင်ရာ ဝေဖန်သုံးသပ်ချက်အပါအဝင်၊ အခြားအဖွဲ့အစည်းများ၊ သတင်းဌာနများ၊ လူ့အခွင့်အရေးအဖွဲ့များ၊ နိုင်ငံတကာအစိုးရများက စစ်အစိုးရအား ကိုသက်နိုင်ဦးသေဆုံးခဲ့ရသည့်ကိစ္စရပ်ကို အမြန်ဆုံး အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြသည်ကို တွေ့ရပါသည်။ ထို့အပြင် သေဆုံးခဲ့သူ ကိုသက်နိုင်ဦးသည် နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်ခဲ့ခြင်းကြောင့် အာဏာပိုင်များမှ အညိုးကြီးစွာ ရိုက်နှက်သတ်ဖြတ်ခဲ့ခြင်းလားဆိုသည့်အချက်သည် ထည့်သွင်းစဉ်းစားစရာ အချက်တခုဖြစ်နေပါသည်။ သို့သော် ယင်းကိစ္စရပ်အား နိုင်ငံတကာ၏ ဖိအားပေးမှုများကြောင့် စစ်အစိုးရအနေဖြင့် မဖြစ်မနေလုပ်ဆောင်ပေးရတော့မည်ဖြစ်ပေသည်။ ယင်းသို့ လုပ်ဆောင်ပေးရာတွင် အမှန်တကယ်ပြစ်မှုကျူးလွန်သည့် (ယူနီဖောင်းဝတ်) အာဏာပိုင်အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များကို အရေးယူရမည့်အစား နအဖစစ်အုပ်စုသည် ပြစ်မှုကျူးလွန်ရာတွင် အဖျားအနားလောက်သာ ပါဝင်ခဲ့သည့် ဆိုက္ကားသမားများ၊ မကောင်းသော မိန်းမထိန်းများကို တရားခံပြုလုပ်သတ်မှတ်ကာ အပြစ်ပေး အရေးယူမှုပြုလုပ်ရန် ဆောင်ရွက်နေပါသည်။ ယင်းအမှုကိုပြီးဆုံးအောင်စောင့်ကြည့်ခြင်းဖြင့် (နအဖ) စစ်အုပ်စုသည် မြန်မာနိုင်ငံတွင် မည်သို့သော တရားစီရင်ရေးစနစ်ဖြင့်သွားနေကြောင်း သိသာရှင်းလင်းစွာ မြင်တွေ့ရမည်ဖြစ်ပေသည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် (နအဖ) စစ်အုပ်စု၏ အရေးယူဆောင်ရွက်မှုကို မျက်ခြေပြတ်ခြင်းမရှိစေရန် ဆက်လက် စောင့်ကြည့် လေ့လာရအုံးမည်ဖြစ်ပေသည်။

◆◆◆

<u>ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ</u>

# ဆဲဗင်းဂျူလိုင်ကျောင်းသားသမဂ္ဂများလှုပ်ရှားမှုသပိတ်ကြီးကို ဥပဒေပိုင်းဆိုင်ရာရှုထောင့်မှ ချဉ်းကပ်လေ့လာဝေဖန်သုံးသပ်ခြင်း

**ဦးအောင်ထူး(၂)**
**အဖွဲ့ဝင်ရှေ့နေ(ဥပဒေအထောက်အကူပြုဌာန)**
**မြန်မာနိုင်ငံရှေ့နေများကောင်စီ**

## ဖြစ်ပေါ်လာပုံအကျဉ်းချုပ်

(၇–၇–၁၉၆၂) ရက်နေ့တွင် မြန်မာ့ကျောင်းသားလှုပ်ရှားမှုသမိုင်းတွင် ရာဇဝင်တင်ကျန်ရစ်စေမည့် ဆဲဗင်းဂျူလိုင် ကျောင်းသားသမဂ္ဂများလှုပ်ရှားမှု အထွေထွေသပိတ်ကြီး ပေါ်ပေါက်ခဲ့ရပေသည်။ ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် ဗိုလ်နေဝင်းဦးဆောင်သည့် စစ်တပ်မှ ပြည်သူ့အချုပ်အခြာအာဏာများကို လက်နက်အားကိုးဖြင့် အတင်းအဓမ္မ သိမ်းယူလိုက်ချိန်မှစ၍ ကျောင်းသားသမဂ္ဂများသည် အဓိက ဆန့်ကျင်ကန့်ကွက်ခဲ့သည့် အမာခံအင်အားစုများအဖြစ် ရပ်တည်လာရာမှ စတင်ခဲ့ခြင်းဖြစ်ပါသည်။ ကျောင်းသားသမဂ္ဂများသည် စစ်အာဏာသိမ်းပြီးစ မတ်လတွင် တကြိမ်နှင့် ဇူလိုင်လတွင် တကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ယင်းသို့ ဆန့်ကျင်ကန့်ကွက်ခဲ့ခြင်းဖြစ်ပါသည်။ ပထမအကြိမ် ငြိမ်းချမ်းစွာ ဆန့်ကျင်ကန့်ကွက်ခဲ့သည့် ကျောင်းသားသမဂ္ဂများ၏ ခေါင်းဆောင်များကို မတရား ဖမ်းဆီးနှိပ်စက်၍ တစ်ကျွန်းပို့ ပြစ်ဒဏ်များချမှတ်၍ ကိုကိုးကျွန်းသို့ ပို့ဆောင်ခဲ့ပြီး အချို့ကျောင်းသားများကို ကျောင်းမှထုတ်ပယ်လိုက်ပြီး အချို့မှာ ဝရမ်းပြေးဘဝသို့ ရောက်ရှိသွားရပါသည်။ စစ်အာဏာရှင်များသည် ထိုသို့ပြုလုပ်ရုံမျှမကဘဲ ငြိမ်းချမ်းစွာ ပညာဆက်လက်သင်ကြားနေသော ကျောင်းသားများ၏ နေရေး၊ စားရေး၊ ပညာသင်ကြားရေး စသည့် ကျောင်းသားများ၏ အခြေခံအခွင့်အရေးများကို ကန့်သတ်ချုပ်ချယ်သည့် အမိန့်၊ ဥပဒေ၊ ညွှန်ကြားချက် စသည်တို့ကို ပြင်းထန်စွာ ထုတ်ပြန်လာခဲ့ပါသည်။ ထိုသို့ အထွေထွေဖိနှိပ်ချုပ်ချယ်မှုများကို

နည်းပေါင်းစုံဖြင့် ပြုလုပ်လာသောကြောင့် နောက်ထပ် (၄) လကျော်ခန့်အကြာတွင် ကြီးမား ပြင်းထန်သော ဆဲဗင်းဂျူလိုင် ကျောင်းသားသမဂ္ဂများလှုပ်ရှားမှု အထွေထွေသပိတ်ကြီး ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပါသည်။ ယင်းသို့ ဇူလိုင်လတွင် ဆက်လက်ဖြစ်ပွားခဲ့ရသော ကျောင်းသားသမဂ္ဂများ လှုပ်ရှားမှုသပိတ်ကြီးတွင် ကျောင်းသားများ၏ အဓိကဦးတည်ခဲ့ သည့် ရည်ရွယ်ချက်များမှာ –

(၁) ၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်စစ်တပ်၏ မတရားအာဏာသိမ်းယူခဲ့မှုနှင့်

(၂)ကျောင်းသားများ၏ လွတ်လပ်စွာ ပညာသင်ကြားနိုင်ခွင့်များကို ဖိနှိပ်ချုပ်ချယ်သည့် မတရားသည့် အမိန့်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များ၊ ဥပဒေကြေညာချက် များကို ရုတ်သိမ်းပေးရန်တို့ဖြစ်ပြီး ငြိမ်းချမ်းစွာ ဆန့်ကျင်ကန့်ကွက် ဆန္ဒပြ သပိတ်မှောက်ခဲ့ ခြင်းပင်ဖြစ်ပေသည်။

ယင်းသပိတ်ကြီးသည် တစ်နိုင်ငံလုံးရှိ ကျောင်းသားထုများအကြား လျှင်မြန်စွာ ပြန့်နှံ့ ကူးစက်ကာ ဇူလိုင်လဆန်းတွင် တဖြေးဖြေးနှင့် ကြီးမားပြင်းထန်လာခဲ့ပါသည်။ ကျောင်းသား သမဂ္ဂများမှ ဦးဆောင်လှုပ်ရှားခဲ့ပြီး စစ်အာဏာရှင်စနစ်နှင့် တရားမျှတမှုမရှိသော ဥပဒေ များအား ဆန့်ကျင်ခဲ့သည့် သမိုင်းတွင်ရစ်မည့် ဆဲဗင်းဂျူလိုင် ကျောင်းသားလှုပ်ရှားမှု အထွေ ထွေသပိတ်ကြီး ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ပေသည်။ ယင်းကျောင်းသားသပိတ်ကြီးအား ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့ ညနေ (၁၈း၃၀) နာရီခန့်တွင် စစ်အာဏာရှင်၏ ခါးပိုက်ဆောင် စစ်တပ်မှ ယမ်းပေါက်ကွဲဖျက်ဆီးမှုအား ပြင်းထန်လှသည့် ဂျီသရီး၊ ဂျီဖိုး စက်သေနတ်များဖြင့် အကြမ်းဖက်နည်းသုံးကာ ရက်စက်စွာ ပစ်ခတ်သတ်ဖြတ် နှိမ်နင်း ဖြိုခွင်းခဲ့ပါသည်။ ထို့ကြောင့် ကျောင်းသားသမဂ္ဂများအဖွဲ့ဝင် တက္ကသိုလ်ကျောင်းသားပေါင်းမြောက်မြားစွာ သွေးမြေကျ ၍ သေကြေပျက်စီးခဲ့ရပါသည်။ မသေဘဲကျန်နေခဲ့သူ အချို့ကျောင်းသားများကို ဖမ်းဆီး၍ ထောင်ချနှိပ်စက်ခြင်း၊ ကိုကိုးကျွန်းသို့ပို့ဆောင်၍ နှိပ်စက်ခြင်း၊ အချို့ကျောင်းသားပေါင်းများ စွာကို ရာနှင့်ချီ၍ တက္ကသိုလ်ကျောင်းများမှ ထုတ်ပယ်ပစ်ခြင်း၊ အချို့ကျောင်းသားများမှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ၎င်းတို့၏ ကောင်းမွန်သော အနာဂတ်ဘဝများ ပျောက်ဆုံးပျက် စီးကာ ဝရမ်းပြေးများအဖြစ်သို့ရောက်ရှိခဲ့ရခြင်း စသည့်အဖြစ်ဆိုးများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထို့အပြင် ကျောင်းသားများ၏ နိုင်ငံရေးလုပ်ဆောင်လာခဲ့မှုသမိုင်းကို ဖျောက်ဖျက်ပစ်လို သော ယုတ်မာပက်စက်သည့်အကြံများဖြင့် သပိတ်မှောက် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များ ၏ အဓိက စုရုံးစည်းဝေးရာနေရာဖြစ်သည့် သမိုင်းဝင် ရန်ကုန် တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အဦးကိုလည်း ဇူလိုင်လ (၈) ရက်၊ မနက် (၀၃း၃၀) နာရီခန့်တွင် မိုင်းများဖြင့် ဖြိုခွဲဖျက်ဆီး၍ အစဖျောက်ခဲ့ပါသည်။

## ကျောင်းသားများလှုပ်ရှားခဲ့သောသပိတ်ကြီးနှင့် ကျောင်းသားသမဂ္ဂများဖြစ်ပေါ်လာပုံ

(၁) လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သော ကျောင်းသားသပိတ်ကြီးများ သမိုင်း အကျဉ်းချုပ် (၁၉၂၀ မှ ၁၉၄၈ ထိ) **ပထမကျောင်းသားသပိတ်ကြီးကို** လွတ်လပ်ရေးရရှိ

အောင် စတင်ကြိုးပမ်းခဲ့သည့် တက္ကသိုလ်ကျောင်းသားကြီး (၂၀) ဦးမှ ဦးဆောင်လှုပ်ရှားခဲ့ပြီး ၁၉၂၀ ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ဖြစ်ပွားခဲ့ရသည်။ ထိုမှတစ်ဆင့် အကျိုးဆက်အဖြစ် မြန်မာပြည် လွတ်လပ်ရေးရရှိအောင် အဓိက ကြိုးပမ်းဆောင်ရွက်ခဲ့သည့် "မြန်မာအသင်းချုပ်ကြီး" (GCBA) ကို ဖွဲ့စည်းထူထောင်နိုင်ခဲ့ပါသည်။ ၁၉၂၆ ခုနှစ်တွင် ဒေါက်တာဦးညိုမှ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဖြစ်မြောက်ရေးအတွက် ငွေသား (တသိန်း ခုနှစ်သောင်း) ကျပ်ကို စေတနာထက်သန်စွာ လှူဒါန်းခဲ့ပါသည်။ ၁၉၂၇ ခုနှစ်တွင် ဗမာပြည်ဘုရင်ခံမှ အုတ်မြစ်ချပေးခဲ့ကာ ၁၉၂၉ ခုနှစ်တွင် သမဂ္ဂအဆောက် အဦးကို စတင်ဆောက်လုပ်ခဲ့ပြီး ၁၉၃၀ ခုနှစ် နှစ်လယ်လောက်တွင် ပြီးမြောက်ခဲ့ပါသည်။ (၃၁၊ ၁၊ ၁၉၃၁) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂကို အောင်မြင်စွာ ဖွဲ့စည်းထူထောင်နိုင်ခဲ့ပါသည်။

**ဒုတိယကျောင်းသားသပိတ်ကြီး** သည် ၁၉၃၆ ခုနှစ်တွင် ဖြစ်ပွားခဲ့ပြီး ယင်းသပိတ်ကြီးနှင့်အတူ "ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ" ကို ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပါသည်။ ၁၉၃၈ ခုနှစ်တွင် ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံ သပိတ်ကြီး ဖြစ်ပွားခဲ့ပြီး "ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ" နှင့် "ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ" တို့သည် ယင်းအရေးတော်ပုံသပိတ်ကြီးကို ထောက်ခံခဲ့ပြီး သပိတ်ကြီးအတွင်း တက်ကြွစွာ ပူးပေါင်းပါဝင်ခဲ့ပါသည်။ ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလထဲတွင် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်ကျဆုံးခဲ့ရပါသည်။

ထို့ကြောင့် **တတိယကျောင်းသားသပိတ်ကြီး** ဆက်လက်ဖြစ်ပွားခဲ့ပါသည်။ ကိုလိုနီခေတ် ကျောင်းသားသမဂ္ဂများနှင့် ကျောင်းသားများ လှုပ်ရှားဆောင်ရွက်ခဲ့မှုများ၏ ကျောရိုးသည် ဗြိတိသျှနယ်ချဲ့ ကိုလိုနီစနစ် ဆန့်ကျင်ရေးနှင့် အမျိုးသားပညာရေး အဆင့်မြင့်တိုးတက်ရရှိရေးတို့အတွက် အဓိကထား လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ဥပဒေဘောင်အတွင်းမှ လှုပ်ရှားဆောင်ရွက်ခဲ့သည့် ဒီမိုကရေစီတိုက်ပွဲများသာဖြစ်ခဲ့ပါသည်။ ထို့အပြင် ဗြိတိသျှကိုလိုနီခေတ်တွင် ကျောင်းသားသမဂ္ဂများကို အစိုးရမှ တရားဝင် ရပ်တည်လှုပ်ရှားခွင့်များ ပေးထားခဲ့ပါသည်။ မြန်မာပြည်ကျောင်းသားများနှင့် ကျောင်းသားသမဂ္ဂများသည် မြန်မာပြည် လွတ်လပ်ရေးရရှိမှုအတွက် ဦးဆောင်မှုအခန်းကဏ္ဍများမှ စွန့်လွှတ်အနစ်နာခံကာ လွတ်လပ်ရေးရရှိသည်အထိ တိုက်ပွဲဝင်သွားခဲ့ကြပါသည်။

(၂) လွတ်လပ်ရေးရရှိပြီး သမိုင်းအကျဉ်းချုပ် (၁၉၄၈ မှ ၁၉၅၈ ထိ) ပါလီမန်ဒီမိုကရေစီခေတ် –

လွတ်လပ်ရေးရရှိပြီးခေတ် အစောပိုင်းကာလများတွင် ကျောင်းသားသမဂ္ဂများ၏ လှုပ်ရှားမှုများသည် ကိုလိုနီခေတ် လွတ်လပ်မှုမျိုးအတိုင်းဘဲ ရှိခဲ့ပါသည်။ ၁၉၄၉ ခုနှစ်တွင် ဥပဒေအတွင်း လူထုလူတန်းစားတိုက်ပွဲများဖြစ်ပေါ်ခဲ့ပြီးနောက် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သည့် "ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ" မှ အလုပ်အမှုဆောင်အချို့ လက်နက်ကိုင်တော်လှန်ရေးဘက်ကို ရောက်သွားကြပါသည်။ ၁၉၅၁ ခုနှစ်တွင် "ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ" (ABSU) ကိုဖျက်သိမ်းပြီး "ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်" (ABFSU) အဖြစ် ပထမအကြိမ်ညီလာခံမှ ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ "ရန်ကုန်ခရိုင်ကျောင်းသားများသမဂ္ဂ" (ARSU) ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

၁၉၅၃ ခုနှစ်၊ မတ်လ ပထမပတ်ထဲတွင် ကျောင်းသားသမဂ္ဂများမှ ဦးဆောင်၍ **အောက်တိုဘာ ကျောင်းတလပိတ်ရေးသပိတ်ကို ငြိမ်းချမ်းစွာဖြင့် ဆန္ဒပြ သပိတ်တိုက်ပွဲဝင်တောင်းဆိုခဲ့သောကြောင့် (ဖဆပလ) အစိုးရမှ ပစ်ခတ်နှိမ်နင်းခဲ့ပါသည်။** ၁၉၅၆ ခုနှစ်၊ အောက်တိုဘာလထဲတွင် (ဖဆပလ) အစိုးရက ကျောင်းသားသမဂ္ဂများ အစိုးရအထက်တန်းကျောင်းများအတွင်းမရှိရ၊ ကျောင်းတွင်း စည်းရုံးရေးလုပ်ရှားမှုများမပြုလုပ်ရဟု အမိန့်များထုတ်ပြန်လာခဲ့ပါသည်။ ထို့အပြင် ကျောင်းသားသမဂ္ဂများအစား ကျောင်းကောင်စီများကို ဖွဲ့စည်းပေးလာခဲ့ပါသည်။ ယင်းညွှန်ကြားချက် အမိန့်များကို **ဆန့်ကျင်ကန့်ကွက်ဆန္ဒပြသပိတ်မှောက်ခဲ့သောကြောင့် ကျောင်းသား (၅၀) ကျော်အဖမ်းခံပြီး (၂၅၀) ကျော်ကျောင်းထုတ်ခံခဲ့ရပါသည်။**

၁၉၅၆ ခုနှစ်၊ မတ်လ (၁၇) ရက်မှ (၂၂) ရက်နေ့ထိ ကျင်းပပြုလုပ်သည့် သတ္တမတန်းမေးခွန်းများ အစုံလိုက်ပေါက်ကြားခဲ့သောကြောင့် ယင်းကိစ္စအပေါ် မကျေနပ်မှုများဖြစ်ပေါ်လာခဲ့ပါသည်။ ယင်းကိစ္စရပ်အပေါ် ကျောင်းသားသမဂ္ဂများမှ ဦးဆောင်၍ **သပိတ်မှောက်ဆန့်ကျင်ကန့်ကွက်မှုများပြုလုပ်ခဲ့သဖြင့် (ဖဆပလ) အစိုးရမှ ခြောက်လှန့်ပစ်ခတ်ခဲ့သောကြောင့် စိန်ပေါလ်ကျောင်းမှ သတ္တမတန်းကျောင်းသား ဟယ်ရီတန် သေနတ်ထိမှန်၍ သေဆုံးခဲ့ရပါသည်။**

## ပါလီမန်ဒီမိုကရေစီနှင့် စစ်အာဏာရှင်ထူထောင်လိုမှု အားပြိုင်နေသည့်ခေတ် အကျဉ်းချုပ် (၁၉၅၈ မှ ၁၉၆၂)

၁၉၅၈ ခုနှစ်၊ စက်တင်ဘာလထဲတွင် သန့်ရှင်းဖဆပလအစိုးရထံမှ စစ်တပ်က ပထမအကြိမ်မြောက် အာဏာသိမ်းယူခဲ့မှုကို ပြုလုပ်ခဲ့ပါသည်။ ကျောင်းသားသမဂ္ဂများသည် ယင်းအာဏာသိမ်းယူမှုကို ဆန့်ကျင်ခဲ့ပြီး တစ်ပြည်လုံးသို့ စည်းရုံးလှုံ့ဆော်ခဲ့ပြီး ကန့်ကွက် ဆန္ဒပြသပိတ်မှောက်ခဲ့ကြပါသည်။ **သပိတ်မှောက်ရာတွင် ပါဝင်ခဲ့သော သမဂ္ဂဝင် ကျောင်းသားခေါင်းဆောင်များကို ဖမ်းဆီး၍ ကိုကိုးကျွန်းသို့ ပို့ဆောင်ခဲ့ပါသည်။**

ကျောင်းသားသမဂ္ဂဝင်ကျောင်းသားများ ထိုသို့ အရေးယူခံရသော်လည်း စစ်အာဏာရှင်စနစ်ကို တပ်ဦးမှ ရဲရဲဝံ့ဝံ့ ဆန့်ကျင်ခဲ့သည့် လှုပ်ရှားမှုများကြောင့် စစ်အစိုးရသည် ၁၉၆၀ ခုနှစ်၊ ဖေဖော်ဝါရီလ ပထမအပတ်ထဲတွင် အထွေထွေရွေးကောက်ပွဲ ပြန်လည်လုပ်ဆောင်ပေးခဲ့ရပေသည်။ ယင်းအထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ်ဟောင်းဦးနု၏ (ပထစ) ပါတီက အနိုင်ရရှိခဲ့ပါသည်။ (ပထစ) အစိုးရသည် ၉ တန်း/၁၀ တန်း ခွဲခြားသည့် တန်းခွဲတန်းချ အမိန့်တခုကို ပညာရေးဝန်ကြီးဌာနမှတဆင့် ကြေညာထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက်ကို ကျောင်းသားသမဂ္ဂများမှ ခေါင်းဆောင်ပြီး ကန့်ကွက် ဆန္ဒပြ သပိတ်မှောက်ခဲ့ကြပါသည်။

၁၉၆၀ ခုနှစ်နှောင်းပိုင်းမှာ ကွန်မင်တန် တရုတ်ဖြူလက်ကျန်များ မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လာခဲ့ပါသည်။ ကျောင်းသားသမဂ္ဂများသည် **တရုတ်ဖြူနဲ့ နယ်ချဲ့ဆန့်ကျင်ရေးကို အမေရိကန်သံရုံးရှေ့မှာ ဆန့်ကျင်ကန့်ကွက် ဆန္ဒပြသပိတ်မှောက်**

**ခဲ့ရာ အစိုးရမှ မီးသတ်ပိုက်၊ မျက်ရည်ယိုဗုံးများနဲ့သာမက သေနတ်များနဲ့ပါ ပစ်ခတ်ခဲ့သောကြောင့် ရဟန်းတစ်ပါး ပျံလွန်တော်မူခဲ့ရပါသည်။**

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် ဗိုလ်နေဝင်းဦးဆောင်သည့် စစ်တပ်မှ ဒုတိယအကြိမ် အာဏာသိမ်းခဲ့ပြန်ပါသည်။ ယင်းအာဏာသိမ်းမှုအား အဓိက ဆန့်ကျင်ကန့်ကွက်ခဲ့သည့် အင်အားစုများမှာ ကျောင်းသားသမဂ္ဂများ၊ လူငယ်အဖွဲ့အစည်းအချို့၊ နိုင်ငံရေးပါတီအချို့ တိုင်းရင်းသားအဖွဲ့အစည်းအချို့ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လူငယ်များသမဂ္ဂ စသည်တို့ ပါဝင်ခဲ့ပါသည်။ ယင်းသို့ **သပိတ်မှောက်ဆန္ဒပြသော သမဂ္ဂဝင် ကျောင်းသားခေါင်းဆောင်အချို့ကို ဖမ်းဆီးခဲ့ပြီး ကိုကိုးကျွန်းသို့ ပို့ဆောင်ခဲ့ပါသည်။**

## စစ်အာဏာရှင်ခေတ် (၁၉၆၂ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ယခုအချိန်အထိ)

စစ်အာဏာသိမ်းယူပြီးနောက်ပိုင်းတွင် လွတ်လပ်ရေးခေတ် အစောပိုင်းခေတ်မှ ကျောင်းသားသမဂ္ဂနဲ့ကျောင်းသားလှုပ်ရှားမှုများ ရရှိခဲ့သည့် လွတ်လပ်ခွင့်များကို စစ်အစိုးရမှတဖြည်းဖြည်းနှင့် ကန့်သတ်ချုပ်ချယ်လာခဲ့ပါသည်။ စစ်အစိုးရ (တော်လှန်ရေးကောင်စီ) သည် မေလမှစ၍ ကျောင်းဆောင်နေကျောင်းသားများကို မတရားဖိနှိပ်ချုပ်ချယ်သည့် ကျောင်းဆောင်စည်းကမ်းချက် (၂၂) ချက်ကို ထုတ်ပြန်လာခဲ့ပါသည်။ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ရုတ်သိမ်းသည့် ဥပဒေကိုလည်း ဗိုလ်နေဝင်း (တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ) မှ မေလ (၉) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး မေလ (၁၀) ရက်နေ့တွင် တက္ကသိုလ်ကောင်စီကိုပါ ဖျက်သိမ်းလိုက်ပါသည်။ မေလ (၁၇) ရက်နေ့တွင် တော်လှန်ရေးကောင်စီ၏ ကြေညာချက် အမိန့်အမှတ် (၃၀) ဖြင့် တက္ကသိုလ်ကျောင်းသားများမပါဝင်ဘဲ ဗိုလ်မှူးချုပ်များသာပါဝင်သည့် တက္ကသိုလ်ကောင်စီကို ပြန်လည်ဖွဲ့စည်းပေးခဲ့ပါသည်။ ဇူလိုင် (၆) ရက် ည (၂၀း၀၀) နာရီအချိန်တွင် စစ်အစိုးရမှ တက္ကသိုလ်နယ်မြေကို ပုဒ်မ (၁၄၄) အမိန့်ထုတ်ပြန်ခဲ့ပါသည်။ ထိုညဦးတွင် မန္တလေးဆောင်အပါအဝင် တောင်ငူဆောင်၊ အမရဆောင်များမှာ မီးပြတ်တောက်သွားခဲ့ပါသည်။ ထိုမီးပြတ်သွားခြင်းကို အဆောင်မှူးများက ပြေလည်အောင် မဖြေရှင်းပေးခဲ့သောကြောင့် မန္တလေးဆောင်မှစ၍ တက္ကသိုလ်ဝင်းအတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြလှည့်လည်ကြွေးကြော်ခဲ့ပါသည်။ ထိုအင်အားစုအတွင်းသို့ ရွှေဘိုဆောင်၊ ဒဂုံဆောင်များကပါ ပူးပေါင်းပါဝင်လာပြီး ကျောင်းဝင်းအတွင်း ငြိမ်းချမ်းစွာ လှည့်လည်ဆန္ဒပြခဲ့ပါသည်။ စစ်အစိုးရ၏ မတရားသော ဖိနှိပ်ချုပ်ချယ်မှုများကို ဆန့်ကျင်ကန့်ကွက်ခဲ့သည့် ကျောင်းသားထုအစည်းအဝေးကြီးနှင့် ဆန္ဒပြ သပိတ်မှောက်ပွဲကြီးကို (၇၊ ၇၊ ၁၉၆၂) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းနှင့် ကျောင်းသားသမဂ္ဂ အဆောက်အဦးအတွင်း၌ ပြုလုပ်ခဲ့ပါသည်။ ကျောင်းသားသမဂ္ဂများမှ ပုဒ်မ (၁၄၄) ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။ ယင်းသပိတ်ကြီးပြုလုပ်ခဲ့သည့် ဇူလိုင်လ (၇) ရက်နေ့ ညနေ (၁၈း၃၀) နာရီခန့်တွင် ဆန္ဒပြကြွေးကြော်နေသည့် ကျောင်းသားများကို စစ်အစိုးရ (တော်လှန်ရေးကောင်စီ) ၏ ခါးပိုက်ဆောင်စစ်တပ်မှ ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်၍ အကြမ်းဖက်နည်းသုံးကာ ဖြိုခွင်းခဲ့ပါသည်။ ဇူလိုင်လ (၈) ရက်၊ မနက် (၀၃း၃၀) နာရီခန့်လောက်တွင် တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦးကို မိုင်းဖြင့် ဖြိုခွဲဖျက်ဆီးပစ်လိုက်ပါသည်။ သမဂ္ဂ (၃) ခုမှ ထင်ရှားသည့်ခေါင်းဆောင်များ၊

အခြားကျောင်းသားအဖွဲ့အစည်းများမှ ထင်ရှားသည့် ကျောင်းသားခေါင်းဆောင်များ၊ အခြားအဖွဲ့အစည်းများနှင့် လူငယ်အဖွဲ့အစည်းများမှ ခေါင်းဆောင်များကို ဖမ်းဆီးနှိပ်စက်၍ ပုဒ်မ (၅) နဲ့အရေးယူခဲ့ပြီး အချို့ကို ကိုကိုးကျွန်းအကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ပါသည်။ အချို့ကျောင်းသားများ ရာနှင့်ချီပြီး ရာသက်ပန်ကျောင်းထုတ်ခံရပါသည်။

## သမိုင်းဆိုင်ရာနှင့် ဥပဒေပိုင်းဆိုင်ရာရှုထောင့်များမှ ဝေဖန်သုံးသပ်ခြင်း၊

ယင်းသို့ စစ်အာဏာရှင်ထူထောင်လိုသူများအနေဖြင့် တိုင်းပြည်အတွင်း တာဝန်မဲ့ ရိုင်းပြစွာ ပြုမူခဲ့ခြင်းများ၊ မိမိနိုင်ငံသား ကျောင်းသားများအပါအဝင် တိုင်းရင်းသား လုပ်သား ပြည်သူတရပ်လုံးအား ဥပဒေမဲ့စွာ ဖိနှိပ်သတ်ဖြတ်နေခြင်းများ၊ ဥပဒေကို ခုတုံးပြုလုပ်၍ တရားမဲ့ ဖမ်းဆီး အရေးယူ ထောင်ချနေခြင်းများ နောင်အနာဂတ်တွင် လျော့ပါးသွားနိုင်စေရေးနှင့် ကျောင်းသားများအပါအဝင် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ အပြည့်အဝ ခံစားနိုင်ရေးတို့အတွက် ဥပဒေပိုင်းဆိုင်ရာ ရှုထောင့်များမှ အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်။

## ကျောင်းသားများ၏ လွတ်လပ်စွာပညာသင်ကြားနိုင်ခွင့်များကို ဖိနှိပ်ချုပ်ချယ်သည့် အမိန့်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များ၊ ဥပဒေကြေညာချက်များ၊

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့တွင် စစ်တပ်မှ အာဏာကို မတရားသိမ်းယူခဲ့ပြီး (တော်လှန်ရေးကောင်စီအစိုးရ) အဖြစ် ရောက်ရှိလာသည့်အချိန်မှစ၍ တစ်နိုင်ငံလုံးရှိ တိုင်းရင်းသားလုပ်သားပြည်သူတစ်ရပ်လုံးအပါအဝင် ကျောင်းသားများ၏ လွတ်လပ်မှုကို ဖိနှိပ်ချုပ်ချယ်လိုသော ဆန္ဒများဖြင့် တရားမျှတမှုမရှိသော အမိန့်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များ၊ ဥပဒေကြေညာချက်များကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ စစ်အစိုးရမှ ကျောင်းသားများအပေါ် မတရားဖိနှိပ်ချုပ်ချယ်လိုသော ဆန္ဒများဖြင့် အောက်ဖော်ပြပါ အမိန့်ကြေညာချက်များကို မေလတွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

(က) **ကျောင်းဆောင်နေကျောင်းသားများကို မတရားဖိနှိပ်ချုပ်ချယ်သည့် ကျောင်းဆောင်စည်းကမ်းချက် (၂၂) ချက်ကို ထုတ်ပြန်လာခဲ့**ပါသည်။

(ခ) ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကိုလည်း ဗိုလ်နေဝင်း (တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ) မှ မေလ (၉) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

(ဂ) မေလ (၁၀) ရက်နေ့တွင် တက္ကသိုလ်ကောင်စီကို ဖျက်သိမ်းလိုက်သည့်ကြေညာချက်။

(ဃ) မေလ (၁၇) ရက်နေ့တွင် တော်လှန်ရေးကောင်စီ၏ ကြေညာချက် အမိန့်အမှတ် (၃၀) ဖြင့် တက္ကသိုလ်ကျောင်းသားများ မပါဝင်ဘဲ ဗိုလ်မှူးချုပ်များသာပါဝင်သည့် တက္ကသိုလ်ကောင်စီကို ပြန်လည်ဖွဲ့စည်းပေးခဲ့သည့် ကြေညာချက်။ ဇူလိုင်လသို့

ရောက်ရှိလာသောအခါ ကျောင်းသားများ ဆန့်ကျင်ကန့်ကွက်နေမှုများကို ကြောက်ရွံ့သောကြောင့်၊

(င) ဇူလိုင် (၆) ရက်ည (၂၀း၀၀) နာရီအချိန်တွင် စစ်အစိုးရမှ တက္ကသိုလ်နယ်မြေကို ပုဒ်မ (၁၄၄) အမိန့်ထုတ်ပြန်ခဲ့သည့် ကြေညာချက်များ၊ စသည်တို့ကို ထုတ်ပြန်လာခဲ့ပါသည်။

**အမှတ်စဉ်(က)ပါ ကျောင်းဆောင်စည်းကမ်းချက်(၂၂)ချက်ထဲပါ** အချို့အချက်များမှာ –

ကျောင်းဝင်ခွင့်နှင့် အဆောင်နေရရေးတို့အတွက် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများ၏ ထောက်ခံချက်ဖြင့် လျှောက်ခဲ့ရသည့် စည်းကမ်းချက်။ မိဘအုပ်ထိမ်းသူ၏ ဝန်ခံဂတိပေးချက်နှင့် ကျောင်းအပ်ရသည့်စည်းကမ်းချက်။ အဆောင်နေကျောင်းသားများ မနက် (၀၇း၃၀) နာရီမှ မနက် (၁၀း၀၀) နာရီအတွင်း မနက်စာ (နေ့လည်စာ) ထမင်းကို မဖြစ်မနေ စားရမည် ညနေစာကိုညနေ (၁၈း၀၀) နာရီတွင်စားရမည်ဆိုသော စည်းကမ်းချက်။ ည (၂၀း၀၀) နာရီထိုးရင် အဆောင်တံခါးပိတ်၍ လုံးဝအပြင်မထွက်ရဟူသော စည်းကမ်းချက်။ အဆောင်မှူးများ စစ်ဆေးသောအချိန်တွင် မရှိလျှင် အရေးယူမည်ဆိုသော စည်းကမ်းချက်။ စသည့် စည်းကမ်းချက်တို့သည် ကောင်းမွန် သင့်တော်သည်ဟု ယူဆရသော်လည်း လိုက်နာနိုင်ရန်ခဲယဉ်းလှပေသည်။ တက္ကသိုလ်ကျောင်းသားများ၏ လွတ်လပ်ခွင့်အရသာကို အဆုံးရှုံးခံလိုက်ရခြင်းပင်ဖြစ်ပေသည်။ ယင်းစည်းကမ်းချက် တစ်ပုဒ်ဆုံးတိုင်း စည်းကမ်းအတိုင်း မလိုက်နာနိုင်က ကျောင်းဆောင်မှ ထုတ်ပစ်မည်ဆိုသော အပြစ်ပေးအရေးယူမှုသည် လွန်စွာမှဆိုးရွားကောက်ကျစ်သော ခြိမ်းခြောက်မှုများပင်ဖြစ်ပေသည်။ ကျောင်းတက်ချိန်(၇၅ ရာခိုင်နှုန်း) ပြည့်မှီမှ စာမေးပွဲဖြေဆိုခွင့်ရှိမည့် စနစ်သစ်ကို ပြဋ္ဌာန်းလာခဲ့ပါသည်။ (၉) တန်း (၁၀) တန်းခွဲခြားလာမှုများ၊ ဝိဇ္ဇာ–သိပ္ပံ ခွဲလိုက် ပေါင်းလိုက် လုပ်နေသည့် ပညာရေးလုပ်ဆောင်မှုများကိုလည်း လုပ်ဆောင်လာပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ပညာရေးစနစ် ကောင်းမွန်လာစေရန်နှင့် ကျောင်းသားများ ပညာသင်ကြားမှု တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ချက်ထားပြီး လုပ်တာမျိုးမဟုတ်ဘဲ ကျောင်းသားသမဂ္ဂများနှင့် ကျောင်းသားလှုပ်ရှားမှုများကို ကန့်သတ်ထိန်းချုပ်ရန် ရည်ရွယ်ချက်များနှင့် စစ်အစိုးရမှ စနစ်တကျ လုပ်ဆောင်လာခြင်းဖြစ်ပါသည်။ စစ်အာဏာရှင်စနစ်ထူထောင်လာမှုကို ဆန့်ကျင်ကန့်ကွက်ခဲ့သည့် ကျောင်းသားသမဂ္ဂနှင့် ကျောင်းသားလှုပ်ရှားမှုများကို အဓိကတာဝန်ယူသည့် ကျောင်းသားခေါင်းဆောင်များကို ရာနဲ့ချီပြီး ကျောင်းမှထုတ်ပယ်လာပြီး ပညာသင်ကြားခွင့်နှင့် ကျောင်းဆောင်နေခွင့်များကိုပါ ပိတ်ပင်လာခဲ့ပါသည်။ စစ်အစိုးရ၏ တက္ကသိုလ်ကျောင်းဆောင်နေ ပညာသင်ကျောင်းသားများ လိုက်နာရန်အတွက် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သမျှ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ကျောင်းသားများ စည်းကမ်းရှိလာစေရန် နှင့်ပညာရေး အဆင့်မြင့်တိုးတက်လာစေရန် ရည်ရွယ်၍ ထုတ်ပြန်ခဲ့ခြင်းမျိုးမဟုတ်ဘဲ ကျောင်းသားများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ချို့တဲ့ ပျက်စီးလာစေရေးကိုသာ အဓိက ရည်ရွယ်ခဲ့ခြင်းဖြစ်ပါသည်။ သို့မှသာ ၎င်းတို့၏ စစ်အာဏာရှင်ထူထောင်လိုမှုကို အနှောင့်အယှက်ဖြစ်စေမည့် ငြိမ်းချမ်းစွာ ဆန္ဒပြလာမည့် ကျောင်းသားများ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ

ချိုးတဲ့လာပြီး နိုင်ငံရေးလှုပ်ရှားမှုများတွင် ဝင်ရောက်ပါမလာစေရန် ရည်ရွယ်ခဲ့ခြင်းသာဖြစ်ပါသည်။

အမှတ်စဉ် (ခ) နှင့် (ဂ) ပါ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ရုတ်သိမ်းသည့် ဥပဒေနှင့် တက္ကသိုလ်ကောင်စီကို ဖျက်သိမ်းသည့်ဥပဒေမှာ ၁၉၅၈ ခုနှစ် ပထမအကြိမ် ၎င်းတို့ စစ်အာဏာသိမ်းယူခဲ့စဉ်အချိန်မှစ၍ အမာခံအဖြစ် ရပ်တည်ကာ ဆန့်ကျင်ကန့်ကွက် ဆန္ဒပြခဲ့သည့် ကျောင်းသားများအပေါ် အမိကရန်သူအဖြစ် အငြိုးထားခဲ့ခြင်းကြောင့် ထုတ်ပြန်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ၁၉၆၂ ခုနှစ် ဒုတိယအကြိမ် အာဏာသိမ်းယူမှုအပြီးတွင် ကျောင်းသားများအား မတရားသည့် ဥပဒေများ၊ အမိန့်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များဖြင့် ထိမ်းချုပ်ဖိနှိပ်လာခဲ့ခြင်းဖြစ်ပါသည်။ တက္ကသိုလ်ရုံးမှ ယခင်ကဲ့သို့ သမဂ္ဂဝင်ကြေး ကောက်ခံပေးမှုကိုလည်း ရပ်ဆိုင်းပစ်ခဲ့ပါသည်။ ကျောင်းသားသမဂ္ဂအဆောက်အဦး ပြုပြင်ထိမ်းသိမ်းရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်မပေးဖို့ ပြုပြင်ထိမ်းသိမ်းရေးဌာနကို စစ်အစိုးရမှ ညွှန်ကြားချက်ပေးလာခဲ့ပါသည်။ ထိုသို့ဖြင့် စစ်အစိုးရသည် ကျောင်းသားများ၏ နေထိုင်စားသောက်ရေးနှင့် လွတ်လပ်စွာ ပညာသင်ကြားရေးများကို တိုက်ရိုက် ထိန်းချုပ်လာရုံမျှမကဘဲ ကျောင်းသားများနှင့် ထိစပ်ပတ်သက်သမျှ ရုပ်ဝတ္ထုပစ္စည်းများကိုပါ တဆင့်တိုး၍ ထိန်းချုပ်ဖိနှိပ်မှုများ ပြုလုပ်လာပါသည်။ ယင်းသို့ ပြုလုပ်လာခြင်းမှာ ကျောင်းသားများ၏ နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုများကို အမိက အထောက်အပံ့ပြုနေသော ရုပ်ဝတ္ထုပစ္စည်းအရာအားလုံး ချို့ယွင်းပျက်စီးနေမှသာ ၎င်းတို့စစ်အာဏာရှင်စနစ် ထူထောင်မည့် အခြေအနေအရပ်ရပ်ကို အမိကဆန့်ကျင်ကန့်ကွက်မည့် ကျောင်းသားများ အင်အားချိနဲ့နေစေရန် ရည်ရွယ်ခဲ့ခြင်းမျှသာဖြစ်ပါသည်။

အမှတ်စဉ်(ဃ) ဗိုလ်မှူးချုပ်များသာ ပါဝင်သော တက္ကသိုလ်ကောင်စီ ပြန်လည်ဖွဲ့စည်းခြင်းကြေညာချက်နှင့်အတူ တော်လှန်ရေးကောင်စီတက်လာချိန်မှစ၍ တက္ကသိုလ်ကောင်စီတွင်ရှိသော ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များကို ထုတ်ပယ်လာခဲ့ပါသည်။ ယင်းနေရာများတွင် တက္ကသိုလ်ကျောင်းသားများမဟုတ်သည့် စစ်ဗိုလ်မှူးချုပ်များကို အစားထိုး ခန့်အပ်လာခဲ့ပါသည်။ ထို့အပြင် ကျောင်းသားသမဂ္ဂများနှင့် ကျောင်းသားလှုပ်ရှားမှုများကို ထိမ်းချုပ်ရန်အတွက် ကျောင်းသားများအချင်းချင်းကြားထဲတွင်လည်း ကျောင်းသားရေးရာမှူးများ (သို့) ကျောင်းသားပုလိပ်များဟုခေါ်သည့် ကျောင်းသားစည်းကမ်းထိမ်းသိမ်းရေးမှူးများကို စစ်အစိုးရမှ ခန့်အပ်လာခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ခဲ့ခြင်းသည် တက္ကသိုလ်ကျောင်းသားကြီးများကို အနီးကပ် ဖိနှိပ်အုပ်ချုပ်ရန်အတွက်ပင်ဖြစ်ပါသည်။ အမှန်တကယ်ဖြစ်သင့်သည်မှာ စစ်အစိုးရသည် ၎င်းတို့ယုံကြည်ရသော စစ်ဗိုလ်မှူးချုပ်များကို တက္ကသိုလ်ဝင်တန်းအောင်စေရန် အရင်ဆုံး ကြိုးစားခိုင်းရမည်ဖြစ်ပေသည်။ ထို့နောက်မှသာ တက္ကသိုလ်ကျောင်းကို တက်ခိုင်း၍ ကျောင်းသားထုများအကြား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြင့် ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကာ တက္ကသိုလ်ကောင်စီတွင် ပါဝင်ရမည်ဖြစ်ပေသည်။ ယခုမူ စစ်အစိုးရသည် နည်းလမ်းမကျသည့် ကိစ္စရပ်များကို ကောက်ကျစ်ယုတ်မာသော နည်းပေါင်းစုံကို အသုံးချကာ ပြုလုပ်လာလျက်ရှိပါသည်။ လက်ရှိ တက္ကသိုလ်ကျောင်းသားဘဝတွင် ရှိမနေသော စစ်ဗိုလ်မှူးချုပ်များကို တက္ကသိုလ်ကောင်စီတွင် ခန့်အပ်ခဲ့ခြင်းမှာ လွန်

စွာမှ ဆိုးရွားလှပါသည်။ ထို့အပြင် ကျောင်းသားထုများအချင်းချင်းအကြား သွေးခွဲ သွေးထိုး၍ အိမ်ကြက်ချင်း အိုးမဲသုတ် အုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးကာ အုပ်ချုပ်လာခဲ့ခြင်းမှာ အောက်တန်းကျ ညစ်ပတ်လှပြီး (ကိုလိုနီစနစ်) မှ အုပ်ချုပ်ရေးစနစ်မျိုးကို ပြန်လည်အတုခိုး အသုံးပြုခဲ့ခြင်းပင်ဖြစ်ပါသည်။ ထိုသို့ဖြင့် အာဏာရှင်အစိုးရများသည် မြန်မာပြည်၏ ပညာရေးလောကကိုလည်း မိမိတို့၏ ဝါဒဖြန့်ချိရေးနေရာအဖြစ် အသုံးပြုလာပြီး ကျောင်းသားများကို ပိုမိုဖိနှိပ်ချုပ်ချယ်မှုများ ပြုလုပ်လာခဲ့ပါသည်။ ထိုသို့ ဖိနှိပ်ချုပ်ချယ်မှုများကို ပြုလုပ်လာခဲ့ခြင်းကြောင့် ကျောင်းသားများ၏ လွတ်လပ်စွာပညာသင်ကြားနိုင်သည့် အခွင့်အရေးများကို ထိပါးလာစေခဲ့ပါသည်။ ထို့အပြင် ကျောင်းသားများနှင့် ကျောင်းသားသမဂ္ဂများသည် လွတ်လပ်ရေးမရရှိမီက နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်မှာ မှန်သော်လည်း ယခုအချိန်တွင် ကျောင်းသားများသည် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်ရန် မလိုအပ်တော့ကြောင်း ကျောင်းသားများနှင့် နိုင်ငံရေးအကြား ခွဲခြားမှုများကို စစ်အစိုးရမှ ပြုလုပ်လာခဲ့ပါသည်။ သမိုင်းအစဉ်အဆက် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်မှုများကို ရှေ့ဆုံး တပ်ဦးမှ စွန့်လွှတ်အနစ်နာခံကာ ဒီမိုကရေစီနည်းလမ်းများဖြင့် တိုက်ပွဲဝင်ခဲ့သော ကျောင်းသားများသည် ယခုအချိန်တွင် နိုင်ငံရေးလှုပ်ရှားခွင့်များ မရှိတော့သလို စစ်အစိုးရ၏ အထွေထွေဖိနှိပ်ချုပ်ချယ်မှု ဥပဒေများကိုသာ ရင်ဆိုင်ကြုံတွေ့လာရပါသည်။ ထိုကဲ့သို့ အာဏာရှင်အစိုးရ၏ နည်းပေါင်းစုံဖြင့် ပြုလုပ်လာသော အထွေထွေဖိနှိပ်ချုပ်ချယ်မှုနှင့် နှိပ်စက်မှုများဒဏ်ကို သည်းမခံနိုင်တော့သော ကျောင်းသားထုကြီး၏ ဆန့်ကျင်ကန့်ကွက်မှုများသည် ဇူလိုင်လဆန်းတွင် ပိုမို၍ပြင်းထန်လာပါသည်။

အမှတ်စဉ်(င)–ဇူလိုင် (၆) ရက်ည (၂၀း၀၀) နာရီအချိန်တွင် စစ်အစိုးရမှ တက္ကသိုလ်နယ်မြေကို ပုဒ်မ (၁၄၄) အမိန့်ထုတ်ပြန်ခဲ့သည့်ကြေညာချက်။

**ပုဒ်မ (၁၄၄) တွင် မည်သူမဆို၊ သေစေလောက်သော လက်နက်ကို၊ သို့တည်းမဟုတ် ရန်မူသောလက်နက်အဖြစ်ဖြင့် အသုံးပြုခဲ့သော် သေစေတန်ရာသော အရာဝတ္ထုကို ကိုင်စွဲလျက်၊ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတွင် ပါဝင်သူဖြစ်လျှင်၊ ထိုသူကို (၂) နှစ်အထိ ထောင်ဒဏ်တမျိုးမျိုးကိုဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်** ဟူ၍ပါရှိပါသည်။ သို့သော် ယခုဖြစ်ပွားခဲ့သော ကျောင်းသားသမဂ္ဂများနှင့် ကျောင်းသားလှုပ်ရှားမှုများကို လေ့လာကြည့်သော် ၎င်းတို့သည် ခေတ်အဆက်ဆက် အစိုးရများ၏ မတရားဖိနှိပ်ချုပ်ချယ်လာမှုများကို မဟုတ်မခံ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကာ ဒီမိုကရေစီနည်းလမ်းများဖြင့် တရားဥပဒေဘောင်များအတွင်းမှ ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့ကြခြင်းကိုသာ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းတို့ စစ်အာဏာသိမ်းစဉ်က လက်ခံကျင့်သုံးနေဆဲဖြစ်သော ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ အခန်း (၂) မူလအခွင့်အရေးများပါ လွတ်လပ်မှုအခွင့်အရေးများ၏ အပိုဒ် (၁၇) တွင်။ တရားဥပဒေနှင့်လည်းကောင်း၊ ငြိမ်ဝပ်ပိပြားရေးနှင့်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်လည်းကောင်း မဆန့်ကျင်လျှင်၊ နိုင်ငံသားများသည် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲနိုင်ရမည်။

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ချက်တို့ကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်သော အခွင့်အရေး။

(ခ) **လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးနိုင်သော အခွင့်အရေး။**
စသည်တို့ဖော်ပြပါရှိပါသည်။

သို့သော် ငြိမ်းချမ်းစွာ ဆန္ဒပြသည့် ကျောင်းသားလှုပ်ရှားမှု သပိတ်ကြီးများတွင် စစ်အာဏာရှင်များသည် လိုက်လျောဆောင်ရွက်ပေးခဲ့ခြင်းများ တစုံတရာမျှ မရှိခဲ့သည့်အပြင် အကြမ်းဖက်နည်းများသုံးကာ ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်၍တစ်မျိုး တရားမျှတမှုမရှိသောအမိန့်များ၊ ဥပဒေများ၊ စည်းကမ်းချက်များ၊ ညွှန်ကြားချက်များ ထုတ်ပြန်၍တစ်ဖုံ စသည့် လူမဆန်သည့် လုပ်ရပ်တို့ဖြင့်သာ ဖြေရှင်းပေးခဲ့ကြပါသည်။ ထိုသို့ အထက်မှခိုင်းသည့်အတိုင်း သတ်ဖြတ်မှုကို ကျူးလွန်ခဲ့သည့် သူများကို တည်ဆဲပြဋ္ဌာန်းထားသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁)(ခ) ဖြင့် အရေးယူရမည်ဖြစ်ပေသည်။

**ပုဒ်မ ၃၀၂ (၁)(ခ) တွင် မည်သူမဆို တင်ကူးရည်ရွယ်ချက်ဖြင့် လူသတ်မှုကို ကျူးလွန်လျှင် ထိုသူကို သေဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။** ဟူ၍ ဖော်ပြပါရှိပါသည်။

ထို့အပြင် သမိုင်းဝင် ကျောင်းသားသမဂ္ဂအဆောက်အဦးကို မိုင်းဖြင့် ဖျက်ဆီးဖြိုချလိုက်သည့် လုပ်ရပ်သည်လည်း ယင်းသို့ပြုလုပ်သူများအနေဖြင့် ပြဋ္ဌာန်းထားဆဲ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၄၃၆) ကို ကျူးလွန်ရာရောက်ပါသည်။

**ပုဒ်မ (၄၃၆) တွင် – မည်သူမဆို ကိုးကွယ်ဝတ် ပြုသောနေရာအဖြစ်ဖြင့်သော်လည်းကောင်း၊ နေအိမ်အဖြစ်ဖြင့်လည်းကောင်း၊ ပစ္စည်းများ သိုလှောင်ထိမ်းသိမ်းသောနေရာအဖြစ်ဖြင့်သော်လည်းကောင်း၊ သာမန်အားဖြင့် အသုံးပြုသော အဆောက်အအုံကို ဖျက်ဆီးရန်အကြံဖြင့်ဖြစ်စေ၊ မိမိက ထိုသို့ပျက်စီးစေမည် ဖြစ်တန်ရာသည်ကို သိလျက်နှင့်ဖြစ်စေ၊ မီးဖြင့် သို့တည်းမဟုတ် ပေါက်ကွဲတတ်သောအရာဖြင့် အကျိုးဖျက်ဆီးမှုကို ကျူးလွန်လျှင်၊ ထိုသူကို တသက်တကျွန်းဒဏ်ဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်တမျိုးကိုဖြစ်စေ၊ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည် ဟူ၍ ပြဋ္ဌာန်းထားပါသည်။**

ထိုသို့ကျူးလွန်စေရန် အမိန့်ပေးညွှန်ကြားခဲ့သည့် သူများကို **အားပေးကူညီမှု ပုဒ်မများ (ကျူးလွန်ခဲ့သည့် မူရင်းပြစ်မှုများအတိုင်း ပြစ်ဒဏ်ခံစားရမည့် ပုဒ်မများ)** ဖြင့် အရေးယူပေးရမည်ဖြစ်ပေသည်။ ယင်းသို့ တရားစီရင်မှုပြုလုပ်မှသာ တရားမျှတမည်ဖြစ်ပေသည်။ သို့သော် ယင်းသို့ ပြစ်မှုကျူးလွန်ခဲ့သည့်သူများ၊ အမိန့်ပေးခဲ့သည့်သူများကို အရေးယူ အပြစ်ပေးခြင်း တစုံတရာကိုမျှ စစ်အစိုးရမှ ပြုလုပ်ပေးခဲ့ခြင်း မရှိခဲ့ပေ။

ကျောင်းသားများတက္ကသိုလ်ဝင်းအတွင်း **လက်နက်များမပါဘဲ ငြိမ်းချမ်းစွာ ဆန္ဒပြနေမှုအပေါ်တွင် ပုဒ်မ (၁၄၄) ထုတ်ပြန်ခဲ့ခြင်းမှာ တရားဥပဒေအရ လွဲမှားနေခြင်းသာဖြစ်ပေသည်။** လွတ်လပ်ရေးမရရှိမီ ကိုလိုနီခေတ်အတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သော ကျောင်းသားများ၊ အလုပ်သမား၊ လယ်သမားများ လှုပ်ရှားခဲ့ကြသည့် သပိတ်များတွင် ယင်းဆန္ဒပြ လူအစုလိုက်အပြုံလိုက်အား အစိုးရမှ ရက်စက်စွာဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းမျိုး မရှိခဲ့ပေ။ လွတ်လပ်ရေးရရှိပြီး ပါလီမန်ဒီမိုကရေစီခေတ်တွင် ဆန္ဒပြလူစုလူဝေးအား အနည်းငယ်ရက်စက်စွာဖြင့် ပစ်ခတ်နှိမ်နင်းလာခဲ့ကြောင်း တွေ့ရပြီး ကိုလိုနီခေတ်ကထက် ပိုမို၍

အသေအပျောက်များလာကြောင်း တွေ့ရှိရပါသည်။ ၁၉၅၈ ခုနှစ် စစ်တပ်မှ ပထမအကြိမ် အာဏာသိမ်းယူခဲ့စဉ်က ပါလီမန်ဒီမိုကရေစီနှင့် စစ်အာဏာရှင် စနစ်နှစ်မျိုး အားပြိုင်နေသောကြောင့် အုပ်ချုပ်ခံပြည်သူများအနည်းငယ် သက်သာရာရခဲ့ပါသည်။ ၁၉၆၂ ခုနှစ် စစ်တပ်မှ ဒုတိယအကြိမ် အာဏာသိမ်းပြီးချိန်မှစ၍ အုပ်ချုပ်ခံ ပြည်သူများအား နည်းပေါင်းစုံသုံး၍ ဖိနှပ်အုပ်ချုပ်ခဲ့ပါသည်။ ယင်းအထဲမှ ဆန့်ကျင်မှုအား အကောင်းဆုံးဖြစ်သော ကျောင်းသားများ အပေါ် ပိုမို၍ဖိနှိပ်ချုပ်ချယ်မှုများလုပ်ခဲ့ပါသည်။ ထို့အပြင် လွတ်လပ်ရေး မရမီ ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရရှိပြီး ပါလီမန်ဒီမိုကရေစီခေတ်များကထက် စစ်အာဏာသိမ်းယူခဲ့သည့်အချိန်နောက်ပိုင်းများတွင် လူ့အစုအပြုံလိုက်ကို အာဏာရှင်အစိုးရများမှ ပိုမို၍ သတ်ဖြတ်လာခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ မတရားသောဥပဒေများကိုလည်း ထုတ်ပြန်လာပါသည်။ ၎င်းတို့ထုတ်ပြန်ခဲ့သော တရားမျှတမှုမရှိသော အမိန့်များ၊ ဥပဒေများ၊ ညွှန်ကြားချက်များသည်လည်း မူလရှိပြီးသား ဥပဒေများနှင့် ပဋိပက္ခဖြစ်စေသည့် ဥပဒေများသာဖြစ်ပါသည်။

စစ်အာဏာရှင်များသည် ကျောင်းသား၊ အလုပ်သမား၊ လယ်သမားစသည့် အုပ်ချုပ်ခံ တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးကို ယင်းသို့ တရားမျှတမှုမရှိသော ဥပဒေများ၊ စစ်လက်နက်အင်အားများဖြင့် ဖိနှိပ်အုပ်ချုပ်ခဲ့ပြီး ၎င်းတို့၏ စစ်အာဏာရှင်စနစ် တည်မြဲရေးကိုသာ အဓိကထား ဆောင်ရွက်လုပ်ကိုင်ခဲ့ခြင်းပင်ဖြစ်ပေသည်။ တရားဥပဒေစိုးမိုးမှုရှိရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော တိုင်းပြည်များတွင် မရှိမဖြစ် လိုအပ်ပါသည်။ စစ်အာဏာရှင်လက်ထက်များတွင် ငြိမ်းချမ်းစွာဆန္ဒပြ သပိတ်မှောက်နေသည့် မည်သူ့ကိုမဆို၊ မည်သည့်အဖွဲ့အစည်းကိုမဆို ပြစ်မှုကျူးလွန်ခဲ့ကြသည်ဟု သတ်မှတ်ကာ ကြီးမားပြင်းထန်သော အပြစ်များကိုသာ ပေးလေ့ရှိပါသည်။ ယင်းသပိတ်ကို ရက်ရက်စက်စက် ချေမှုန်းပစ်ခတ်ခဲ့သောသူများနှင့် ယင်းသို့ပြုလုပ်ရန် အမိန့်ပေးခဲ့သည့်သူများကို တရားဥပဒေအရ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု သတ်မှတ်လေ့ရှိပါသည်။ ထိုသို့ဖြင့် စစ်အာဏာရှင်အစိုးရသည် တရားဥပဒေစိုးမိုးမှုရှိရေးဆိုသည့် စကားရပ်ကို အသုံးချကာ မိမိအာဏာတည်မြဲရေးအတွက် ယင်းစကားရပ်ကို လက်နက်ကောင်းတခုအဖြစ် အသုံးပြုနေခဲ့ပါသည်။

စစ်အာဏာရှင် အစိုးရနှင့် ၎င်းတို့၏ ဘက်တော်သားနောက်လိုက်များမှ ကျောင်းသားများ၊ အလုပ်သမားများ၊ လယ်သမားများနှင့် တိုင်းရင်းသားလုပ် သားပြည်သူတရပ်လုံးအပါအဝင် ရဟန်းများအပေါ် သတ်ဖြတ်ကျူးလွန်ခဲ့သမျှ ပြစ်မှုမှန်သမျှကို စစ်အစိုးရမှ တရားဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဆင်ခြေအမျိုးမျိုးကိုသာ ပေးခဲ့ပါသည်။ လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ် ထွန်းကားသည့် မည်သည့်တိုင်းပြည်များတွင်မဆို တရားစီရင်ရေးကဏ္ဍကို ခိုင်ခိုင်မာမာ တည်ဆောက်ထားကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းထားသော ဥပဒေများအား ဆန့်ကျင်နေသော ဥပဒေများကို အရေးပေါ်အခြေအနေအရ ထုတ်ပြန်မည်ဆိုပါက ယင်းဥပဒေများ ထုတ်ပြန်သင့် မသင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထိန်းညှိပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရုံးများ ဖွံ့ဖြိုးတိုးတက်သော အခြားတိုင်းပြည်များတွင် တည်ထောင်ထားရှိပြီး ဖြစ်ပါသည်။ နောင်အနာဂတ်တွင် မြန်မာပြည်၌လည်း ထားရှိသင့်ပေသည်။ သို့မှသာတိုင်းပြည်အတွင်း

အစုလိုက် အပြုံလိုက် အသတ်အဖြတ်ခံရမည့် အခြေအနေမျိုးမှ ကင်းဝေးနိုင်မည်ဖြစ်ပေသည်။ ထို့အပြင် လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ်တွင် ပြစ်မှုကျူးလွန်ခဲ့သည့် တရားခံများကို ဂလဲ့စားချေရေးဝါဒ ကျင့်သုံးကာ စစ်ဆေးစီရင်ခြင်းမပြုသင့်သလို၊ ပြစ်မှုကျူးလွန်ခဲ့သူ တရားခံများကိုလည်း သင်ပုန်းချေရေးဝါဒ ကျင့်သုံးကာ အပြစ်ဒဏ်မှ မလွှတ်သင့်ပေ။ ယင်းသို့ ပြစ်မှုကျူးလွန်သူကို တရားဥပဒေအရ အရေးယူခြင်းမရှိဘဲ ခွင့်လွှတ်ခဲ့မည်ဆိုလျှင် ဘက်လိုက်မှုရှိသည့် တရားစီရင်ရေးမျိုးဖြစ်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရန်အတွက်လွန်စွာမှ ခက်ခဲကြမ်းတမ်းဦးမည်ဖြစ်ပေသည်။ ထို့ကြောင့် ပြစ်မှုကျူးလွန်ခဲ့ခြင်းများရှိခဲ့လျှင် ရှိခဲ့သည့်အတိုင်း လွတ်လပ်၍ တရားမျှတသော တရားစီရင်ရေးစနစ်ဖြင့် အရေးယူမှသာ နောင်လာနောင်သား အာဏာရှင်လက်သစ်များ ပြစ်မှုကို အလွယ်တကူ ကျူးလွန်ရဲတော့မည်မဟုတ်သလို ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နိုင်ရန် နီးစပ်လာပြီဟု ပြောရမည်ဖြစ်ပေသည်။ ဆဲဗင်းဂျူလိုင် ကျောင်းသားသမဂ္ဂများလှုပ်ရှားမှုတွင် သွေးမြေကျသေကြေပျက်စီးခဲ့ရသော၊ မြောက်များစွာသော အပြစ်မဲ့ သူရဲကောင်း အာဇာနည်ကျဆုံးကျောင်းသားများအား မမေ့မလျော့သော သတိတရားတို့ဖြင့် ဂုဏ်ပြုဦးညွှတ်လျက် အလားတူအဖြစ်ဆိုးမျိုး နောင်အနာဂတ်တွင် ပပျောက်ပြီး မဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် အထက်ဖော်ပြပါ ဆဲဗင်းဂျူလိုင် ကျောင်းသားသမဂ္ဂများလှုပ်ရှားမှုသပိတ်ကြီးအား ဥပဒေပိုင်းဆိုင်ရာရှုထောင့်နှင့် သမိုင်းဆိုင်ရာ အချက်အလက်ရှုထောင့်များမှ ချဉ်းကပ်လေ့လာ ဝေဖန်သုံးသပ်အကြံပြုတင်ပြအပ်ပါသည်။

---

ယခုဆောင်းပါးသည် ခေတ်ပြိုင်ဝက်ဆိုက်နှင့် ဆဲဗင်းဂျူလိုင်အမှတ်တရထုတ်ဝေသော စာအုပ်တို့တွင်ဖော်ပြပြီးဖြစ်ပါသည်။

---

◆◆◆

ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

# လူသားအချင်းချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုအပေါ် နအဖ ထိုးနှက်တိုက်ခိုက်နေပုံ

**ဘီကေဆင်း**

ဒီနေ့နိုင်ငံတကာစနစ်မှာ ဒီမိုကရေစီအားပေးမြှင့်တင်ရေးဟာ ကမ္ဘာ့အတိုင်းအတာနဲ့ လက်ခံတဲ့ ရေစီးကြောင်းသစ်တခုအဖြစ် ရှင်သန်စီးဆင်းနေတာ တွေ့ရပါတယ်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုဟာ ဒီမိုကရေစီမြှင့်တင်ရေးရဲ့ ခွဲခြားလို့မရတဲ့ အစိတ်အပိုင်းတခုဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်က လူ့အခွင့်အရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ ငြိမ်းချမ်း ရေးတို့ကို မြှင့်တင်တဲ့ သဘောသဘာဝရှိတယ်ဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် သဘောတူ ကြပါတယ်။ နိုင်ငံအစိုးရများ၊ နိုင်ငံစုံအဖွဲ့အစည်းများဖြစ်ကြတဲ့ ကုလသမဂ္ဂနဲ့ ဥရောပသမဂ္ဂ တို့လို အဖွဲ့အစည်းများ၊ နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများ၊ အပြင်လွတ်လပ်သော ဖောင်ဒေးရှင်းများတို့က ဒီမိုကရေစီအထောက်အကူပြု အစီအစဉ်တွေအတွက် ရံပုံငွေ ထောက်ပံ့ကူညီနေခြင်းက ဒီအချက်ကို လက်တွေ့ထင်ရှားစေပါတယ်။ နိုင်ငံတကာရဲ့ ထောက် ခံမှု ကျယ်ပြန့်စွာ ရရှိထားသော ဒီအစီအစဉ်များက ဒီမိုကရေစီစနစ် ကြံ့ခိုင်အောင် ကြိုးပမ်းနေ ကြတဲ့ အစိုးရများကိုလည်းကောင်း၊ လူထုဆိုင်ရာ အဖွဲ့အစည်းများနဲ့ ၎င်းတို့ရဲ့ လုပ်ငန်း ဆောင်တာများကို စောင့်ကြည့်ခြင်း၊ လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ သတင်းရယူ သိရှိပိုင်ခွင့် မြှင့်တင်ခြင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ်တွေမှာ ပါဝင်လှုပ်ရှားမှုကို အားပေးခြင်း စတာတွေ လုပ် ဆောင်နေကြတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများကိုလည်းကောင်း၊ နည်းပညာနဲ့ ရုပ်ဝတ္ထုပစ္စည်းများ ထောက်ပံ့ကူညီကြပါတယ်။

အခု ဒီမိုကရေစီလုပ်ငန်းစဉ်များ အထူးသဖြင့် လူထုရေးရာ အဖွဲ့အစည်းတွေ လုပ်ပိုင် ခွင့်နဲ့ အခွင့်အာဏာ ပိုမိုရရှိရေး၊ သတင်းစာလွတ်လပ်ခွင့် မြှင့်တင်ရေးနဲ့ ဒီမိုကရက်တစ် နိုင်ငံရေးပါတီများ ကြံ့ခိုင်တောင့်တင်းရေး စတဲ့လုပ်ငန်းစဉ်တွေကို ဆန့်ကျင်ခုခံသော တန်ပြန် ရေစီးကြောင်းတခု ပေါ်ထွက်လာတာတွေ့ရပါတယ်။ ဒီတန်ပြန်ဒီမိုကရေစီဆန့်ကျင်ရေး ရေစီး ကြောင်းကို အာဏာရှင်စနစ် သက်တမ်းရင့်နေပြီဖြစ်တဲ့ မြန်မာနိုင်ငံလို သမရိုးကျ ဒီမိုက ရေစီဆန့်ကျင်ရေးစနစ်နဲ့ ခွဲခြားနားလည်ဖို့ လိုပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီဆိုင်ရာ ကူညီထောက်ပံ့မှုကို ဘယ်တုန်းကမှ ခွင့်မပြုခဲ့ပါဘူး။ လွတ်လပ်သော အစိုးမဟုတ်တဲ့ အဖွဲ့

အစည်းတွေရဲ့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုကိုတောင် လက်မခံခဲ့ပါဘူး။

လွတ်လပ်သော အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေနဲ့ ပါတီတွေ မကြာခဏဆိုသလို အာဏာပိုင်တွေ နည်းမျိုးစုံနဲ့ ညှဉ်းပန်းတာကို ခံရပါတယ်။ အခုဆိုရင် ဥပဒေသစ်တွေ ပြဋ္ဌာန်းပြီး ချုပ်ချယ်လို့တမျိုး၊ ဥပဒေမဲ့ တားဆီးနှောက်ယှက်လို့တဖုံ မြန်မာအာဏာပိုင်တွေ ပြုကျင့်နေတာ ဘယ်လောက်ဆိုးလာသလဲဆိုရင် ဒီမိုကရေစီထွန်းကားကြွံခိုင်ရေးကို အကြီးအကျယ် အန္တရာယ်ပြုနေပါပြီ။

အာဏာရှင်အုပ်စုဟာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး စတိသဘောလုပ်ပြပြီး တကယ့်လက်တွေ့မှာ ပြုပြင်ပြောင်းလဲလိုသူတွေကို ကန့်သတ်ချုပ်ချယ်တာမျိုးရှိသလို အပေါ်ယံကျော လွှပ်လပ်ခွင့်ပေးပြီး ဒီမိုကရက်တစ် အတိုက်အခံအင်အားစုကို နိုင်ငံရေးလှုပ်ရှားဖို့ အနည်းအကျဉ်း ခွင့်ပြုတာမျိုးလဲရှိပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရပ်တည်ခွင့်ပေးထားသေးတာဟာ သာဓကတရပ်ဖြစ်ပါတယ်။ မျိုးမစစ်တဲ့ အစိုးရတွေ တရားမျှတမှု မရှိပေမယ့် လွတ်လပ်သော ရွေးကောက်ပွဲတွေ ကျင်းပပေးတာ၊ လူထုဆိုင်ရာ အဖွဲ့အစည်းတွေကို ရပ်တည်လှုပ်ရှားခွင့်ပေးပြီး နိုင်ငံခြားမှ ရံပုံငွေထောက်ပံ့မှု ရယူခွင့်ပြုတာ စသဖြင့် ဒီမိုကရေစီကျတဲ့ လုပ်နည်းလုပ်ဟန်မျိုး ကျင့်သုံးပြတတ်ပါတယ်။ ဒီအသွင်သဏ္ဍာန်ရဲ့အောက် ဖုံးကွယ်နေတာတွေကတော့ ရွေးကောက်ပွဲ ကလိမ်ကြတာ ချိန့်တဲ့ လွှတ်တော် ဖန်တီးဖို့လုပ်တာ၊ အမျိုးသားညီလာခံတို့ ဒီမိုကရေစီလမ်းပြမြေပုံတို့ကို ဖွဲ့ထုတ်တာ စတဲ့ နိုင်ငံရေးမသမာမှုတွေသာ ဖြစ်ပါတယ်။

အာဏာရှင်စနစ်ကျင့်သုံးတဲ့ အစိုးရတွေဟာ သူတို့ရဲ့ အနာဂတ်ကံကြမ္မာ ဘယ်လိုရှိမယ်ဆိုတာကို ကြိုမြင်ကြပါတယ်။ နိုင်ငံရေးဆန္ဒ ဖော်ထုတ်မှုကို တင်းကြပ်စွာ မချုပ်ချယ်ဘူး၊ နိုင်ငံခြားမှ ဒီမိုကရေစီထောက်ပံ့ကူညီမှုတွေကို မပိတ်ဆို့ဆိုရင်၊ တချိန်မဟုတ် တချိန် ပြည်တွင်းနိုင်ငံရေး အတိုက်အခံအင်အားစုကို ထိန်းလို့မရတဲ့ အခြေအနေ ဆိုက်ရောက်သွားနိုင်ပါတယ်။ တကယ်တော့ အီဘရာဟင်လင်ကွန်းရဲ့ "အစိုးရတရပ်အနေနဲ့ ကျွန်တပိုင်း သခင်တပိုင်းဘဝနဲ့ တသက်လုံး မရပ်တည်နိုင်ဘူး။ တချိန်မဟုတ် တချိန်၊ ကျွန်တွေရဲ့ ဘက်သား ဒါမှမဟုတ် သခင်တွေရဲ့ ဘက်သား တဖက်မဟုတ် တဖက် ရာခိုင်နှုန်းပြည့် ရပ်တည်ရမယ့် အခြေအနေ ဆိုက်ရောက်လာမှာ မလွဲဘူး" ဆိုတဲ့ မိန့်ကြားချက်ဟာ ဘယ်လောက်အာနိသင်ရှိတယ်ဆိုတာ အာဏာရှင်အစိုးရ နားလည်ပါတယ်။ ပြည်တွင်းဒီမိုကရေစီအင်အားစုတွေ ရသမျှ လွတ်လပ်ခွင့်လေးကို အသုံးချပြီး ပိုမိုကြီးမားတဲ့ လွတ်လပ်ခွင့်တွေအတွက် တိုက်ပွဲဝင်ခြင်းက မျိုးမစစ်တဲ့စနစ်ကို စစ်မှန်သော ဒီမိုကရေစီစနစ်သို့ ဦးတည်အောင်ခြိမ်းခြောက်နေမှာဖြစ်ပါတယ်။

၂၀၀၆ ခုနှစ်၊ ဇွန်လ (၃) ရက်နေ့မှာ နိုင်ငံတော်ငြိမ်းချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ က " မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ ဆောင်ရွက်ရာ၌ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ လိုက်နာရမည့် လမ်းညွှန်ချက်များ " ခေါင်းစဉ်နဲ့ အမိန့်သစ်တရပ် ထုတ်ပြန်ခဲ့ပါတယ်။ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေအချင်းချင်း ပူးပေါင်းဆောင်ရွက်

ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းတွေ မရှိဘူးလို့ ကုလသမဂ္ဂဖွံ့ဖြိုးရေးကိုယ်စားလှယ်က မှတ်ချက်ချကြောင်း နယကက ဖော်ပြပါတယ်။ ဒီလိုအခြေအနေမျိုး ဘာကြောင့်ဆိုက်ရသလဲလို့ မေးခွန်းထုတ်သင့်ပါတယ်။ အဖြေကတော့ ရှင်းပါတယ်။ လွတ်လပ်တဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းတွေရဲ့ လုပ်ငန်းဆောင်တာတွေကို နယက က အမျိုးမျိုးနှောက်ယှက်ပြီး အခက်အခဲ အတားအဆီးတွေ ဖန်တီးတဲ့အတွက်ကြောင့် ဆက်ပြီးလုပ်ကိုင်ဖို့ မဖြစ်နိုင်တော့တဲ့ အခြေအနေဆိုက်နေပါတယ်။ ပြည်သူလူထုအား ထိရောက်စွာ အလုပ်အကျွေးပြုခြင်း မရှိဘူးလို့လဲ ဆိုပါသေးတယ်။ ဒီနေရာမှာ စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်တရပ်ကို ဖော်ပြရရင် နယက ဟာ ပြည်သူကို အလုပ်အကျွေးပြုတဲ့ကိစ္စမှာ စိတ်မဝင်စားပါဘူး။ လမ်းကြောင်းအမျိုးမျိုးမှဝင်လာသော ရန်ပုံငွေတွေကို ဆွဲဆောင်ဖို့ကိုသာ နယက လိုလားပါတယ်။ ဒါနဲ့ပတ်သက် ပြီး နယက ဝန်ကြီးတဦးက လုပ်ငန်းအစီအစဉ် အတော်များများကြောင့် နှစ်ဖက်စလုံးအတွက် အကျိုးရှိမှာဖြစ်တယ်လို့ ပြောပါတယ်။ ဒီစကားရဲ့အဓိပ္ပါယ်က တဖက်မှာ အကူအညီ အထောက်ပံ့ပေးသူက ပေးကမ်းတာကို လူသိရှင်ကြား စင်ပေါ်တက်ပြီး ပြနိုင်သလို၊ အခြားတဖက်မှာ အထောက်ပံ့လက်ခံသူအတွက်လဲ မိမိကိုယ်ကို ပွဲထုတ်ခွင့်ရတယ်လို့ ဆိုလိုတာပါ။ ဒီလိုပွဲထုတ်မှုတွေ ထုံးစံအတိုင်း ဆက်လက်ဖြစ်ပေါ်သွားနိုင်ပါတယ်။ အထက်က ပြောခဲ့တဲ့ "လမ်းညွှန်ချက်" ကို လေ့လာကြည့်ရင် အခုလိုဝေဖန်တာ မှန်ကန်ကြောင်း သဘောပေါက်ကြပါလိမ့်မယ်။

လမ်းညွှန်ချက်၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- အမျိုးသားအကျိုးစီးပွား ထွန်းကားမြင့်တင်ရေးနဲ့ ကာကွယ်စောင့်ရှောက်ရေး။
- နိုင်ငံတော်အချုပ်အခြာအာဏာပိုင်စိုးမှုကို ထိပါးခြင်းအား တားဆီးကာကွယ်ရေး။
- နိုင်ငံတော်အပေါ် နှောင်ကြိုးမပါသော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေး။
- နိုင်ငံတော်၏ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် အလို့ငှာ မှန်ကန်သော လမ်းကြောင်းမှ ပူးပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးများ ပြုလုပ်ရန်။

"အချုပ်အခြာအာဏာပိုင်စိုးမှု" နဲ့ "အမျိုးသားအကျိုးစီးပွား" တို့ရဲ့ အဓိပ္ပါယ်အလွန်ကျယ်ဝန်းပါတယ်။ ဘယ်ကိစ္စမဆို အကျုံးဝင်နိုင်ပါတယ်။ ဒါကို ဘယ်သူက အဓိပ္ပါယ်ဖွင့်ဆိုမလဲ။ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန တနည်းအားဖြင့် နယက ကိုယ်တိုင်သာလျှင် အဓိပ္ပါယ်ဖွင့်ဆိုမှာဖြစ်တယ်။ "မှတ်ပုံတင်ခြင်းနှင့် ရုံးများဖွင့်လှစ်ခြင်း" ခေါင်းစဉ်အောက်မှာ အရေးအကြီးဆုံး ဖော်ပြချက်ကို တွေ့ရပါတယ်။

## မှတ်ပုံတင်ခြင်းနှင့် ရုံးများဖွင့်လှစ်ခြင်း

- အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) လွတ်လပ်သော အစိုးမဟုတ်သည့် အဖွဲ့အစည်းများ (INGO) တို့သည် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ကြရမည်ဖြစ်ပြီး မှတ်ပုံတင်ပြီးမှသာလျှင် ရုံးဖွင့်လှစ်ခွင့်ပြုမည်။
- NGO/ INGO တို့ ရုံးဖွင့်လှစ်ရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီး

ဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများတို့အား အကြောင်းကြားအသိပေးရမည်။

– NGO/INGO တို့ မိမိတို့၏ ရုံးများပိတ်ရာတွင်လည်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများတို့အား အသိပေး အကြောင်းကြားရမည်။

– NGO/ INGO တို့ မှတ်ပုံတင်သက်တမ်း တိုးမြှင့်ရေးအတွက် လက်ရှိ လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားနိုင်သည်။

ဆိုလိုတာက တရားဝင် မှတ်ပုံမတင်သေးသ၍ ဘယ်အဖွဲ့အစည်းမှ လုပ်ငန်းမစနိုင်ပါဘူး။

မှတ်ပုံတင်လျှောက်ထားရာတွင် တွေ့နိုင်သော အခက်အခဲများနှင့် တရားဝင်ရပ်တည်ပိုင်ခွင့် ငြင်းပယ်ခံရမှု၊ အဖွဲ့အစည်းများ တရားဝင်ရပ်တည်ပြီး တရားဝင်အဖွဲ့အစည်းတရပ်အနေနဲ့ ရသင့်ရထိုက်သော အခွင့်အရေးနဲ့ အဆင့်အတန်းများ ခံစားကြမှာကို မရှုစိမ့်တဲ့အတွက် အစိုးရအတော်များများဟာ အဖွဲ့အစည်းများ မှတ်ပုံတင်လျှောက်ထားတဲ့ လုပ်ငန်းစဉ်ကို အတ္တစွဲကြီးကြီးနဲ့ ချုပ်ကိုင်ကြလေ့ရှိပါတယ်။ တဖက်မှာ အစိုးရတွေက ရပ်ကွက်သာရေးနာရေးအဖွဲ့တို့၊ ကလေးထိန်းလုပ်သားများ သမဝါယမ အသင်းတို့လို သေးငယ်ပြီး အလွတ်သဘော ဖွဲ့စည်းလုပ်ကိုင်ကြတဲ့ အဖွဲ့မျိုးတွေကိုတောင် စောင့်ကြည့်လိုတဲ့အတွက် မှတ်ပုံတင်ကြရမယ် လို့တောင်းဆိုကြပါတယ်။

အခြားတဖက်မှာတော လူထုအကျိုးစီးပွားအတွက် တောင်းဆိုတဲ့ အဖွဲ့များနဲ့ NGO အဖွဲ့များ ရပ်တည်ခွင့်မရအောင် တင်းကြပ်သော မှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေများ ချမှတ်ထားကြပါတယ်။ အစိုးရက ကျင့်သုံးတဲ့ နည်းဗျူဟာတွေအနက် မှတ်ပုံတင်ခွင့် ရရှိရေးလုပ်ငန်းစဉ်အပေါ် အစိုးရက မိမိသဘောအတိုင်း ဆုံးဖြတ်နိုင်တဲ့ အာဏာကို အလွန်အကျူး အသုံးပြုခြင်း၊ ကြီးလေးသော မှတ်ပုံတင်ကြေးသတ်မှတ်ခြင်း၊ လျှောက်ထားရာမှာဖော်ပြရမယ့် အစိုးရသိလိုသော အချက်အလက်များ မြားမြောင် ခက်ခဲ ရှုပ်ထွေးခြင်း၊ မှတ်ပုံတင်ခွင့်ပြု မပြု ဆုံးဖြတ်ချက်ချမှတ်ရေးမှာ အလွန်အကျူး နှောင့်နှေးကြန့်ကြာခြင်း၊ နှစ်များမကြာခင် ထပ်မံမှတ် ပုံတင်ရန် လိုအပ်ခြင်း၊ ဤနည်းအားဖြင့် အကြင်အဖွဲ့အစည်းတခုအား ဆက်လက်ရပ်တည်ခွင့် ပေးသင့် မပေးသင့် ပြန်လည်သုံးသပ်ဖို့ အခွင့်အလမ်း အစိုးရ အချိန်မှန်မှန်ရရှိခြင်း စတာတွေပါဝင်ပါတယ်။

မှတ်ပုံတင် ထုတ်ပေးရေး/လျှောက်ထားရေးနဲ့ ပတ်သက်တဲ့ နည်းဥပဒေတွေကိုလည်း တမင်သက်သက် အဓိပ္ပါယ် မသဲမကွဲဖြစ်အောင် ရေးဆွဲထားလေ့ရှိပါတယ်။ ဒီလို အဓိပ္ပါယ် မရှင်းမလင်းဖြစ်မှသာ အာဏာပိုင်တွေက နှောင့်နှေးကြန့်ကြာအောင် အချိန်ဆွဲခွင့်ရမှာဖြစ်သလို လျှောက်ထားသူထံမှ နောက်ထပ်သိလိုတဲ့ အချက်အလက်များစွာ ထပ်မေးနိုင်ပြီး မှတ်ပုံတင်ခွင့် လျှောက်လွှာကိုလည်း ပယ်ချလိုက ပယ်ချနိုင်မည်မဟုတ်ပါလား။

## ဝန်ထမ်းများ ခန့်ထားခြင်း

ကုလသမဂ္ဂအဖွဲ့အစည်းများ နိုင်ငံတကာ အဖွဲ့အစည်းများ၊ NGO နဲ့ INGO အဖွဲ့အစည်းများအနေနဲ့ မိမိတို့ရဲ့ ကိုယ်စားလှယ်ရုံးများနဲ့ စီမံကိန်းများအတွက် နိုင်ငံတကာ ဝန်ထမ်းများ ခန့်အပ်ရေးနဲ့ပတ်သက်လို့ မြန်မာအစိုးရထံမှ ကြိုတင် သဘောတူခွင့်ပြုချက် ရယူဖို့ မဖြစ်မနေ လိုအပ်ပါတယ်။ နယ်မြေခံဝန်ထမ်းစာရင်းကိုလည်း တင်ပြဖို့လိုပါတယ်။ နယ်မြေခံဝန်ထမ်းတွေက နယက ရဲ့လူတွေဖြစ်လို့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ လှုပ်ရှားမှုတွေကို စောင့်ကြည့်ဖို့ "နယက" ရည်ရွယ်ပါတယ်။

## ပြည်တွင်းခရီးသွားလာရေး

ပြည်တွင်းမှာ ခရီးထွက်တိုင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ အရာရှိများ လိုက်ပါကြတယ်။ ခရီးစဉ်အတွက် လိုအပ်သော ခွင့်ပြုချက်ရယူရတယ်။ လွတ်လပ်စွာ ခရီးသွားလာခွင့်မရှိဘဲ အမြဲတမ်း စောင့်ကြည့်တာခံရပါတယ်။

## စီမံခန့်ခွဲမှု

ဗဟိုညှိနှိုင်းရေးကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ ဖွဲ့စည်းပြီး အမျိုးသားစီမံကိန်းနဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးက ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ပါတယ်။ ညှိနှိုင်းရေးကော်မတီတွေ ဗဟိုကနေ အောက်ခြေ မြို့နယ်အဆင့်အထိ တည်ရှိပြီး အဖွဲ့အစည်းတွေအဖို့ အဲ့ဒီအောက်ခြေအဆင့်အထိ ညှိနှိုင်းဆောင်ရွက်ပါတယ်။ "ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ NGO နဲ့ INGO တွေ အဖို့ မိမိတို့ဆောင်ရွက်ရမယ့် လုပ်ငန်းဆောင်တာပြင်ပက လုပ်ငန်းတွေ လုပ်ဆောင်ခြင်းကို ရှောင်ကြဉ်ကြရမည်။ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းဘောင်ကိုကျော်၍ လုပ်ဆောင်ရန် လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။" ဒီနေရာမှာ ဘယ်အလုပ်မျိုးက ဘောင်ဝင်တယ်၊ ဘယ်အလုပ်မျိုးက ဘောင်မဝင်ဘူး ဆိုတာကို ဘယ်သူက ဆုံးဖြတ်မှာလဲလို့ မေးစရာရှိလာပါတယ်။ ဒါတွေဟာ တကယ်တော့ လက်တွေ့မကျတဲ့ ချုပ်ချယ်ကန့်သတ်မှုတွေဖြစ်ပါတယ်။ နယက အဖွဲ့ဝင်တွေ နိုင်ငံရေးအရ အကျိုးရှိစေမယ့် နိုင်ငံခြားအကူအညီမျိုးကိုသာ လက်ခံတဲ့သဘောရှိပါတယ်။

မှတ်ပုံမတင်ရသေးတဲ့ NGO နဲ့ INGO တွေ မှတ်ပုံတင်ဖို့လိုပါတယ်။ တဝက်တပျက် ဒီမိုကရေစီနိုင်ငံတွေမှာ INGO တွေကို ချုပ်ချယ်ဖို့ အလားတူ လမ်းညွှန်ချက်များ ချမှတ်ကြပါတယ်။

Global Fund ခေါ် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့က လုပ်ငန်းအစီအစဉ်များ ထိရောက်စွာ အကောင်အထည်ဖော်ရေးမှာ အတားအဆီးတွေရှိနေတာကို အကြောင်းပြပြီး ၂၀၀၅ ခုနှစ်၊ ဩဂုတ်လက ရုပ်သိမ်းသွားခဲ့ပါတယ်။

မကြာခင်က လူသိရှင်ကြား ထုတ်ဖော်ကြေညာခြင်းမရှိသေးတဲ့ အတိုင်းအတာတရပ် အထိ ပြည်သူလူထုနဲ့ ထိတွေ့ ဆက်ဆံခွင့်ပြုမယ်ဖြစ်ပြီး၊ နိုင်ငံရေးအရလည်း ဝင်ရောက်စွက် ဖက်ခြင်း မပြုပါဘူးလို့ နအဖ က စာရေးသားကတိပြုတာကို ဥရောပသမဂ္ဂရဲ့ ကိုယ်စားလှယ် လက်ခံရရှိခဲ့တဲ့နောက်၊ ဥရောပသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံမှာ လူသားချင်း စာနာထောက် ထားမှု အကူအညီပေးမယ့် အစီအစဉ်သစ်တရပ်ကို အတည်ပြုကြေညာခဲ့ပါတယ်။ ဒီကတိပြု ချက်နဲ့ ဆက်နွယ်တဲ့ တခြားလမ်းညွှန်ချက်တရပ် အဆင်သင့်ရှိနေပါတယ်။

ကွင်းဆင်းဆောင်ရွက်တဲ့ ဝန်ထမ်းတွေနဲ့အတူ အစိုးရက တာဝန်ပေးတဲ့ အရာရှိတဦး လိုက်ပါရမယ်လို့ လမ်းညွှန်ချက်က ဆိုပါတယ်။ ထောက်ပံ့တဲ့ ရန်ပုံငွေအားလုံးကို အစိုးရပိုင် မြန်မာနိုင်ငံခြားကုန်သွယ်ရေးဘဏ်မှာ အပ်နှံရမယ်ဖြစ်ပြီး ငွေထုတ်တဲ့အခါ ဗဟိုဘဏ်ထဲမှာ ထုတ်ယူရမယ်လို့ လမ်းညွှန်ချက်က ဆိုပါတယ်။ ဒါဟာ နိုင်ငံတကာ လူသားချင်းစာနာ ထောက်ထားပြီး ပေးပို့တဲ့ ဘဏ္ဍာရေးအထောက်အပံ့ပေါ်ကနေ အစိုးရက ထိရောက်စွာ အမြတ်ထုတ်တဲ့ သဘောဖြစ်ပါတယ်။

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDOP) ရဲ့ ကိုယ်စားလှယ်က ကုလသမဂ္ဂမှာ မြန် မာနိုင်ငံအခြေအနေနဲ့ ပတ်သက်လို့ အစီရင်ခံနိုင်ဖို့အတွက် ပြည်ပရောက် အဖွဲ့အစည်း များနဲ့ ဘန်ကောက်မြို့မှာ အစည်းအဝေးတရပ် ပြုလုပ်ခဲ့ပါတယ်။ အဓိကအားဖြင့် စိုးရိမ်စရာ အချက်ကြီးသုံးချက်ရှိတယ်လို့ သူကပြောပါတယ်။

– ပထမအချက်က နိုင်ငံရေးအခြေအနေဖြစ်တယ်။ အမျိုးသားညီလာခံ ခေါ်ယူကျင်းပ ခြင်းဖြင့် အာဏာပိုင်တွေအချင်းချင်း ပိုပြီးစည်းလုံး လာခဲ့ပါတယ်။
– ဒုတိယအချက်အနေနဲ့ တည်ရှိဆဲ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေ ပိုပြီး အင်အား ချိနဲ့လာခဲ့ပါတယ်။ အသိအမှတ်ပြုခြင်းမရှိလို့ အတွင်းကျိတ် တင်းမာမှုတွေ ရှိနေ တယ်။ တည်ငြိမ်မှု အကြီးအကျယ်ပျက်ပြားနေပြီး ပြိုကွဲမှုအတိုင်းအတာ ပိုမိုကြီး မားနေပါတယ်။
– တတိယအချက်အနေနဲ့ မြန်မာနိုင်ငံရဲ့ ကျန်းမာရေးပြဿနာ စိုးရိမ်စရာ အခြေ အနေ ရောက်နေပါတယ်။

ဒီအခြေအနေမျိုးမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ကူညီရေး လုပ်ငန်းစဉ်ဟာလဲ မရေရာတဲ့ အခြေအနေ ဆိုက်ရောက်နေပြန်ပါတယ်။ အားလုံး အလဟာသ ဖြစ်ရမယ့်ကိန်း ဆိုက်နေပါတယ်။ သို့ပင်ဖြစ်လင်ကစား လုပ်နိုင်တဲ့ နယ်ပယ်တချို့ ကျန်ရှိနေဆဲ ဖြစ်ပြီး၊ ဘက်စုံအကျိုးရှိစေမယ့် လက်တွေ့ကျသော နည်းနာများ ချမှတ်ဆောင်ရွက်နိုင်သေး တယ်လို့ သူက ယူဆပါတယ်။

## နိုင်ငံတကာကြက်ခြေနီအဖွဲ့ မြန်မာနိုင်ငံဝန်ထမ်းများ လျှော့ချလျက်ရှိခြင်း

နိုင်ငံတကာကြက်ခြေနီအဖွဲ့က အကျဉ်းထောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး တာ ပြန်လည်စတင်နိုင်ရေး ဖြေရှင်းချက်တစုံတရာမရသေးတဲ့အတွက်ကြောင့် မြန်မာနိုင်ငံမှာ လုပ်ကိုင်နေတဲ့ လုပ်ငန်းဆောင်တာတွေ ဆက်ပြီးလျှော့ချသွားမယ်ဖြစ်ကြောင်း ကြေညာ

ထားပါတယ်။ နိုင်ငံတကာကြက်ခြေနီအဖွဲ့ ဇန်နဝါရီလကစပြီး ဝန်ထမ်းအင်အားကို လျှော့ချလျက်ရှိရာမှာ နိုင်ငံခြားသားဝန်ထမ်းတွေကို တခြားနိုင်ငံများသို့ ပြောင်းရွှေ့ တာဝန်ပေးလျက်ရှိပါတယ်။ ဒါတင်မက မြန်မာနိုင်ငံသား ဝန်ထမ်းအင်အားကိုလည်း (၂၇၈) ယောက်ကနေ (၂၄၀) အထိ လျှော့ချလိုက်ပါပြီ။ အကျဉ်းထောင်များသို့ လှည့်လည်စစ်ဆေးကြည့်ရှုရာမှာ ကြံ့ဖွံ့နဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့လို နယက လက်ကိုင်ဒုတ် အဖွဲ့အစည်းတွေက သူတို့လည်း လိုက်မယ်ဆိုပြီး ဝင်ရောက်စွက်ဖက်နေကြတာကို အကြောင်းပြုပြီး နိုင်ငံတကာကြက်ခြေနီအဖွဲ့ဟာ လွန်ခဲ့တဲ့ ဒီဇင်ဘာလကစပြီး အကျဉ်းထောင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးတာကို ရပ်စဲခဲ့ပါတယ်။ အဲ့ဒီကတည်းကစပြီး နိုင်ငံခြားသား ဝန်ထမ်းအင်အား (၅၄) ယောက်ရှိခဲ့ရာကနေ (၂၈) ယောက်အထိ လျှော့ချခဲ့ပါတယ်။

နိုင်ငံတကာကြက်ခြေနီအဖွဲ့ရဲ့ မြန်မာနိုင်ငံရုံးခွဲ ဒုတိယအကြီးအကဲ Thierry Rifac က ဒီကိစ္စနဲ့ ပတ်သက်ပြီး နယက ကျန်းမာရေးဝန်ကြီးဌာနနဲ့ သဘောတူညီချက် အခုထိ မရသေးဘူးလို့ ပြောကြားပါတယ်။ သူက နှစ်ဖက် သဘောတူညီမှုရဖို့အတွက် လိုအပ်သော အခြေခံနားလည်မှု မရရှိသေးကြောင်း ဒါပေမယ့်လဲ ဆွေးနွေးမှု ဆက်လက်ပြုလုပ်နေသေးတဲ့ အတွက် ဖြေရှင်းချက်ထွက်ပေါ်လာဖို့ မျှော်လင့်ချက်ရှိနေသေးကြောင်း ဆက်လက်ပြောကြားပါတယ်။

နိုင်ငံတကာ ကြက်ခြေနီအဖွဲ့အနေဖြင့် အကျဉ်းထောင်များဆိုင်ရာ စင်ပြိုင်အစီစဉ်တွေအတွက်လည်းကောင်း၊ ဒါနဲ့သက်ဆိုင်တဲ့ အခြားအစီစဉ်တွေအတွက်လည်းကောင်း၊ တက်ကျွမ်းမှု အကူအညီပေးဖို့ ဝန်မလေးကြောင်း၊ ဒါပေမယ့် အဖွဲ့အစည်းရဲ့ ကျင့်ဝတ်အစဉ်လာအရ အကျဉ်းထောင်များသို့ လှည့်လည် စစ်ဆေးတာကို စွတ်ဖက်မှု၊ ချုပ်ချယ်ကန့်သတ်မှုတွေ ကင်းမှသာလျှင် လုပ်နိုင်မှာဖြစ်ကြောင်း ရှင်းပြပါတယ်။ ဒီအတောအတွင်း ကြံ့ဖွံ့အဖွဲ့က သူတို့ကိုယ်တိုင် အကျဉ်းထောင်များသို့ သွားရောက်ကြည့်ရှုနေကြပါတယ်။ နယက ရဲ့ “မြန်မာ့အလင်းသတင်းစာ” က ကြံ့ဖွံ့အဖွဲ့ဟာ လွန်ခဲ့တဲ့ (၂) လအတွင်း သရက်နဲ့ မိတ္ထီလာထောင်များသို့ သွားရောက်ပြီး အကျဉ်သားတွေကို အစားအစာနဲ့ ဆေးဝါးများ လှူဒါန်းခဲ့တယ်လို့ ဖော်ပြပါတယ်။

## ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ NGO/INGO အဖွဲ့များ၏ မြန်မာနိုင်ငံအတွင်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်နှင့်သက်ဆိုင်သော လမ်းညွှန်ချက်များ

၂၀၀၅ ခုနှစ် ဒီဇင်ဘာလမှာ တာဝန်ထမ်းဆောင်ရမည့် ကာလကုန်ဆုံးသွားသော UNODC ဖွံ့ဖြိုးရေးအဖွဲ့ကိုယ်စားလှယ်ဟာ နယက နိုင်ငံခြားရေးဝန်ကြီးအား သွားရောက်တွေ့ဆုံခဲ့ပါတယ်။ အဲဒီလို တွေ့ဆုံရာမှာ သူက ရှမ်းပြည်နယ်တောင်ပိုင်း ‘ဝ’ နယ်မြေမှာ INGO နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့ (၂၂) အဖွဲ့ လုပ်ကိုင်နေကြောင်း၊ အဲဒီအဖွဲ့အချင်းချင်း ပူးပေါင်းဆောင်ရွက်တာမျိုး မရှိကြောင်း ပြောကြားပါတယ်။ တနယ်မြေထဲမှာ တဖွဲ့ရှိနေတာကို တခြားအဖွဲ့ကမသိရှိတဲ့အတွက်ကြောင့် နယ်မြေခံလူထုကို ထိထိရောက်ရောက် အကျိုးပြုနိုင်ခြင်း မရှိပုံကို သူက ထောက်ပြပါတယ်။

အဲဒါကြောင့် INGO အဖွဲ့တွေအချင်းချင်း ပူပေါင်းဆောင်ရွက်သင့်ကြောင်း၊ ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း နောက်ပြီး ဒီအဖွဲ့တွေရဲ့ လုပ်ငန်းအစီစဉ်တွေကို ဗဟိုကနေ တာဝန်ယူပြီး ညှိနှိုင်း လမ်းညွှန်ပေးတဲ့ အဖွဲ့တစ်ဖွဲ့ ရှိသင့်ကြောင်း သူကအကြံပြုပါတယ်။

ဒီအခြေအနေတွေကို ထောက်ထားပြီး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေ နိုင်ငံတကာအဖွဲ့အစည်းတွေနှင့် NGO / INGO လုပ်ကိုင်နေကြတဲ့ အစီအစဉ်များနှင့် စီမံကိန်းများကို လေ့လာသုံးသပ်အပ်ပါတယ်။ နှစ်ဖက်စလုံး အကျိုးရှိပြီး မြန်မာနိုင်ငံအတွင်း လူမျိုးရေးအုပ်စုတွေရဲ့ ကောင်းကျိုးအတွက် အထောက်အကူပြုမည့် လုပ်ငန်းအစီအစဉ်များ စွာရှိကြောင်း အထင်အရှားတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးအောင် အကူအညီပေးနေကြတဲ့ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် NGO / INGO တွေကို စနစ်တကျ ဖွဲ့စည်းပေးပြီး လမ်းညွှန်မှုပေးမယ်ဆိုလျှင် ပိုပြီးထိရောက်တဲ့ အကျိုးရလဒ်တွေ ထွက်ပေါ်လာမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံက ဒီအဖွဲ့အစည်းတွေရဲ့ ထောက်ပံ့ကူညီမှုတွေကို ကြိုဆိုပါတယ်။ ဒီပူးပေါင်းဆောင်ရွက်မှုအစီအစဉ်တွေနဲ့ စီမံကိန်းတွေ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရေးအတွက် မြန်မာနိုင်ငံဘက်က ပူးပေါင်းဆောင်ရွက်ပြီး ထောက်ခံသွားပါလိမ့်မယ်။ ပိုမိုထိရောက်သော အကျိုးရလဒ်များ ထွက်ပေါ်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ပိုမိုချောမွေ့ပြီး စနစ်တကျ အကောင်အထည်ဖော်နိုင်အောင် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် လမ်းညွှန်ချက်များကို ရှင်းလင်းတင်ပြလိုပါတယ်။

အစီစဉ်လမ်းညွှန်ချက်များမှာ ဦးတည်ချက်၊ အဆိုပြုချက်၊ အခြေခံ ပူပေါင်းဆောင်ရွက်မှု သဘောတူညီချက်ရရှိရေးအဆိုပြုချက်၊ စီမံကိန်ပမာဏ သဘောတူညီချက်ရရှိရေး အဆိုပြုချက်နှင့် အကောင်ထည်ဖော်ရေး သဘောတူညီချက်များရရှိရေး အဆိုပြုချက်များ အကျုံးဝင်ပါသည်။

အစီအစဉ်လမ်းညွှန်ချက်များရဲ့ ဦးတည်ချက်များက အောက်ပါအတိုင်းဖြစ်ပါသည်။

– အမျိုးသားအကျိုးစီးပွားကို မြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန်။
– နိုင်ငံတော်အချုပ်အခြာအာဏာကို ထိပါးခြင်းအား တားဆီးရန်။
– နိုင်ငံတော်အပေါ် နှောင်ကြိုးကင်းသော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်။
– နိုင်ငံတော်၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန် အလို့ငှာ မှန်ကန်သောလမ်းကြောင်းမှ မသွေဖီရေး လမ်းညွှန်ချက်ပေးပြီး လိုအပ်သော အကူအညီများပေးကာ ပူပေါင်းဆောင်ရွက်ရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးများပြုလုပ်ရန်။

## ပဏာမညှိနိုင်းဆောင်ရွက်မှု

– ပူပေါင်းဆောင်ရွက်ရေး အစီအစဉ်နှင့်ပတ်သက်၍ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် NGO / INGO အဖွဲ့များအကြား

ပဏာမ ညှိနှိုင်းဆောင်ရွက်မှုကို အမျိုးသားစီမံကိန်းနှင့် စီပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန က ပြုလုပ်ရမည်။

– စီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူရမည်။

## အခြေခံသဘောတူညီချက်အတွက်အဆိုပြုချက်

ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့စည်းများ နိုင်ငံတကာအဖွဲ့စည်းများ NGO / INGO အဖွဲ့များအကြား လက်မှက်ရေးထိုးမည့် ပူးပေါင်းဆောင်ရွက်ရေး အခြေခံသဘောတူညီချက် မူကြမ်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီးဌာနသို့ တင်ပြရမည်။

## စီမံကိန်းအဆိုပြုချက်

– ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် NGO / INGO အဖွဲ့များတို့နှင့် ပူးပေါင်းဆောင်ရွက်ပြီး အကောင်အထည်ဖော်မည့် စီမံကိန်းအဆိုပြုချက်မှန်သမျှကို ယင်းသက်ဆိုင်ရာ အဖွဲ့အစည်းက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနသို့ တင်ပြရမည်။
– မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် စီမံကိန်းအဆိုပြုချက်သည် အစီအစဉ်လမ်းညွှန်ချက်များ၏ ဦးတည်ချက်များနှင့် ကိုက်ညီမှုရှိရမည်။ အကယ်၍ ကိုက်ညီချင်းမရှိပါက အဆိုပြုချက်ကို ပြင်ဆင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးရမည်။
– အကယ်၍ NGO / INGO အဖွဲ့ကဏ္ဍပေါင်းစုံ အကျုံးဝင်သော နားလည်လက်ခံကြောင်း မှတ်တမ်းလွှာမူကြမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြပါက သက်ဆိုင်ရာဝန်ကြီးဌာနသည် ယင်းမူကြမ်းကို စိစစ်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဌာနသို့ လွှဲပေးရမည်။

## နားလည်လက်ခံကြောင်း မှတ်တမ်းလွှာအတွက် အဆိုပြုချက်

– NGO / INGO အဖွဲ့များအနေဖြင့် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် စီမံကိန်းနှင့်ပတ်သက်၍ ရေးဆွဲသော နားလည်လက်ခံကြောင်း မှတ်တမ်းလွှာမူကြမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးပြီးနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနသို့ တင်ပြရမည်။
– မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် စီမံကိန်းနှင့် ပတ်သက်၍ ရေးဆွဲသော ‘နားလည်လက်ခံကြောင်း မှတ်တမ်းလွှာမူကြမ်း’ သည် စီမံကိန်းလမ်းညွှန်ချက်၏

ဦးတည်ချက်များနှင့် ကိုက်ညီရမည်။ အကယ်၍ မကိုက်ညီပါက ပြန်လည်ပြင်ဆင်ရေးဆွဲရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းရမည်။

– အကယ်၍ NGO / INGO အဖွဲ့က ကဏ္ဍပေါင်းစုံ အကျုံးဝင်သော နားလည်လက်ခံကြောင်း မှတ်တမ်းလွှာမူကြမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ တင်ပြပါက သက်ဆိုင်ရာဝန်ကြီးဌာနသည် ယင်းမူကြမ်းကို စိစစ်ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနသို့ လွှဲအပ်ရမည်။

## အကောင်အထည်ဖော်ရေးစီစဉ်ဆောင်ရွက်ခြင်း

– အခြေခံသဘောတူညီချက် စီမံကိန်းအဆိုပြုချက်နှင့် နားလည်လက်ခံကြောင်း မှတ်တမ်းလွှာများ လက်မှတ်ရေးထိုးခြင်း။
– ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့စည်းများ နိုင်ငံတကာအဖွဲ့စည်းများအကြား ရရှိသော အခြေခံသဘောတူညီချက်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီးဌာနက အစိုးရကိုယ်စား လက်မှတ်ရေးထိုးရမည်။
– နားလည်လက်ခံကြောင်း မှတ်တမ်းလွှာနှင့် ဝန်ကြီးဌာနပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတို့ အကျုံးဝင်သော စီမံကိန်းအဆိုပြုချက်တို့ကို အမျိုးသားစီမံကိန်းနှင့် စီပွားရေးဖွံ့ဖြိုးမှု ဝန်ကြီးဌာနက လက်မှက်ရေးထိုးရမည်။
– အကယ်၍ နားလည်လက်ခံကြောင်း မှတ်တမ်းလွှာ / စီမံကိန်း အဆိုပြုချက်တို့သည် ဝန်ကြီးဌာနတခုတည်းနှင့် သက်ဆိုင်ပါက ယင်းဝန်ကြီးဌာနက လက်မှတ်ရေးထိုးရမည်။
– နားလည်လက်ခံကြောင်း မှတ်တမ်းလွှာ / စီမံကိန်းအဆိုပြုချက်တွင် အကျုံးဝင်သော တဆင့်ခံ ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးခြင်းမပြုမီ NGO / INGO အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက် ရယူရမည်။

## မှတ်ပုံတင်ခြင်း နှင့် ရုံးများဖွင့်လှစ်ခြင်း

– NGO / INGO တို့သည် ပြည်ထဲရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ရမည့် အဖွဲ့စည်းအား မှတ်ပုံတင်ပြီးမှသာလျှင် ရုံးဖွင့်လှစ်ခွင့်ပြုရမည်။
– ရုံး စတင်ဖွင့်လှစ်ချိန်တွင် NGO / INGO တို့အနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထဲရေးဝန်ကြီးဌာနများတို့အား အကြောင်းကြား အသိပေးရမည်။
– NGO / INGO တို့ မိမိတို့၏ ရုံးများပိတ်ရာတွင်လည်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှု ဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများတို့အား အကြောင်းကြားရန်လိုအပ်ပါသည်။
– NGO / INGO တို့အနေဖြင့် တည်ရှိဆဲလုပ်ထုံးလုပ်နည်းနဲ့အညီ မှတ်ပုံတင်သက်တမ်း တိုးမြှင့်ရေးအတွက် လျှောက်ထားနိုင်ပါသည်။

## ဝန်ထမ်းများခန့်အပ်ခြင်း

- ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ နိုင်ငံတကာအဖွဲ့စည်းများ NGO / INGO အဖွဲ့များ မြန်မာနိုင်ငံတွင် နိုင်ငံတကာဝန်ထမ်းများ ခန့်အပ်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။
- မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားရှိသော ကိုယ်စားလှယ်ရုံးများအတွက် နိုင်ငံတကာဝန်ထမ်းများ ခန့်အပ်ရေးနှင့်ပတ်သက်၍ အဖွဲ့အစည်းများအနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။
- မိမိတို့ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအတွက် နိုင်ငံတကာဝန်ထမ်း ခန့်ထားလိုလျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရယူရမည်။
- မြန်မာနိုင်ငံတွင် လုပ်ကိုင်လျက်ရှိသော နိုင်ငံတကာဝန်ထမ်းနှင့် ဒေသခံဝန်ထမ်းတို့၏ စာရင်းများကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးအပ်ရမည်။

## ပြည်တွင်းခရီးသွားလာမှု

- အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနနှင့် နားလည်လက်ခံကြောင်းမှတ်တမ်းလွှာ၊ စီမံကိန်းအဆိုပြုချက် လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများ၏ သက်ဆိုင်ရာဌာနချုပ်မှ အရာရှိများအတွက် ခရီးသွားလာရေးအစီအစဉ်နှင့် ခရီးသွားလာရေးအတွက် လိုအပ်သော ခွင့်ပြုချက်များ ရရှိရေးအတွက် ဤဝန်ကြီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးရမည်။ ခရီးသွားလာရာတွင် ဤဝန်ကြီးဌာနမှ အရာရှိများ အတူလိုက်ပါရမည်။
- အကယ်၍ နားလည်လက်ခံကြောင်းမှတ်တမ်းလွှာ စီမံကိန်းအဆိုပြုချက်တို့ကို အခြားဝန်ကြီးဌာနများနှင့် လက်မှတ်ရေးထိုးသည်ဆိုပါက ယင်းဝန်ကြီးဌာနက အဖွဲ့အစည်းများ၏ သက်ဆိုင်ရာ ဌာနချုပ်မှအရာရှိများအတွက် ခရီးသွားလာရေးအစီအစဉ်နှင့် ခရီးသွားလာရေးအတွက် လိုအပ်သော ခွင့်ပြုချက်များ ရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည်။ မြန်မာအစိုးရ အရာရှိများ ခရီးသွားလာရာတွင် အတူလိုက်ပါရမည်။
- အကယ်၍ ခရီးသွားမည့် ပုဂ္ဂိုလ် / ဝန်ထမ်းသည် မြန်မာနိုင်ငံတွင် လုပ်ကိုင်ဆောင်ရွက်နေသော ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်း၊ NGO / INGO စသည့် အဖွဲ့အစည်းများမှ ဖြစ်သည်ဆိုလျှင် စီမံကိန်းအတွက် တာဝန်ရှိသော ဝန်ကြီးဌာနက ခရီးသွားလာရေးအစီအစဉ်နှင့် ပတ်သက်၍လည်းကောင်း၊ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံမှ လိုအပ်သော ခွင့်ပြုချက်ရရှိရေးအတွက် လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးရမည်။ မြန်မာနိုင်ငံအစိုးရ အရာရှိများ ခရီးသွားလာရာတွင် အတူလိုက်ပါရမည်။

## စီမံခန့်ခွဲမှု

- ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် NGO/ INGO အဖွဲ့များတို့နှင့် သဘောတူညီချက် လက်မှတ်ရေးထိုးသော သက်ဆိုင်ရာဝန်ကြီးဌာနသည် စီမံကိန်းအတွက် လိုအပ်သော စက်ကိရိယာပစ္စည်းများ၊ မော်တော်ယာဉ်များ တင်သွင်းရေးနှင့် ပတ်သက်သော ကိစ္စရပ်များတွင်လည်းကောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်း၏ ဌာနချုပ်မှ အရာရှိများ ကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်ခွင့်ပြီဇာများ ရရှိရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရမည်။
- စီမံကိန်းများ ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဗဟိုညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းရမည်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးက ၎င်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူရမည်။ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဌာနဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌတာဝန်ယူကြရမည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဒုတိယဝန်ကြီးများက အဖွဲ့ဝင်များဖြစ်ကြပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၎င်းကော်မတီ၏ အတွင်းရေးမှူးတာဝန်ယူရမည်။ နိုင်ငံခြား စီးပွားဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ်က တွဲဘက်အတွင်းရေးမှူးတာဝန် ထမ်းဆောင်ရမည်။
- ဗဟို ညှိနှိုင်းရေးကော်မတီအစည်းအဝေး သုံးလတကြိမ် ကျင်းပရမည်။ လိုအပ်လျှင် အထူးအစည်းအဝေး ကျင်းပရမည်။
- ဗဟိုညှိနှိုင်းရေးကော်မတီနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ နိုင်ငံတကာ အဖွဲ့အစည်းများ NGO/ INGO အဖွဲ့အစည်းများအကြား သုံးလတကြိမ် အစည်းအဝေးကျင်းပရမည်။
- ဗဟိုအဆင့်တွင် ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့်၊ စီမံကိန်းများ ချောမွေ့အောင်မြင်စွာ အကောင်အထည်ဖော်ရေးကို အထောက်အကူပြုရမည်။
- သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် တလတကြိမ် သို့မဟုတ် နှစ်လတကြိမ် ညှိနှိုင်းရေးအစည်းအဝေး ကျင်းပရမည်။
- ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အဆင့်တို့တွင် ပြည်နယ်၊ တိုင်းနှင့် မြို့နယ်အဆင့် ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းရာတွင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း မြို့နယ်၏ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သက်ဆိုင်ရာဌာနများမှ အရာရှိများက အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ကြရမည်။ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် စီမံကိန်းအရာရှိက ညှိနှိုင်းရေးကော်မတီ၏ အတွင်းရေးမှူးတာဝန် ထမ်းဆောင်ရမည်။
- ပြည်နယ်၊ တိုင်း၊ မြို့နယ် ညှိနှိုင်းရေးကော်မတီများသည် NGO/ INGO အဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်ပေးရန် တာဝန်ရှိသကဲ့သို့ အစိုးရဌာနများ၊ လူမှုရေးအုပ်စုများတို့နှင့်လည်း ညှိနှိုင်းဆောင်ရွက်ရန် တာဝန်ရှိသည်။
- စီမံကိန်းများအကောင်အထည်ဖော်လုပ်ကိုင်မည့် အဖွဲ့အစည်းများမှ အသင်းခေါင်းဆောင်၊ ပြည်နယ်၊ တိုင်း၊ မြို့နယ်တခုခုသို့ ရောက်ရှိတိုင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ညှိနှိုင်းရေးကော်မတီထံ အကြောင်းကြားမည်။

- ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် NGO/ INGO အဖွဲ့များအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာ၏ ဘောင်မဝင်သော လုပ်ငန်းများလုပ်ဆောင်ခြင်းကို ရှောင်ကြဉ်ကြရမည်။ အကယ်၍ မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းဆောင်တာ၏ ဘောင်ပြင်ပမှ လုပ်ငန်းဆောင်တာ ဆောင်ရွက်ရန် လိုအပ်သည်ဆိုပါက သက်ဆိုင်ရာ ဝန်ကြီးဌာနထံမှ ကြိုတင်ခွင့်ပြုချက် တောင်းခံနိုင်သည်။
- ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် NGO/ INGO အဖွဲ့များအနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာနထံသို့လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများသို့လည်းကောင်း၊ လစဉ် အစီရင်ခံစာ နှင့် သုံးလပတ် အစီရင်ခံစာများ ပေးပို့တင်ပြကြရမည်။
- အကယ်၍ အဆိုပြုသော တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းဆောင်တာများသည် ပမာဏအတိုင်းအတာအားဖြင့် ကြီးမားပြီး၊ အခြားဝန်ကြီးဌာနတခုခုနှင့် သက်ဆိုင်သည်ဆိုပါက ဆောင်ရွက်မည့် လုပ်ငန်းဆောင်တာများကို တရားဝင် ပြန်လည်ပြင်ဆင်ရေးဆွဲရမည်။ အကယ်၍ အခြားဝန်ကြီးဌာနတခုခုနှင့် သက်ဆိုင်သော တာဝန်ယူ ဆောင်ရွက်ရမည့် လုပ်ငန်း၏ ပမာဏ မကြီးမားပါက ယင်းသက်ဆိုင်သော ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ရယူပြီး ဆောင်ရွက်နိုင်သည်။
- အစီအစဉ် လမ်းညွှန်ချက်များနှင့်ကိုက်ညီစွာ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် NGO/ INGO အဖွဲ့အစည်းများ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျှင် ညှိနှိုင်းဆောင်ရွက်လျှင် လုပ်ငန်းဆောင်တာများ ပိုမိုအဆင်ပြေ ချောမွေ့စွာဖြင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီး ပိုမိုကောင်းမွန်သော အကျိုးရလဒ်များ ရရှိနိုင်ပါသည်။
- မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်များ ဆောင်ရွက်လိုသော အဖွဲ့အစည်းများအနေဖြင့် အစီအစဉ် လမ်းညွှန်ချက်များကို လိုက်နာကြရမည်။
- မြန်မာနိုင်ငံတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသော အဖွဲ့အစည်းအတော်များများ အနေဖြင့် မိမိတို့၏ လုပ်နည်းလုပ်ဟန်များကို ပြောင်းလဲရန် ယခုလောလောဆယ် လိုအပ်သေးပုံမရပါ။ သို့သော် အစီအစဉ် လမ်းညွှန်ချက်နှင့် ကိုက်ညီခြင်းမရှိသော လုပ်နည်းလုပ်ဟန်များရှိပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းတိုင်ပင်ပြီး အစီအစဉ် လမ်းညွှန်ချက်နှင့် ကိုက်ညီအောင် ပြင်ဆင်ကာ လုပ်ကိုင်ကြရမည်။ မှတ်ပုံမတင်ရသေးသော NGO/ INGO အဖွဲ့များအနေဖြင့် မှတ်ပုံတင်ရန်လိုအပ်ပါသည်။
- ထူးခြားသော အခြေအနေများတွင် လုပ်ငန်းချောမွေ့စွာ အကောင်အထည်ဖော်ရေးကို ရှေးရှု၍ သက်ဆိုင်ရာဝန်ကြီးဌာနက အခြေအနေကို လက်ခံစဉ်းစားနိုင်သည်။

---

ဤဆောင်းပါးသည် ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ထုတ် "Legal Journal on Burma" No.24 တွင် ဘီကေဆင်းရေးသားသော "SPDC's assault on humanitarian assistance" ဆောင်းပါးကို မောင်သုဝဏ္ဏ (နယူးဒေလီ) မှ ဘာသာပြန် ဖော်ပြခြင်းဖြစ်သည်။

---

ဤနေရာမှ ဖြတ်ပါ

# စာစောင်မှာယူခြင်း

အခြေခံဥပဒေရေးရာစာစောင် အမှတ် (၂၅)

သို့၊
ဖြန့်ချိရေးတာဝန်ခံ
အခြေခံဥပဒေရေးရာစာစောင်
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာ အတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်

အမည် ______________________

ရက်စွဲ ______________________

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါအချက်အလက်များတင်ပြပေးရန် ပန်ကြား အပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)

______________________________________

စာစောင်မှာယူသည့် ရည်ရွယ်ချက်၊

______________________________________

______________________________________

မှာယူလိုသည့် စာအုပ်အရေအတွက် (                ) အုပ်၊
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက –
အမှတ်စဉ် (                        )၊ အုပ်ရေ (                        ) အုပ်၊

စာအုပ်ပေးပို့ရမည့်လိပ်စာ ______________________

______________________________________

______________________________________

ဤအမှာစာကို –
Burma Lawyers' Council, P.O. Box 14 Ngam Wong Won P.O , Nonthaburi 11001, Thailand သို့လည်းကောင်း၊ Fax (02) 591 5839 သို့လည်းကောင်း ပေးပို့ရန်။

ဤစာရွက်ကို ဆုတ်ဖြဲ၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ပါရန်။